# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလကွယ် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၃၇၂)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြား




တိုကျို အောက်တိုဘာ ၈

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲပိုင်းတွင် ASEAN-Japan Centre က ကြီးမှူးကျင်းပသည့် မြန်မာ့ပိုးထည် မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် မိန့်ခွန်း ပြောကြားသည်။**

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ASEAN- Japan Center သို့ရောက်ရှိရာ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe၊ Daimatsu ဥက္ကဋ္ဌ Mr. Keiji Fujii၊ အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Mr. Masataka Fujita နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။**

သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe၊ Daimatsu ဥက္ကဋ္ဌ Mr. Keiji Fujii နှင့် အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Mr. Masataka Fujita တို့က မြန်မာ့ပိုးထည် မြှင့်တင်ရေး အခမ်းအနား (Myanmar Silk Promotion Event)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့ပိုးထည်များဖြင့် ဖန်တီးချုပ်လုပ်ထားသည့် ဝတ်စုံများကို လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ASEAN- Japan Centre မှ တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻







မြန်မာ့အလင်း

# အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုသည်မှာ လူတို့၏ အသိဉာဏ်ဖြင့် ဖန်တီးပြုလုပ်လိုက်သည့် ဆန်းသစ်တီထွင်မှုများက ဖြစ်ပေါ်လာသော အကျိုးစီးပွားတို့ကို မူရင်းတီထွင်ဖန်တီးသူက ခံစားပိုင်ခွင့်ရရှိရေး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်သည် ဈေးကွက်စီးပွားရေးစနစ်၌ ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်နေသည်မှာ ပေါ်လွင်ထင်ရှားပါသည်။ အဆိုပါအခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသည် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါသည်။

ပစ္စုပ္ပန်အခြေအနေ၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကို အကောင်အထည်ဖော် ကာကွယ်ရန် ၁၉၀၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်း အက်ဥပဒေနှင့် ၁၉၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မြန်မာမူပိုင်ခွင့် အက်ဥပဒေအပါအဝင် တခြားသော ဆက်စပ်ဥပဒေများဖြင့် ဆောင်ရွက်နေရပါသည်။ ဤဥပဒေတို့သည် နိုင်ငံတော်၏ မျက်မှောက်ပကတိ လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိမည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဟူသော ဥပဒေမူကြမ်းလေးရပ်ကို အတည်ပြုနိုင်ရန် လွှတ်တော်များတွင် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ အဆိုပါ ဥပဒေမူကြမ်းလေးရပ်ကို ပြည်သူ့လွှတ်တော်က ဆွေးနွေးအတည်ပြုပြီးဖြစ်သော်လည်း အမျိုးသားလွှတ်တော်က ဆွေးနွေးအတည်ပြုရန် ကျန်နေပါသေးသည်။

အထက်၌တင်ပြထားသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းလေးရပ်ကိုသာ ဥပဒေများအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးစီးပါက တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ပစ္စုပ္ပန်အနေအထား၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေတို့၏ အကာအကွယ်မရှိခြင်းကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တို့၏ တီထွင်ဖန်တီးမှုတို့ကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်စွမ်းမရှိ ဖြစ်ရပါသည်။ တစ်ဖန် နိုင်ငံခြားမှ တင်သွင်းလာသည့် ကုန်ပစ္စည်းအမှတ်တံဆိပ်တို့အတွက်လည်း အာမခံချက်မရှိ ဖြစ်နေပါသည်။ ဤအချက်က နိုင်ငံခြားကုမ္ပဏီတို့၏ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုစိတ်ကို ဟန့်တားနေပါသည်။ သို့ဖြစ်ပါ၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ ကင်းမဲ့နေခြင်းက ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တို့အတွက် အနှောင့်အယှက် အဟန့်အတားတစ်ရပ် ဖြစ်နေပါသည်။ ဤအနှောင့်အယှက် အဟန့်အတားကို ကျော်လွှားနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများက ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်၍ မကြာမီ အတည်ပြုပြဋ္ဌာန်းနိုင်တော့မည် ဖြစ်ပါသည်။ အဆိုပါဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးစီးပါက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာရုံးတစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး ဤရုံးက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တို့ကို ကာကွယ်စောင့်ရှောက် ဖော်ဆောင်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်ရေးဆိုင်ရာဥပဒေများ ပေါ်ပေါက်ရေး ကြိုးပမ်းမှုတို့ကို လေးလေးနက်နက် ကြိုဆိုဂုဏ်ပြုပါကြောင်း တင်ပြအပ်ပါသည်။ ။

## မိမိ၏ရည်မှန်းချက်ခေါင်းစဉ်ဖြင့် စိတ်ကူးပုံဖော် ပန်းချီပြိုင်ပွဲကျင်းပ

**ချောင်းဆုံ အောက်တိုဘာ ၈**

ချောင်းဆုံမြို့နယ် လူထုအခြေပြုဗဟိုဌာနသို့ လာရောက်ကြသည့် စာဖတ်ပရိသတ်များအား မိမိ၏ရည်မှန်းချက်ခေါင်းစဉ်ဖြင့် စိတ်ကူးပုံဖော်ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကလေးစာဖတ်ခန်း၌ ကျင်းပသည်။ ကလေးငယ်များ မိမိ၏ဝါသနာ စိတ်ကူးများကို ရဲရဲဝံ့ဝံ့ ပုံဖော်ဆောင်ရွက်နိုင်စေရန်နှင့် မိမိခံစားချက်များ၊ အခက်အခဲများကို ပန်းချီရေးဆွဲခြင်းဖြင့် ဖော်ထုတ်ပြသနိုင်ရန်အတွက် ပြုလုပ်ပေးခြင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ဘုန်းတော်ကြီးသင် ကျောင်းသားများအတွက် လှူဒါန်း

**တနင်္သာရီ အောက်တိုဘာ ၈**

မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကော့မပြင်းကျေးရွာအုပ်စု-ဖိုးကျွန်း(ဒေသခေါ် ရွှေကျွန်း) ရှိ ဘုန်းတော်ကြီးပညာသင်ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ၃၆ ဦးတို့အတွက် လေးရောင်ခြယ် ပရဟိတလူငယ်များအဖွဲ့မှ အဖွဲ့ဝင်များက ယမန်နေ့က ဘုန်းတော်ကြီးပညာသင်ကျောင်းခန်းအတွင်း၌ ၂၄ ပြည်ဝင် ဆန် ၁၀ အိတ်၊ လေးဦးထိုင် သံဖရိန်ခုံတန်းရှည် ငါးခုံ၊ ကျောင်းရှိ KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူ၃၆ ဦးတို့အတွက် ခြင်ထောင် ၃၆ လုံး၊ ဗလာစာအုပ်ငါးဒါဇင်နှင့် ဘောလ်ပင် ၁၀၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြင်းခြံမြို့ သုံးဆူဘုရားများ ဧရာဝတီမြစ်အတွင်း ပင့်ဆောင်ရေသဘင်ဖွယ်သည့် ရေဖောင်ပွဲကျင်းပ

**မြင်းခြံ အောက်တိုဘာ ၈**



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်လုံးဆိုင်ရာ သုံးဆူဘုရားများဖြစ်သည့် ဖောင်တော်ဦးရုပ်ပွားတော်၊ ရှင်ပင်ရေပေါ်ရုပ်ပွားတော်၊ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်များကို ဧရာဝတီမြစ်အတွင်း ပင့်ဆောင်ပြီး ရေသဘင်ဖွယ်သည့် ရေဖောင်ပွဲကို ယနေ့နံနက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးဆူသောဘုရားများ ကိန်းဝပ်စံပယ်ရာကျောင်းတော်မှ သပြေပင်အရပ်၊ တောင်အောင်ပန်းအရပ်၊ မြောက်အောင်ပန်းအရပ်မှ ဥပါသကာများက ဝေါယာဉ်များဖြင့် ဆိပ်ကမ်းသို့ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ပင့်ဆောင်ခဲ့ကြပြီး ဆိပ်ကမ်းတွင် အသင့်ရှိနေသော မော်တော်များပေါ် ပြောင်းရွှေ့ကာ ဧရာဝတီမြစ်ဆီသို့ သွားရောက်ခဲ့ကြသည်။

ဧရာဝတီမြစ်သို့ရောက်ရှိသည့်အခါ သုံးဆူဘုရားများကို ရေသဘင်ဖွယ်ပူဇော်ခြင်း (ခေါ်) ရေဖောင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြပြီး ပြန်လည်ပင့်ဆောင်ကာ တစ်ညတာကိန်းဝပ်မည့် သပြေပင်အရပ်၊ တောင်အောင်ပန်းအရပ်၊ မြောက်အောင်ပန်းအရပ်များရှိ ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည် ။

သုံးဆူဘုရားများ ဧရာဝတီမြစ်အတွင်း ပင့်ဆောင်ရေသဘင်ဖွယ်သည့် ရေဖောင်ပွဲတွင် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက လိုက်ပါပူဇော်ခဲ့ကြပြီး လမ်းတစ်လျှောက်နှင့် ဧရာဝတီမြစ်အတွင်း ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များကလည်း လိုက်လံစောင့်ရှောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ အကောင်အထည်ဖော်ရန်အတွက် ညွှန်ကြားချက်(မူကြမ်း)များ ဖြန့်ဝေခြင်းနှင့် ပဏာမရှင်းလင်းခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအား အကောင်အထည်ဖော်ရန် ညွှန်ကြားချက် (၅) ရပ်အား ဆက်လက်ထုတ်ပြန်ရန်ရှိသဖြင့် တရားဝင်ထုတ်ပြန်ခြင်းမပြုမီ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့အား ဖိတ်ကြား၍ အောက်ပါညွှန်ကြားချက် (မူကြမ်း)များ ဖြန့်ဝေခြင်းနှင့် ပဏာမရှင်းလင်းခြင်း အခမ်းအနားကို ယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ညွှန်ကြားချက် (၅)ရပ် (မူကြမ်း)များအား မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် Soft Copy CD ဖြန့်ဝေခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအား အကောင်အထည်ဖော်ရန် ဘဏ်များ အားကောင်းခိုင်မာမှုဆိုင်ရာများဖြစ်သည့် မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရရန်ပိုင်ခွင့်များ အမျိုးအစား သတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်းနှင့် ငွေကြေးလွယ်ကူမှု အချိုးသတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းဟူ၍ စည်းမျဉ်း (၄) ရပ်ကို ၇-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဆက်လက်ထုတ်ပြန်မည့် ညွှန်ကြားချက် (၅)ရပ်အပေါ် မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသည် မိမိတို့နှင့် သက်ဆိုင်သည့် ညွှန်ကြားချက် (မူကြမ်း)များနှင့် စပ်လျဉ်းသည့် အကြံပြုချက်များကို အောက်တိုဘာ ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပြန်ကြားရမည်ဖြစ်သည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အဆိုပါ အကြံပြုချက်များကို ညှိနှိုင်းရေးဆွဲပြီးနောက် ညွှန်ကြားချက် (နောက်ဆုံးမူကြမ်း)အား ယခုအစည်းအဝေး တက်ရောက်သည့် အဖွဲ့အစည်းများနှင့် ရှင်းလင်းသည့် အစည်းအဝေးကို ထပ်မံပြုလုပ်၍ ညွှန်ကြားချက်(၅)ရပ်ကို ထုတ်ပြန်သွားမည်ဖြစ်သည်။

အဆိုပါ ညွှန်ကြားချက် (၅)ရပ် ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာမှ ကျင့်သုံးနေသည့် စံနှုန်းများအရ ဆောင်ရွက်နိုင်စေရန်နှင့် ဘဏ်များအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ် တိုးတက်ဖွံ့ဖြိုးလာစေရန်တို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၏ ခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ New Komeito Party ခေါင်းဆောင်၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်၊ JETRO ၏ Chairman and CEO နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

တိုကျို အောက်တိုဘာ ၈

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဂျပန်နိုင်ငံ New Komeito Party ခေါင်းဆောင် Mr. Yamaguchi Natsuo၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr. Yohei Sasakawa၊ JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး Mrs. Akie Abe တို့အား သီးခြားစီလက်ခံတွေ့ဆုံသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ Komeito Party ခေါင်းဆောင် Mr. Yamaguchi Natsuo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တိုကျိုမြို့ရှိ Hotel New Otani Tokyo ၌ လက်ခံ တွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် Mr. Yamaguchi Natsuo တို့ တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ Komeito Party ခေါင်းဆောင် Mr. Yamaguchi Natsuo အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်ဖြစ်သူ Mr. Yohei Sasakawa ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့အား ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အဆိုပါဟိုတယ်၌ လက်ခံ တွေ့ဆုံသည်။

**မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆွေးနွေး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Mr. Yohei Sasakawa တို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ နှင့် အနာဂါတ်ကြီးရောဂါ ပပျောက်ရေးလုပ်ငန်း စဉ်များ တိုးတက်အောင်မြင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြ သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံ အစိုးရ၏ အထူးကိုယ်စားလှယ်ဖြစ်သူ Mr. Yohei Sasakawa အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် Meiji Kinen-kan ၌ တွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Mr. Hiroyuki Ishige တို့တွေ့ဆုံစဉ် Mr. Hiroyuki Ishige က JETRO အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်း ရှင်များကို အထောက်အကူပြုလျက်ရှိ ကြောင်း၊ မြန်မာနိုင်ငံတွင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍနှင့် ရေထွက်ပစ္စည်းကဏ္ဍတို့သည် အလား အလာကောင်းများ အများအပြားရှိနေ သဖြင့် ဂျပန်ကုမ္ပဏီများက သွားရောက် လုပ်ကိုင်လျက်ရှိကြောင်း။

**ရင်းနှီးမြှုပ်နှံမှုပမာဏ စံချိန်တင်**

သီလဝါစက်မှုဇုန်တွင်လည်း စီးပွား ရေးကုမ္ပဏီပေါင်း ၁၀၀ နီးပါး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ သီလဝါ စက်မှုဇုန်၌ လက်ရှိတွင် အလုပ်အကိုင် ပေါင်း ၁၀၀၀၀ ကျော် ဖန်တီးပေးနိုင် ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးမှုများကြောင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ သွားရောက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် စံချိန်တင် များပြားခဲ့ကြောင်း။

ယခုအခါ ဂျပန်နှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းပြီး Japonica ဆန်အမျိုးအစား တစ်မျိုးကို မြန်မာနိုင်ငံတွင် စမ်းသပ် စိုက်ပျိုးပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ ရောင်းချရန် လုပ်ဆောင်လျက်ရှိ ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှ ဒေသတွင် အလားအလာကောင်းများရှိ သည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံ တွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Ichiro Maruyama၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီး ချုပ်၏ ဇနီး Mrs. Akie Abe နှင့် Hotel New Otani Tokyo ၌ တွေ့ဆုံသည်။

**သတင်းစဉ်**

- ❑ **သီလဝါစက်မှုဇုန်တွင်လည်း စီးပွားရေးကုမ္ပဏီပေါင်း ၁၀၀ နီးပါး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်၊ သီလဝါစက်မှုဇုန်၌ လက်ရှိတွင် အလုပ်အကိုင်ပေါင်း ၁၀၀၀၀ ကျော် ဖန်တီးပေးနိုင်**
- ❑ **ဂျပန်နှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းပြီး Japonica ဆန်အမျိုးအစားတစ်မျိုးကို မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန် လုပ်ဆောင်လျက်ရှိ**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး Mrs. Akie Abe နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

✻ *ရှေ့ဖုံးမှ*

အာဆီယံ-ဂျပန် စင်တာကို ၁၉၈၁ ခုနှစ် မေ ၂၅ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၌ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Myanmar Investment Conference "Strengthening the Bond Between Myanmar and Japan" အခမ်းအနားကျင်းပမည့် Meiji Kinenkan သို့ ရောက်ရှိရာ JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် Vice President ဖြစ်သူ Ms. Yuri Sato တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတက်ရောက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက် ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ (Myanmar Investment Conference-"Strengthening the Bond Between Myanmar and Japan") သို့ တက်ရောက်သည်။

ညီလာခံတွင် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hirofumi Takinami တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ အရေးကြီးသည့် အခမ်းအနားကို စီစဉ်ကျင်းပပေးသည့် ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့ JETRO နှင့် ဂျပန်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအခမ်းအနားသည် လက်ရှိရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ၊ အနာဂတ် ရင်းနှီးမြှုပ်နှံမည့်သူများ၊ လုပ်ငန်းရှင်များနှင့် စီးပွားရေးကဏ္ဍ အသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့်ရအောင် ဖော်ဆောင်ပေးသည့် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါကြောင်း။

**အပြုသဘောဆောင်သည့် ရင်းနှီးမြှုပ်နှံမှု**

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ရင်းနှီးသည့်ဆက်ဆံရေးအပေါ် အခြေခံပြီး ယခုအခမ်းအနားကို တက်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင် အများစုအနေဖြင့် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သော နက်ရှိုင်းပြီး သမိုင်းဝင်ဆက်ဆံရေးမှ တစ်ဆင့် မြန်မာနိုင်ငံကို ကောင်းစွာနားလည်သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံက မကြာသေးခင်က အပြုသဘောဆောင်သည့် ရင်းနှီးမြှုပ်နှံမှု အပြောင်းအလဲအပေါ် စိတ်ဝင်စားမှုရှိကြလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မကြာသေးမီက ပြဋ္ဌာန်းလိုက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေအသစ်သည် ရင်းနှီးမြှုပ်နှံသူများအတွက် အလွန်သင့်မြတ်ကောင်းမွန်သည့် ဥပဒေတစ်ခုဖြစ်ပါကြောင်း။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ Mr. Hideo Watanabe၊ Daimatsu ဥက္ကဋ္ဌ Mr. Keiji Fujii နှင့် အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Mr. Masataka Fujita တို့က မြန်မာ့ပိုးထည် မြှင့်တင်ရေးအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** သတင်းစဉ်

ဥပမာအနေဖြင့် စီးပွားရေးတည်ငြိမ်မှုအတွက် မရှိမဖြစ် လိုအပ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်သည့် အကြီးစားစီးပွားရေးစီမံခန့်ခွဲမှုခိုင်မာစေသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများသည် ထင်သာမြင်သာ မရှိသော်လည်း အကျိုးသက်ရောက်မှုများ ကြီးမားပါကြောင်း။

**အထူးဦးစားပေးကိုင်တွယ်ဖြေရှင်းနေရ**

ရှည်ကြာလှသည့် အထီးကျန်ဘဝမှ ထွက်လာသည့် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်နေဆဲ ပြုပြင်ပြောင်းလဲမှုများသည် သမိုင်းအမွေဟုခေါ်သည့် ပြဿနာများကို အထူးဦးစားပေးကိုင်တွယ်ဖြေရှင်းနေရပါကြောင်း၊ မိမိတို့အနေဖြင့် စိစစ်ဆောင်ရွက်နေဆဲပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်မည်ဆိုလျှင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်အောင် လုပ်ဆောင်ရသည့်အလုပ်သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့ပြည်သူများအတွက် ကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်ရန် မိမိတို့အစိုးရသည် မည်သည့်အခြေအနေမှာပင်ဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက် လုပ်ဆောင်ရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် နိုင်ငံတော်တာဝန်ယူလိုက်စဉ်ကတည်းက မိမိတို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသာမက စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကြား ချိန်ခွင်လျှာမျှအောင် ဖော်ဆောင်ရန် အပြည့်အဝကတိပြုပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အကြီးစားစီးပွားရေးလုပ်ငန်းများအတွက် ပြည်သူ့အကျိုးကို ရည်မျှော်ပြီး ရဲဝံ့စွာဆုံးဖြတ်လုပ်ဆောင်ခဲ့သည့်အပြင် ဆွဲဆောင်မှုနည်းသော်လည်း အခြေခံအားဖြင့် အရေးပါဆဲဖြစ်သည့် လုပ်ငန်းကို ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းများသည် အကြီးစားစီးပွားရေးအခြေအနေများ တည်ငြိမ်ရေး၊ မမျှော်လင့်ဘဲ ကြုံတွေ့ရသည့် စီးပွားရေးအကျပ်အတည်းပြဿနာအပေါ် ခံနိုင်ရည်ရှိရေးနှင့် မိမိတို့၏ စီးပွားရေးစီမံခန့်ခွဲရေး အားကောင်းလာစေရေးအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းများတွင် ၂၀၁၅-၂၀၁၆ ၌ မိမိတို့ ကြုံတွေ့နေရသည့် ငွေဖောင်းပွမှု လျှော့ကျစေရေးလည်း ပါဝင်ပါကြောင်း။

မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ငွေဖောင်းပွမှုကို ၅ ရာခိုင်နှုန်းခန့်အထိ လျှော့ချနိုင်ခဲ့သည့်အတွက် မိမိတို့စီးပွားရေးသည် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ယင်းနှုန်းသည် အာရှနိုင်ငံများအကြား အမြန်ဆုံးတိုးတက်မှုနှုန်းဖြစ်ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံသား တစ်ဦးချင်း ဝင်ငွေသည် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါကြောင်း၊ ထို့အတူ ဆင်းရဲမွဲတေမှုနှုန်းသည်လည်း ၄၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံသည် ယခုနှစ် စောစောပိုင်းကစပြီး ပထမဦးဆုံးအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်သည့် စံသတ်မှတ်ချက်များ ပြည့်မီခဲ့ပါကြောင်း။

အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုတွေ များစွာရရှိနေသည့်တိုင် ပြည်သူများ၏ မျှော်မှန်းချက်များ ဆက်လက်ကြီးမားနေဆဲဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်စရာများ များစွာရှိနေပါသေးကြောင်း။

**အားကောင်းမောင်းသန် ရှိနေမည်ဟု မျှော်လင့်**

မိမိတို့အားလုံးသိပြီးဖြစ်သည့်အတိုင်း ကမ္ဘာ့စီးပွားရေးသည် ဆယ်စုနှစ်တစ်ခုကြာ ဆိုးရွားခဲ့ရာမှ ၂၀၀၈ ခုနှစ်မှစပြီး ပြန်လည်ဦးမော့လာခဲ့ပါကြောင်း၊ ဆယ်နှစ်အကြာ ၂၀၁၈ တွင် ဗဟိုဘဏ်အချို့၏ စီးပွားရေးကျဆင်းမှုကြောင့် ချမှတ်ထားသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းအချို့ကို တဖြည်းဖြည်းဖယ်ရှားရင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ အားကောင်းမောင်းသန် ရှိနေမည်ဟု မျှော်လင့်ရပါကြောင်း။

လွန်ခဲ့သည့် ဆယ်နှစ်ကနှင့်မတူ မြန်မာနိုင်ငံသည် ယခင်ကမကြုံတွေ့ခဲ့ဖူးသည့် ကမ္ဘာ့အကြီးစားစီးပွားရေးပြောင်းလဲမှုများနှင့် ကြုံတွေ့နေရပါကြောင်း၊ ဥပမာ အနေဖြင့် ယခင်ကနှင့်မတူသော စီးပွားရေးအင်အားကြီးနိုင်ငံအချို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ငွေကြေးပိုမိုသုံးစွဲမှုကို တဖြည်းဖြည်းလျှော့ချလိုက်သည့်အတွက် မိမိတို့ နိုင်ငံကဲ့သို့ စီးပွားရေးထွန်းသစ်စနိုင်ငံတစ်နိုင်ငံအပေါ် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ပြီး မလိုလားအပ်သည့် သက်ရောက်မှုများရှိခဲ့ပါကြောင်း။

ကမ္ဘာနှင့်တစ်ဝန်း စိန်ခေါ်မှုများရှိနေသည့်တိုင် ၂၀၁၈ခုနှစ်အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်သည် ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၁၇ စက်တင်ဘာလက မျှော်မှန်းခဲ့သည့်နှုန်းထက် ၀ ဒသမ ၁ ရာခိုင်နှုန်းပိုမိုခဲ့ပါကြောင်း၊ အာရှဒေသစီးပွားရေးကောင်းလာသည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ် စီးပွားရေးအလားအလာသည်လည်း ကောင်းမွန်လာပါကြောင်း။

**သန္နိဋ္ဌာန် ယိမ်းယိုင်မသွား**

မိမိစောစောကပြောခဲ့သလို မြန်မာအစိုးရသည် များပြားရှုပ်ထွေးပြီး တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို သတိထား၍ အကောင်အထည်ဖော် ဆောင်ရွက်နေရပါကြောင်း၊ ပြည်တွင်းပြည်ပ ဖိအားနှင့်အတူ များပြားရှုပ်ထွေးသည့် ပြဿနာများကြားတွင် နိုင်ငံတကာအသိုက်အဝန်း၏ တာဝန်သိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းလုပ်ဆောင်မည်ဆိုသည့် သန္နိဋ္ဌာန်မှာ ယိမ်းယိုင်မသွားပါကြောင်း၊ မြန်မာအစိုးရသည် ၂၀၃၀ အစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချပြီး ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသည် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအတွက် လိုက်လျောညီထွေဖြစ်သည့် လမ်းပြမြေပုံတစ်ခုကို ဖော်ဆောင်မည့် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ပြီးဖြစ်ပါကြောင်း။

မဏ္ဍိုင် ၃ ခု၊ ရည်မှန်းချက် ၅ ရပ်၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းစီမံချက် ၂၅၁ ခုပါဝင်သည့် ထိုစီမံကိန်းသည် မိမိတို့၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် ရှုမြင်နိုင်ပါကြောင်း၊ ယင်းစီမံကိန်းသည် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံတစ်ခု ပေါ်ပေါက်လာရေးအတွက် မိမိတို့၏ မျှော်မှန်းချက်ပင် ဖြစ်ပါကြောင်း။

မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပထမရည်မှန်းချက်သည် နိုင်ငံရေးတည်ငြိမ်မှုအတွက် မရှိမဖြစ်လိုအပ်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုအတွက် လိုအပ်သည့် အကြီးစားစီးပွားရေးစီမံခန့်ခွဲမှုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပထမရည်မှန်းချက်နှင့် ဒုတိယရည်မှန်းချက်သည် အနာဂတ်ဖွံ့ဖြိုးရေးအတွက် အရေးပါဆုံး ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၅ သို့*



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ပိုးထည်များဖြင့် ဖန်တီးချုပ်လုပ်ထားသည့် ဝတ်စုံများကို ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်

မြန်မာနိုင်ငံသည် မကြာသေးသောနှစ်များက နက်နဲရှုပ်ထွေးသည့် အသွင်ကူးပြောင်းမှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအသွင်ကူးပြောင်းမှုများသည် မိမိတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍ အားလုံးအပေါ် သက်ရောက်မှုရှိခဲ့ပါကြောင်း။

**ပြုပြင်ပြောင်းလဲမှုများစွာရှိ**

မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပြီး အချို့ကဏ္ဍများတွင် ထင်ထင်ရှားရှား တွေ့မြင်နေရပါကြောင်း၊ ဥပမာအားဖြင့် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကြောင့် နှစ်အနည်းငယ်အတွင်းတွင် ဆင်းကတ်အသုံးပြုမှု ၁၀၅ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီး စမတ်ဖုန်းအသုံးပြုသူ ၈၀ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပါကြောင်း၊ ထို့အတူ မြင်သာထင်သာမရှိသော်လည်း အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများစွာလည်း ရှိခဲ့ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများသည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကဲ့သို့ အရေးကြီးပါကြောင်း။

*စာမျက်နှာ ၄ မှ*

တတိယရည်မှန်းချက်မှာ အလုပ်အကိုင် ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး စတုတ္ထရည်မှန်းချက်မှာကောင်းမွန်သည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးချဲ့ရေးအပါအဝင် လူသားစွမ်းဆောင်ရည်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း။

သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဖြစ်သည့် ပဉ္စမရည်မှန်းချက်မှာ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲမှုမှတစ်ဆင့် မိမိတို့၏ ကမ္ဘာကြီးကို ကာကွယ်မည်ဆိုသည့် သန္နိဋ္ဌာန်ကိုမီးမောင်းထိုးပြခြင်းဖြစ်ပါကြောင်း။

တတိယရည်မှန်းချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရှင်းလင်းလွယ်ကူသည့် လုပ်ငန်းစံသတ်မှတ်ချက်များဖော်ဆောင်နိုင်ရေးအတွက် လုပ်ငန်းစဉ် အားလုံးကို ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း။

**မြန်မာနှင့် ဂျပန်တို့အကြား ကြီးမားသည့် ပူးပေါင်းဆောင်ရွက်မှု**

ယင်းလုပ်ဆောင်ချက်များသည် ရင်းနှီးမြှုပ်နှံသူနှင့် စီးပွားရေးလုပ်ငန်းရှင်အားလုံးအတွက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ဂျပန်တို့အကြား ကြီးမားသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ ယင်းပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရေမှာရှိနေသည့် အလားအလာများကို မြင်တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

တစ်ဆက်တည်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်မည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးခဲ့သည့် ဂျပန်အစိုးရနှင့် JICA ကို အထူးကျေးဇူးတင်သည်ဟု ပြောကြားလိုပါကြောင်း။

အချိန်တိုအတွင်းအောင်မြင်လျက်ရှိနေသော သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းအမေရိကန် ဒေါ်လာ ၁ ဒသမ ၄၉၁ ဘီလီယံရှိပြီး ဂျပန်၊ အမေရိကန် ပြည်ထောင်စု၊ ဂျာမနီ၊ ပြင်သစ်၊ ဆွီဒင် ၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနိုင်ငံနှင့် တရုတ် (တိုင်ပေ)မှ ရင်းနှီးမြှုပ်နှံမှုများတစ်ဦးချင်းအလိုက် ရင်းနှီးမြှုပ်နှံခဲ့ကြပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုအတွက် စိတ်အားထက်သန်သည့် စီးပွားရေးလုပ်ငန်းရှင် အများအပြားလည်းရှိနေပါသေးကြောင်း၊ ၎င်းရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစေရေး အတွက် Project Bank တစ်ခုကို မိမိတို့ ဖော်ဆောင်နေပါကြောင်း၊ မိမိတို့၏ Project Bankကို တစ်ထိုင်တည်းလုပ်ငန်းဆောင်ရွက်ပေးနိုင်သည့် အွန်လိုင်း ဝန်ဆောင်မှုအဖြစ် မျှော်မှန်းထားပါကြောင်း။

မိမိတို့၏ မိတ်ဆွေဖြစ်သည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများကို မြန်မာနိုင်ငံသို့ ဗီဇာမပါဘဲဝင်ရောက်နိုင်ပြီဆိုသည်ကို ဝမ်းမြောက်စွာဖြင့် သတင်းစကားပါးလိုပါကြောင်း၊ အခွင့်အလမ်းတွေနှင့် ပြည့်လျှမ်းနေသည့် အခြေအနေတစ်ရပ်နှင့် သက်ဝင်လှုပ်ရှားနေသည့် စီးပွားရေးအခြေအနေများကို မိတ်ဆွေတို့၏ မျက်စိနှင့် တပ်အပ်မြင်နိုင်အောင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း။

မိမိသည် အထူးသဖြင့် ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် စိန်ခေါ်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရှုန်းကန်ခဲ့ရမှုများရှိနေသည်ကို ဝန်ခံရမည်ဖြစ်ပါကြောင်း၊ မိမိတို့အခက်အခဲများကိုသိနေသည့်အတွက် ယင်းအချက်များကို မိတ်ဆွေများထံတွင် ဖုံးကွယ်ထားမည်မဟုတ်ဘဲ မိမိတို့၏လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် မိမိတို့နိုင်ငံကို မှီခိုနေသူအားလုံးနှင့် မိမိတို့နိုင်ငံနယ်နိမိတ်အတွင်း နေထိုင်ကြသည့် လူများအားလုံး၏ အကျိုးစီးပွားအတွက် မားမားမတ်မတ်ရပ်တည်မည်ဆိုပါက အောင်မြင်မှုရမည်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးသည် ခွဲခြား၍မရပါကြောင်း၊ ငြိမ်းချမ်းရေးမရှိဘဲ သာယာဝပြောမှုမရနိုင်ပါကြောင်း၊ စီးပွားရေး အခွင့်အလမ်းများရင်းနှီးမြှုပ်နှံမှုများနှင့်အတူ မိမိတို့နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ သဟဇာတဖြစ်ရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအားလုံးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။**

**နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရန်**

မိတ်ဆွေများနှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးရန် လုပ်ဆောင်နေချိန်တွင် မည်သည့်နည်းလမ်းများနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုသည်ကို မိတ်ဆွေများဘက်မှလည်း အသေအချာနားထောင်ပြီး အလေးအနက်စဉ်းစားရန် အရေးကြီးသည်ဟု ထင်ပါကြောင်း၊ ယင်းသို့အလေးအနက်စဉ်းစားရာတွင် မိမိတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်ရေးအပြင် နှစ်နိုင်ငံအကြား ပြည်သူများ၏ ဆက်ဆံရေးမြှင့်တင်ရန်နှင့် ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်ရန်လည်း လိုအပ်ပါကြောင်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀ ကျော်၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

JETRO သည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အသေးစားနှင့် အလတ်စားလုပ်ငန်းဈေးကွက်ရှာဖွေ**

JETRO ကို ၁၉၅၂ ခုနှစ်တွင် အိုဆာကာမြို့တွင် Japan Export Trade Research Organization အနေဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုမျှခြေဖြစ်ရေးအတွက် ပို့ကုန်မြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ သွင်းကုန်နှင့် ပို့ကုန်လုပ်ငန်းများ မြှင့်တင်ခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဈေးကွက်ရှာဖွေခြင်း၊ ဂျပန်နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသူများအား ပံ့ပိုးကူညီပေးခြင်း၊ ဂျပန်နိုင်ငံမှ နိုင်ငံတကာတွင် ရင်းနှီးမြှုပ်နှံမည့်သူများအား ကူညီပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် JETRO ရုံးခွဲများအနေဖြင့် အာရှတွင် ၂၇ ခု၊ ပစိဖိတ်ဒေသတွင် ၂ ခု၊ မြောက်အမေရိကဒေသတွင် ၈ ခု၊ တောင်အမေရိကနှင့် အမေရိကအလယ်ပိုင်းဒေသတွင် ၉ ခု၊ ဥရောပတွင် ၁၄ ခု၊ ရုရှတွင် ၃ ခု၊ အရှေ့အလယ်ပိုင်းဒေသတွင် ၅ ခု၊ အာဖရိကဒေသတွင် ၇ ခု စုစုပေါင်း ရုံးခွဲ ၇၅ ခု ဖွင့်လှစ်ထားကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း စာအုပ်မိတ်ဆက်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းစာအုပ်မိတ်ဆက်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ **(ဃာပုံ)**




စာအုပ်မိတ်ဆက်ပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက “ ယခုစီမံကိန်းဟာ အနှစ် ၂၀ စီမံကိန်း ဖြစ်ပါတယ်။ စီမံကိန်းမှာကာလတို၊ ကာလလတ်၊ ကာလရှည်ရှိပါမယ်။ ကာလတိုကတော့ လက်ရှိအစိုးရစတင်တာဝန်ယူတဲ့ ၂၀၁၆-၂၀၁၇ ကနေ ၂၀၂၀- ၂၀၂၁ အထိ ဖြစ်ပါတယ်။ ကာလလတ်ကတော့ နောက်တစ်ကြိမ် ရွေးကောက်ပွဲက ပေါ်လာမယ့် အစိုးရသက်တမ်းမှာ ဆောင်ရွက်မယ့်စီမံကိန်းဖြစ်ပါတယ်။ ကာလရှည်ကိုတော့ နောက်ပိုင်းမှာ ပေါ်ပေါက်လာမယ့် အစိုးရသက်တမ်းမှာဆောင်ရွက်သွားမယ့်လုပ်ငန်းတွေကို ကာလရှည်စီမံကိန်းလို့ သတ်မှတ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်ပြီး ၎င်းက “ကာလတိုမှာ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ တစ်နှစ်ကို အမေရိကန် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံလျာထားပါတယ်။ ကာလလတ်မှာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံလျာထားပါတယ်။ ကာလရှည်ပထမပိုင်းမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလီယံ မျှော်မှန်းထားပြီး ကာလရှည် ဒုတိယပိုင်း ကာလမှာတော့ ၁၇ ဒသမ ၆ ဘီလီယံရရှိဖို့ ရည်မှန်းချက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်လောက်ပဲလုပ်လုပ် လမ်းပန်းဆက်သွယ်ရေး၊ ဆိပ်ကမ်း၊ လျှပ်စစ်နဲ့ပတ်သက်တဲ့ အခြေခံအဆောက်အအုံတွေမရှိရင် ကျွန်တော်တို့ လုပ်တဲ့လုပ်ငန်းတွေက ခရီးရောက်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီစီမံကိန်းမှာ ဒါတွေကို ထည့်တွက်စဉ်းစားပြီး ဆောင်ရွက်ပါတယ်။ စီမံကိန်းကိုလည်း လက်ရှိဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံရဲ့လိုလားချက်တွေ၊ တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်တွေကိုအခြေခံကာ ကွင်းဆင်းတိုင်းတာလေ့လာဆန်းစစ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်” ဟု ဆက်လက်ပြောကြားသည်။

ထို့ပြင် ကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းနှင့် စပ်လျဉ်းပြီး အသေးစိတ်ရှင်းလင်းပြောကြားသည်။

အလားတူ Japan International Cooperation Agency (JICA)မှ မြန်မာနိုင်ငံ အကြီးတန်းကိုယ်စားလှယ် Mr. Mamoru SAKAI က စီမံကိန်းအတွက် JICA အနေဖြင့် ကူညီပံ့ပိုးနေမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ JICA Project on Enhancement of Investment Promotion and Export Development အဖွဲ့ခေါင်းဆောင် Kazuo Mishima က From FDIPP to MIPP- Necessity of Myanmar’s Investment Climate Reform နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှ မျှတပြီး ကြွယ်ဝသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးရန်နှင့် တွန်းအားပေးလည်ပတ်သည့် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုရရှိရန်၊ စီးပွားရေးပတ်ဝန်းကျင်၏ အခြေခံကျသည့် တိုးတက်မှုများမှ နေ၍ ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံဖြစ်လာစေရန်နှင့် ယင်းနောက်ပိုင်းတွင် ၂၀၃၅ ခုနှစ် တိုင်အောင် ထပ်တိုးဖြစ်ထွန်းမှုများ ရရှိစေရေးရည်ရွယ်ပြီး မြန်မာနိုင်ငံအတွက် လိုအပ်သည့် တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်မီသည့် ရင်းနှီးမြှုပ်နှံမှုများလက်တွေ့ အကောင်အထည်ဖော်ရန်၊ မျှတပြီးပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံအုပ်ချုပ်မှု နည်းစနစ်၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်စနစ်များအား ဝိုင်းဝန်းပံ့ပိုးကူညီမှု၊ အများနှင့်ယှဉ်ပြိုင်နိုင်သည့် စက်မှုဆိုင်ရာ ချိတ်ဆက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေး ပတ်ဝန်းကျင်တိုးတက်ရေးအတွက် ဦးတည်ချက်များနှင့် စီမံကိန်းဦးတည်ချက်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူစေရန် လုပ်ကိုင်နေမှုအဆင့်၌ မြန်မာနိုင်ငံ၏ အနေအထားအား ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၀၀ အတွင်းနှင့် ၂၀၃၅ ခုနှစ်တွင် အဆင့် ၄၀ ရောက်ရှိလာအောင် ရည်မှန်းချက်ထား၍ စီးပွားရေးပတ်ဝန်းကျင်တိုးတက်ရေးကို ဆောင်ရွက်နိုင်အောင် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့အပြင် မြန်မာ့စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အခင်းအကျင်းများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အတားအဆီးများနှင့် မဟာဗျူဟာများကို ခိုင်မာသည့် မေခရိုစီးပွားရေးမူဝါဒများ ဆက်လက်ဖြစ်ပေါ်စေရေး၊ တိုးတက်မှုရှိသည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်နှင့် ပွင့်လင်းသည့် ရင်းနှီးမြှုပ်နှံမှုဝါဒများသို့ ခိုင်မာစွာပြုထားသည့် ကတိကဝတ်များ၊ စက်မှုဆိုင်ရာမူဝါဒများ၊ နိုင်ငံ၏ ပြယုဂ်ကို အသုံးပြုပြီးရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူ ကာကွယ်ရေး ခိုင်မာစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများ စေ့စပ်သေချာစွာစီမံခန့်ခွဲခြင်း၊ တိကျခိုင်မာသည့် လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့် လျှောက်လွှာများကို ကိုင်တွယ်ရန်အတွက် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ခြင်း၊ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူအား ပံ့ပိုးပေးမှုတိုးမြှင့်ခြင်း၊ လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီတည်ထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း အတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံတိုးတက်ကောင်းမွန်ရေးနှင့် စက်မှုဇုန်များနှင့် SEZ များတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အတွက် အဆိုပါ အခြေခံမူများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

# ထိုင်းနိုင်ငံရဲ့ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး အရောင်းမြှင့်တင်ပွဲမှ ရလိုက်တဲ့အတွေးတစ်စ

**တိုက်မောင်း**

အမှန်တော့ OTOP ဆိုတဲ့ စကားလုံးနဲ့ ကျွန်တော်သိပ်မရင်းနှီးပါ။ ဌာနရဲ့ တာဝန်ပေးချက်အရ ရှမ်းပြည်နယ် အရှေ့ပိုင်းရဲ့ မြို့တော်လို့ခေါ်ဆိုရမယ့်ကျိုင်းတုံမြို့ကို ရောက်ရှိ တာဝန်ထမ်းဆောင်နေခိုက်မှာပဲ OTOP နဲ့ရင်းနှီးဖို့ အကြောင်းဖန်လာတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၈ ရက်ကနေ ၁၁ ရက်နေ့အထိ ကျိုင်းတုံမြို့ မြို့တော်ခန်းမမှာ ရှမ်းပြည်နယ် အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ပြုလုပ်ခဲ့တဲ့ ကျိုင်းတုံ-ဖယောင်းဒေသ(ထိုင်း) OTOP ပွဲမှာ လုပ်ငန်းကြီးကြပ်ရေးကော်မတီတာဝန်ကို ထမ်းဆောင်ခဲ့ရတယ်။ ပြပွဲကို ကမကထပြုလုပ်တဲ့ အဖွဲ့အစည်းတွေဆီက သတင်းစကား၊ လာရောက်ပြသကြတဲ့ ထိုင်းမြောက်ပိုင်း ဒေသခံဆိုင်ရှင်တွေထံက မေးမြန်းလို့ရလာတဲ့ အချက်အလက်တွေအပါအဝင် OTOP ထုတ်ကုန်တွေကိုစစ်ဆေးကြည့်ရှုခွင့်ပါရခဲ့တာဖြစ်လို့ OTOP က ဘာလဲဆိုတာ မြည်းစမ်းခွင့်ရခဲ့တယ်။

**ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး**

OTOP ( One Tambon One Product ) ဆိုတာ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ပြီး အရောင်းမြှင့်တင်ရန်နှင့်ဈေးကွက်ထိုးဖောက်ဖို့အတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်လက်ထက်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ။ ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ဒေသငယ်ပေါင်း Tambons(sub-district) ၇၂၅၅ခုကို ဈေးကွက်ဝင် ထုတ်ကုန်များထုတ်လုပ်နိုင်ပြီးတော့ ကိုယ့်ဒေသတွင်းကို ပြန်လည်အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပြီး ဒေသခံစွန့်ဦး တီထွင်သူများကို အားပေးအားမြှောက်ပြုလုပ်တဲ့ အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာဆို အိမ်တွင်းလက်မှု လုပ်ငန်းတွေကို အစိုးရအကူအညီနဲ့ မြေတောင်မြှောက်ပေးတာမျိုးလို့ ဆိုရမှာပါ။

OTOP အစီအစဉ်ရဲ့မူလဇာစ်မြစ်ဟာ ထိုင်းနိုင်ငံကပထမဆုံးစခဲ့တာတော့ မဟုတ်ဘူး။ ဂျပန်နိုင်ငံမှာ အောင်မြင်မှုရနေတဲ့ OVOP ( One Village One Product ) ကျေးရွာတစ်ခု ထုတ်ကုန်တစ်ခုအစီအစဉ်ကနေ ဉာဏ်ကွန့်မြူးပြီး ရေးဆွဲထားတာဖြစ်တယ်။ ထိုင်းနယ်စပ်ဒေသများအပါအဝင် ဒေသတွင်း ထုတ်ကုန်များကို အရောင်းမြှင့်တင်ဖို့အတွက် နိုင်ငံတကာအဆင့်မီသော ထုတ်ကုန်ဖြစ်ရမယ်၊ သက်ဆိုင်ရာဒေသကို အထောက်အပံ့ပေးနိုင်ရမယ်။ အဲဒီအချက်နှစ်ခုအပေါ်မူတည်ပြီး တရားဝင်အသိအမှတ်ပြုခံထားရတဲ့ဒေသတစ်ခုစီမှ အကောင်းဆုံးထုတ်ကုန်များကိုသာ OTOP ပြပွဲများမှာ ပါဝင်ခွင့်ရဖို့ ရွေးချယ်တာဖြစ်တယ်။ အရည်အသွေးမမီတဲ့ ထုတ်ကုန်များကို ပြပွဲတွေမှာ ပါဝင်ခွင့်ပေးမထားတဲ့ သဘောပါ။

OTOP ပြပွဲတွေမှာ အဓိကအားဖြင့် အစားအစာများ၊ အိမ်သုံးဆေးဝါးများ၊ အဝတ်အထည်များ၊ ကြွေထည် မြေထည်များ၊ သိုးမွေးနှင့်ချည်ထည်ပိတ်စများ၊လက်ဖြင့်ပြုလုပ်သောလူသုံးကုန်ပစ္စည်းများ၊ ပန်းချီကားများအပါအဝင် ဒေသအလိုက် ထုတ်ကုန်များကို စနစ်တကျ စုစည်းပြသကြတာကို တွေ့ရတယ်။

**အမှတ်သရုပ်ကို ဖွင့်ဟပြ**

ဒေသထွက်ကုန်တွေကို လူသိပိုများလာပြီး ရောင်းအားကောင်းလာဖို့ ထုတ်ကုန်အုပ်စုအလိုက် အမျိုးအစားတွေကို ဒီလိုခွဲခြားထားတယ်။ အစားအသောက်နဲ့အဖျော်ယမကာများ၊ အထည်အလိပ်နဲ့အဝတ်အစားများ၊ လက်ရက်ထည်များ၊ အနုပညာပစ္စည်းများ၊ လက်ဆောင် ပစ္စည်းများ၊ အိမ်ခန်းအလှဆင်ပစ္စည်းများနဲ့ ဘယဆေးများ စတာတွေပါဝင်တယ်။ အဲဒီပစ္စည်းတွေကို ဒေသထွက်ကုန်ကြမ်းတွေနဲ့သာ အဓိကအသုံးပြုထားကြပြီး သူတို့ရွာ၊ သူတို့ဒေသ လူမှုအသိုင်းအဝိုင်းရဲ့ အမှတ်သရုပ်ကိုလှစ်ဟပြကြတယ်။

ရိုးရာပစ္စည်းတွေဟာ ချစ်စရာပုံစံရှိကြပြီး သူတို့စိတ်ကူးဉာဏ်ရှိသလောက် လက်နဲ့ လုပ်ထားတာဖြစ်လို့ တုပဖို့မလွယ်ကူလှပါဘူး။ ဒေသအလိုက် ထုတ်ကုန်တိုင်းမှာ သူတို့ဒေသရဲ့ လူနေမှုဘဝကိုထင်ဟပ်စေမယ့်ပုံသဏ္ဌာန်မျိုးစုံဖော်ထားကြတယ်။ ဒါဟာ OTOP ထုတ်ကုန်ရဲ့ အနှစ်သာရလို့ ဆိုနိုင်ပါတယ်။

**ဒေသအလိုက် အမျိုးအစားခွဲခြား**

ထိုင်းနိုင်ငံဒေသအားလုံးမှ ထုတ်လုပ်တဲ့ OTOP ပစ္စည်းတွေကို ဒေသအလိုက် အမျိုးအစားများခွဲခြားပြီး သီးသန့်စာရင်းပြုစုထားတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသရှိ တောင်ကုန်းများမှာနေထိုင်ကြတဲ့ လူနည်းစုမျိုးနွယ်များက ငွေထည်လက်ဝတ်ရတနာများ၊ ချည်ထည်၊ ကြွေထည်၊ စက္ကူနဲ့အထူးပြုလုပ်တဲ့ ပစ္စည်းများ၊ ဝါးခြင်းတောင်း၊ ငွေထည်ဇွန်းခက်ရင်းများ၊ သစ်သားနဲ့ပြုလုပ်တဲ့ လူသုံးကုန်ပစ္စည်းတွေကို ထုတ်လုပ်ကြပါတယ်။ ရိုးရာပွဲတော်များ၊ လက်ထပ်ပွဲတွေလို အခါအားလျော်စွာကျင်းပတဲ့ နေရာတွေမှာ ဝတ်ဆင်ဖို့ အရည်အသွေးကောင်းပိုးထည်တွေနဲ့ အဝတ်အထည်များကိုတော့ အရှေ့မြောက်ပိုင်းဒေသမှ ဖန်တီးထုတ်လုပ်တာ နာမည်ကြီးပါတယ်။

အထူးသဖြင့်တော့ ဒီဇိုင်းမျိုးစုံနဲ့ဆေးဆိုးထားတဲ့ ချည်ထည်၊ ပိုးထည်တွေကို OTOP ပြပွဲတွေမှာ ပြသဖို့ ဦးစားပေးရွေးချယ်ကြပါတယ်။ ထိုင်းနိုင်ငံအလယ်ပိုင်းဒေသကနေ ဝါးနဲ့ပြုလုပ်တဲ့ ရိုးရာလက်မှုပစ္စည်းများ၊ မြေအိုးကြီးများအပါအဝင် မြေကြီးနဲ့လုပ်ထားတဲ့ပစ္စည်းများ ထုတ်လုပ်ကြပါတယ်။ ထိုင်းနိုင်ငံအရှေ့ပိုင်းမှ ဆေးဆိုးရက်ထည်များ၊ ကျူပင်နဲ့လုပ်သော ဖျာများ၊ ကြိမ်ခြင်း၊ ဝါးခြင်းများအပြင် သစ်သီး၊ အသားငါးတွေ မပုပ်သိုးအောင် ထိန်းသိမ်းခြင်းလုပ်ငန်းမှာလည်း ကျော်ကြားပါတယ်။ ပါတိတ်အထည်များ၊ ကျူပင်မှထွက်တဲ့ လူသုံးကုန်ပစ္စည်းများ၊ ပုလဲနဲ့ပြုလုပ်သော ပစ္စည်းများ၊ သစ်သားပုံဖော်ထားတဲ့ ထုတ်ကုန်များကိုတော့ ထိုင်းနိုင်ငံတောင်ပိုင်းက ထွက်ရှိပါတယ်။ OTOP ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်အောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်တာကို ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ဒေသခံများက အတုယူကြရပါမယ်။

OTOP ထုတ်ကုန်များထွက်ရှိတဲ့ ကျေးရွာတွေကို ပြည်ပပို့ကုန်အလားအလာကောင်းပြီး အရည်အသွေးမြှင့် ပစ္စည်းများ ထုတ်လုပ်နိုင်မှုအပေါ်မှာ မူတည်ရွေးချယ်တာဖြစ်ပါတယ်။ ပိုးထည်၊ ကြွေထည်တွေဟာ အနုပညာလက်ရာမြောက်လှပါတယ်။ အမွှမ်းအပြောက်များကို လက်နဲ့ခြယ်မှုန်းပြီး ချစ်စဖွယ် ဖန်တီးမှုများပါဝင်ရပါတယ်။ OTOP စီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်တဲ့ အလားအလာရှိထုတ်ကုန်များကို ဖော်ထုတ်ခြင်း၊ အရည်အသွေး ထိန်းချုပ်နိုင်ခြင်း၊ ထုပ်ပိုးမှုနှင့်ဒီဇိုင်းတီထွင်ဆန်းသစ်ခြင်း၊ ပြည်တွင်း၌သာဆွဲဆောင်နိုင်ရုံမကဘဲ ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ခြင်း စတာတွေအတွက် အစိုးရဘက်ကနေ လိုအပ်တဲ့အထောက်အပံ့တွေကို အပြည့်အဝပံ့ပိုးပေးလျက်ရှိပါတယ်။

**“OTOP စီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်တဲ့ အလားအလာရှိထုတ်ကုန်များကို ဖော်ထုတ်ခြင်း၊ အရည်အသွေးထိန်းချုပ်နိုင်ခြင်း၊ ထုပ်ပိုးမှုနှင့်ဒီဇိုင်း တီထွင်ဆန်းသစ်ခြင်း၊ ပြည်တွင်း၌သာ ဆွဲဆောင်နိုင်ရုံမကဘဲ ပြည်ပ ဈေးကွက်ကိုပါ ထိုးဖောက်နိုင်ခြင်းစတာတွေအတွက် အစိုးရဘက်ကနေ လိုအပ်တဲ့ အထောက်အပံ့တွေကို အပြည့်အဝပံ့ပိုးပေးလျက်ရှိပါတယ်”**

ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဆောင်ရွက်နေတဲ့ ယန္တရားကြီးတစ်ခုလုံး အဆင့်မြင့်မားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်လည်ပတ်နေဖို့အတွက် ဒေသဆိုင်ရာအာဏာပိုင်များအပြင် နိုင်ငံတော်အဆင့်ရှိ ကော်မတီတစ်ခုပါ ဖွဲ့စည်းပြီး အကူအညီပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ကူညီထောက်ပံ့ပေးမှုသည် ဒေသခံများအတွက် ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေတာဖြစ်လို့ ကြိုဆိုရမယ့်ကိစ္စပါ။ ကျွန်တော်တို့နိုင်ငံမှာ SMEs လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်နေတာတွေ့ပေမယ့် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပြည်ပကို ထိုးဖောက်နိုင်မှုမှာတော့ နည်းပါးနေပါသေးတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကတော့ နိုင်ငံတကာ ကုန်စည်ပြပွဲများမှာ ပါဝင်ဆင်နွှဲပြသနိုင်နေပါပြီ။ အသေးစား၊ အလတ်စားလုပ်ငန်းများမှ ဒေသထုတ်ကုန်များအတွက် အခုလို OTOP ပြပွဲများဟာ ရတောင့်ရခဲ အခွင့်အရေးများပင်မဟုတ်ပါလား။ မိမိရရဆုပ်ကိုင်ပြီး အသုံးချနိုင်မှသာ ရလဒ်ကောင်းများ ထွက်လာမှာဖြစ်ပါတယ်။

**စိန်ခေါ်မှုတွေရှိနေ**

OTOP စီမံကိန်းမှာ အားသာချက်တွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိနေဆဲပါ။ ထိုင်းနိုင်ငံရဲ့ဒေသခံ လူ့အဖွဲ့အစည်းတွေ၊ ရွာသားတွေဟာ ထုတ်ကုန်တွေကို ကိုယ်ပိုင်သုံးဖို့ ဒါမှမဟုတ် ဒေသထွက်ကုန်ပစ္စည်းချင်း ဖလှယ်သုံးဖို့ အိမ်နီးချင်းနိုင်ငံတွေကို ရောင်းချဖို့ထုတ်လုပ်ကြတယ်။ သာမန်ဒေသခံတွေဟာ အိမ်အလုပ်တွေပြီးတဲ့အချိန်၊ လယ်ယာလုပ်ငန်းသိမ်းချိန်၊ အားလပ်ချိန်များမှသာ ကုန်ပစ္စည်းတွေကိုပြုလုပ်ကြတာ။ ဒါကြောင့် လုပ်ငန်းစွမ်းဆောင်ရည်နဲ့ ဈေးကွက်က လိုအပ်တဲ့ ကုန်ပစ္စည်းပမာဏကိုမထုတ်လုပ်နိုင်တဲ့ ပြဿနာတွေဟာ စိန်ခေါ်မှုအဖြစ်ရှိနေတုန်းပါပဲ။ ဒါ့အပြင် OTOP ကုန်စည်တွေကို မိတ်ဆက်တဲ့နေရာမှာ ဒေသခံအသိုင်းအဝိုင်းများဟာ နယ်စပ်ဒေသတွေကို ကျော်လွန်ပြီး ကုန်သွယ်ကြရလို့ အခက်အခဲအချို့လည်းရှိပါတယ်။ ဥပမာ - အစည်းအဝေးတွေကို သတ်မှတ်ရက်မလာနိုင်တာ၊ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးဖို့ လက်လှမ်းမမီတာ၊ သတ်မှတ်အရေအတွက်ကို မထုတ်လုပ်နိုင်တာ။ ဒီဇိုင်းပိုင်းကို ဦးစားမပေးနိုင်တာ။ အလွယ်တကူရောင်းချနိုင်မယ့် ဈေးကွက်မရှိတာ။ အရင်က OTOP ထုတ်ကုန်တွေဟာ ပြည်ပပို့ကုန်အရည်အသွေးမမီခဲ့ပါဘူး။

ကံကောင်းတာက အစိုးရအဖွဲ့အတော်များများဟာ ဒေသခံတွေအပေါ် လိုအပ်တဲ့ ထောက်ပံ့မှုတွေကို အခုအချိန်ထိ ပံ့ပိုးကူညီပေးနေတုန်း။ ထိုင်းအစိုးရဟာ စီမံကိန်းတွေကို ကောက်ရိုးမီးပမာ ချမှတ်လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး။ လုပ်ငန်းစဉ်တစ်လျှောက်မှာ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်မြှင့်တင်ရေးဦးစီးဌာနရဲ့ OTOP လုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က ပြည်ပနိုင်ငံများအပါအဝင် ထိုင်းနိုင်ငံအတွင်း၌ ကုန်စည်ပြပွဲများ ကျင်းပကာ ပြည်ပကို တင်ပို့နိုင်မယ့် လက်ရွေးစင်ထုတ်ကုန်များကို ပြသနိုင်ဖို့ အကူအညီပေးခဲ့ကြတယ်။

OTOP စီမံကိန်းဟာ ဒေသခံများဝင်ငွေတိုးတက်လာစေရန်၊ အစိုးရအကူအညီများနဲ့ OTOP ထုတ်ကုန်များကို အချိန်မရွေးထုတ်လုပ်နိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့တာဖြစ်တယ်။ ထိုင်းနိုင်ငံ ဗဟိုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေသခံများထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးစံနှုန်းကောင်းမွန်စေရန် ကူညီဆောင်ရွက်ပေးတယ်။ စက်မှုဝန်ကြီးဌာန၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်ကုန်တိုးတက်ရေးမှာ အဓိကကျတဲ့အရည်အသွေးထိန်းချုပ်ခြင်းနှင့် စွမ်းရည်မြှင့်သင်တန်းများပေးနေသလို ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့အစည်းကလည်း ထုပ်ပိုးမှုပုံစံများ၊ ဈေးကွက်အကြိုက်ဒီဇိုင်းများကို ဒီဇိုင်နာအဖွဲ့များက ကျေးရွာဒေသခံများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

ထိုင်းနိုင်ငံရဲ့ OTOP အစီအစဉ်ဟာ အောင်မြင်မှုအရှိန်အဟုန်ရနေပြီဆိုတာကို ပြီးခဲ့တဲ့ ကျိုင်းတုံ - ဖယောင်း ( Phayao)(ထိုင်းနိုင်ငံမြောက်ပိုင်းတွင်ရှိ) OTOP ပြပွဲက သက်သေခံလျက် ရှိပါတယ်။ ဒီပြပွဲမှာ ဖယောင်းဒေသထွက် စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ ရိုးရာအဝတ်အထည်၊ အိမ်တွင်းအလှဆင်ပစ္စည်းနဲ့လူသုံးကုန်ပစ္စည်းစတဲ့ ဆိုင်ခန်းပေါင်း ၅၀ ခန့်လာရောက်ပြသနိုင်တာ တွေ့ရပါတယ်။ ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ဒေသချင်းဆက်စပ်မှုရှိတဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ဈေးကွက်အားထိုးဖောက်ဖို့ ကြိုးစားလာခဲ့တာ ဖြစ်တယ်။

အခုလို OTOP ပွဲတော်များကို ကျိုင်းတုံမြို့၌ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာတစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ တစ်ကြိမ်၊ စက်တင်ဘာလမှာတစ်ကြိမ် စုစုပေါင်းသုံးကြိမ်မြောက် ပြုလုပ်နိုင်ခဲ့ပြီဖြစ်တယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ရှမ်းလူမျိုးများအပါအဝင် လားဟူ၊ အာခါ၊ “ဝ” လူမျိုးများ စုပေါင်းနေထိုင်လျက်ရှိရာ သူတို့ရဲ့ရိုးရာအဝတ်အထည်များ၊ ဒေသထွက် လက်ဖက်ခြောက်၊ ဝက်ခေါက်၊ ခေါ်ပုတ်၊ ပြောင်း၊ ဆန်စတာတွေကို ကုန်ကြမ်းအတိုင်းမရောင်းချဘဲ ပါကင်လှလှထုပ်ပိုးကာ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ပြီး ဒေသခံတိုင်းရင်းသားများက OTOP ပြပွဲတွေမှာ ပါဝင်ပြသနိုင်ရေး အားထုတ်ကြဖို့ Stakeholder အားလုံးကို တိုက်တွန်းချင်ပါတယ်။ ယခုလို ကိုယ့်နိုင်ငံဘက်ခြမ်းကို OTOP ပြပွဲများလာရောက်ပြသနေခိုက်မှာ ဒေသထုတ်ကုန်များ ဈေးကွက်ရရှိစေဖို့ ကုန်သည်အသင်းများ၊ ပြည်နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ပြည်ပနှင့် ကုန်သွယ်မှုဆောင်ရွက်နေသော ကုမ္ပဏီများ၊ ဆက်စပ်ဌာနများနှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များအကြား စနစ်တကျ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်နိုင်ပါက ရှမ်းအရှေ့ဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သလို၊ ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်လာမှာ ဖြစ်တယ်။

**စွန့်စားလုပ်ကိုင်လိုစိတ်များရှိကြဖို့လို**

တိုင်းပြည်တစ်ခုရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ စီးပွားရေးလုပ်ငန်းအကြီးကြီးတွေ လုပ်နိုင်မှမဟုတ်ပါဘူး။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာပဲ ဒေသအလိုက် ထွက်ရှိတဲ့ ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်းများ၊ လူသုံးကုန်များ၊ အစားအသောက်များ၊ လက်ဝတ်ရတနာများ၊အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပြည်တွင်းသုံးဖို့တင် မကဘဲ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ဖို့ရာ ဒေသဆိုင်ရာအစိုးရမှကူညီပံ့ပိုးပေးရန် လိုအပ်သလို ဒေသခံများကလည်း ဆန်းသစ်တီထွင်စွန့်စားလုပ်ကိုင်လိုစိတ်များရှိကြဖို့ လိုအပ်ပါတယ်။ အစိုးရ၊ ဒေသခံပြည်သူ၊ နည်းပညာ၊ အရင်းအနှီးများဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မည်ဆိုပါက သေးငယ်သောလုပ်ငန်းပင်ဖြစ်လင့်ကစား ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးတက်လာနိုင်ပါကြောင်း OTOP ကရတဲ့ အတွေးတစ်စကို မျှဝေလိုက်ရကြောင်းပါ။ ။

---

## ရခိုင်ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းများအတွက် လယ်ယာသုံးစက်ပစ္စည်း လှူဒါန်းကြသူများအားဂုဏ်ပြု



**စစ်တွေ အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်၌ UEHRD အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လယ်ယာသုံးစက်ပစ္စည်းများ လှူဒါန်းကြသူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(ယာပုံ)**

ယနေ့လှူဒါန်းသည့် လယ်ယာသုံးစက်ပစ္စည်းများမှာ သင်္ဂဟဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၂၃၀၀ တန်ဖိုးရှိ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၀ စီး၊ ငွေကျပ် ၁၂၇၁ ဒသမ ၇၀ သိန်းတန်ဖိုးရှိ စပါးအခြောက်ခံစက် ၁၂ တန်သုံးလုံး၊ ငွေကျပ် ၁၈၆ သိန်းတန်ဖိုးရှိ ၁၅ တန်ကျ ဆန်စက်နှစ်လုံးနှင့် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ၆ တန်ကျ ဆန်စက်နှစ်လုံး၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ငွေကျပ်သိန်း ၂၃၀ တန်ဖိုးရှိ စပါးရိတ်သိမ်း ခြွေလှေ့စက်တစ်စီးနှင့်ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ ထွန်စက်တစ်စီးနှင့် ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

## ရခိုင်ပြည်နယ်အရေးကိစ္စ

❑ ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် မတူကွဲပြားမှုများအကြားတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဦးတည်ချက်ထားပြီး အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ ပဋိပက္ခများ၊ တင်းမာမှုများဖြစ်ပွားခဲ့စဉ်က ရှိခဲ့ကြသည့် ရှုမြင်ချက်အဟောင်း၊ အယူအဆအဟောင်းများနှင့် ဖြေရှင်းနိုင်မည် မဟုတ်ပါ။

❑ ယနေ့ (၂၁)ရာစု ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ် Globalization နှင့် လိုက်လျောညီထွေဖြစ်မည့် ချဉ်းကပ်မှုအသစ်၊ ရှုမြင်ချက်အသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်များနှင့် လိမ္မာပါးနပ်စွာ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ တရားမျှတမှုမရှိသည့် စိန်ခေါ်မှုများ၊ တစ်ဖက်သတ်ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူတို့၏ ညီညွတ်မှုအင်အားနှင့် စုပေါင်းရင်ဆိုင်ကျော်လွှားသွားမည် ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# (၅၃) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၈**

(၅၃) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး 53rd Meeting of ASEAN Committee on Culture and Information (53rd ASEAN-COCI Meeting) ကျင်းပရေးဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၅၃)ကြိမ်မြောက်အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၅၃) ကြိမ်မြောက်အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံ၌ နိုဝင်ဘာလတွင် ကျင်းပရန်ရှိပါကြောင်း၊ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

လာမည့်နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးသည် အာဆီယံပဋိညာဉ်စာချုပ်ပါမူဘောင်အရအာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံပြီး ဥက္ကဋ္ဌတာဝန်ယူကာ အလှည့်ကျကျင်းပရသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည် ဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ဆက်စပ်သည့်ဝန်ကြီးဌာန အသီးသီးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီသည် အာဆီယံပြည်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများရရှိစေရန်နှင့် အာဆီယံအသိုက်အဝန်း၂၀၂၅ ကို အောင်မြင်စွာဖော်ဆောင်နိုင်ရန်အပြင် အာဆီယံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်စီမံကိန်းများရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ခြင်းများကို ဖော်ဆောင်ကြိုးပမ်းလျက်ရှိပါကြောင်း။

ထို့ကြောင့် ဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူထားကြသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံကဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည့် (၅၃) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် အကြံပြုချက်များကိုဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာနှင့် အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်တို့က (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားမှု၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ လုံခြုံရေး၊ ဖိတ်ကြားရေးနှင့်ကြိုဆိုရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အာဆီယံပဋိညာဉ်စာချုပ်ပါမူဘောင်အရ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အိမ်ရှင်အဖြစ်လက်ခံ၍ ဥက္ကဋ္ဌတာဝန်ယူကာ အလှည့်ကျကျင်းပလျက်ရှိရာ မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက်ပိုင်း အလှည့်ကျရောက်သည့် (၃၅) ကြိမ်မြောက် ASEAN-COCI အစည်းအဝေးကို ၂၀၀၀ပြည့်နှစ်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ (၄၃)ကြိမ်မြောက် ASEAN-COCI အစည်းအဝေးကို ၂၀၀၈ ခုနှစ်တွင် နေပြည်တော်၌လည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဥက္ကဋ္ဌတာဝန်ယူ၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်။

ယခုထပ်မံအလှည့်ကျသော (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး နေပြည်တော်၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ယင်းအစည်းအဝေးကျင်းပခြင်းအားဖြင့် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍအောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများဖြစ်သော အာဆီယံဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခြင်းနှင့် အာဆီယံအပေါ် အပြုသဘောဆောင်သည့် အတွေးအမြင်ရှိရေး၊ ယဉ်ကျေးမှု၊ အနုပညာပြပွဲများအား တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်း စသည့်အကျိုးများရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် အောက်တိုဘာ ၇ ရက်နံနက်ပိုင်းက Max Myanmar Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်-ပဲခူးလမ်းအပိုင်းပြုပြင် ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကျွဲပွဲ - မြို့စိုး - ဇရပ်ကြီးလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ပဲခူး - ဘုရားကြီး - ညောင်လေးပင်အပိုင်း ပြုပြင်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တောင်ငူ- ကျောက်ကြီး- ရွှေကျင်- ဝင်းကံလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉) မှ တာဝန်ယူတည်ဆောက်နေသော ရွှေကျင်ချောင်းကူးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင်တံတားတည်ဆောက်ရေးတာဝန်ခံက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့်လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားဘိုးပိုင်လုပ်ငန်းများ သတ်မှတ်အနက်ရရှိအောင် ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစံချိန်စံနှုန်း ပြည့်မီရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုတည်ဆောက်နေသည့် ရွှေကျင်ချောင်းကူးတံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် တောင်ငူ - ကျောက်ကြီး - စစ်တောင်း - မုပ္ပလင်လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၁၆၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး တံတားအမျိုးအစားမှာ အုတ်မြစ် ၁ ဒသမ ၂ မီတာအချင်းရှိ ဘိုးပိုင်၊ ကိုယ်ထည်မှာ သံကူကွန်ကရစ်နှင့် အပေါ်ထည်- ပေ ၆၀ သံကူကွန်ကရစ်ယက်မ ရှစ်ခန်း၊ ပေ ၁၀၀ PC ရက်မ ၁၂ ခန်းတို့ဖြင့် တည်ဆောက်ထားပြီး ယခုအခါ တံတားတစ်စင်းလုံး ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အရှည်ရှစ်မိုင်ခြောက်ဖာလုံရှိ ကျောက်တံခါးမှ အမြန်လမ်းမကြီးသို့ ဆက်သွယ်သည့် ကျောက်တံခါး- အင်းပတ်လည်- စစ်ဗိုလ်ကြီး ကျေးလက်လမ်းအား ကွန်ကရစ်ခင်းနေမှု အခြေအနေကို လည်းကောင်း၊ ဟိုက်စတားကုမ္ပဏီမှ ရန်ကုန်- မန္တလေးပြည်ထောင်စုလမ်းမကြီး (ညောင်လေးပင် - ဇေယျာဝတီအပိုင်း) အား ကတ္တရာကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၀) မှ တည်ဆောက်နေသော ကျွဲပွဲ - မြို့စိုး - ဇရပ်ကြီးလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့(၁၀) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်ဝင်းက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) သည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲ - မြို့စိုး - ဇရပ်ကြီးလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် RC Girder, Plate Girder နှင့် RC Slab & Hand Rail တို့ဖြစ်ကာကိုယ်ထည် သံကူကွန်ကရစ်၊ အုတ်မြစ်ကို ၁ ဒသမ ၂ မီတာ အချင်းရှိ ဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည်ပေ ၁၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၂ ပေ၊ အမြင့်ရှစ်ပေရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ H.S - 25 - 44 (Load Class) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၈ / ၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၆) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်ရှိ လမ်းများတွင် မူးယစ်ဆေးဝါးများ လာရောက်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ သုမင်္ဂလာလမ်းနှင့်(၂၇)လမ်းထိပ်အတွင်း စောင့်ဆိုင်းစစ်စစ်နေစဉ် ရာဇာထွန်း(ခ) ရာဇာ(၁၉)နှစ်၊ (ဘ)ဦးဇော်ထွန်း၊ (၄)လွှာ၊ ကောလိယ(၁၉)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ) ၄၉/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ (၁)၊ တိုက်(B)၊(၆)လွှာ အခန်း (B/၇၀၅)နေ ဒေါ်စိုးမိုးနှင်း (ခ)ရို့(စ်) သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၀-၂၀၁၈ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ တိုက်(B)၊ (၆)လွှာ၊ အခန်း(B/၇၀၅)နေ ဒေါ်စိုးမိုးနှင်း(ခ) ရို့(စ်)(၄၀)နှစ်၊ (ဘ) ဦးခင်မောင်အေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အတူ သားဖြစ်သူ စွမ်းရည်ထက်(ခ)ဝေလျှံ(၂၀)နှစ်၊ (ဘ) ဦးတင်မြင့်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများ ICE၊ ဆေးခြောက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဘုရင့်နောင်)မယ(ပ)၁၅/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သင်္ငါကျေးရွာနေ ဒေါ်ဝင်းစိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သင်္ငါကျေးရွာနေ ဒေါ်ဝင်းစိန်(၅၆)နှစ်၊ (ဘ)ဦးထွန်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သိန်းဟန်စိုး(၃၀)နှစ်၊ (ဘ)လုမောင် တို့(၂)ဦးအား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ (ပ)၈၅/ ၂၀၁၈၊မူး / စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ မန်တဲအုပ်စု၊ အင်းဝိုင်း နဘဲခုံကျေးရွာနေ ကျော်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ အင်းဝိုင်းနဘဲခုံကျေးရွာနေ ကျော်မောင်(၃၂)နှစ်၊ (ဘ)ဦးထွန်းကြိုင် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ (ပ)၈၂/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ထောက်ကြံ့ကျေးရွာနေ ဦးစံငွေသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ထောက်ကြံ့ကျေးရွာနေ စံငွေ(ခ) ချမ်းသာ(၃၁)နှစ်၊ (ဘ) ဦးလွန်းပြည့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တင်းတိမ်ရုံ) မယ(ပ)၂/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ စွတ်နန်းကျေးရွာမှ ကျော်ဆန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၆-၁၀-၂၀၁၈ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ စွတ်နန်းကျေးရွာနေ ကျော်ဆန်း(၄၇)နှစ်၊ (ဘ)ဦးငွေသော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၂၃/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ လုထွန်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချ နေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၉-၂၀၁၈ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ လုထွန်း(၄၈)နှစ်၊ (ဘ)ဦးတင်ဦး၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ထွန်းကြိုင်(၂၈)နှစ်၊ (ဘ)ဦးကျော်ဝင်း၊ အုတ်ဖိုကျင်းကျေးရွာ၊ မော်လိုက်မြို့နယ်နေသူတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၂၀/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊(၅)လမ်းနေ နေလင်းအောင် (ဘ) ဦးညဏ်ထွန်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့ အောင်ဆန်းရပ်ကွက်၊ (၅)လမ်းနေ နေလင်းအောင်(၃၆)နှစ်၊ (ဘ)ဦးညဏ်ထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရေဦး) မယ(ပ) ၁၀/ ၂၀၁၈၊ မူး / စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ် (2A/928)နေ ဂီတာ(ခ) ဦးအောင်ဆန်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၉-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက် ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ် (2A 928)နေ ဂီတာ(ခ)အောင်ဆန်းဦး(၄၅)နှစ်၊ (ဘ)ဦးမျိုးသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်)မယ(ပ) ၁၁၆/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်နေ မောင်ထိုက်(ဘ) ဦးနက်စိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၉-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့ အောင်ဆန်းရပ်ကွက်၊ (၁၁) လမ်းနေ ထွန်းမင်းထိုက်(ခ) မောင်ထိုက်(၃၅)နှစ်၊ (ဘ) ဦးနက်စိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရေဦး) မယ(ပ) ၉/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေမီးပွိုင့်၊ ရွှေဗဟိုရ်ဆေးရုံရှေ့၊ တက္ကစီယာဉ်အမှတ် - DD/3150 အား မောင်းနှင်သည့် မျိုးလွင်ဦး (ခ) လပြည့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် တာမွေမြို့နယ်၊ မလွှကုန်းဒွေးကြွယ် (က) ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ ရွှေဗဟိုရ်ဆေးရုံရှေ့တွင် ရပ်တန့်ထားသည့် DD/3150 နံပါတ်ပါ Success တက္ကစီယာဉ်အား ရှာဖွေစစ်ဆေးရာ မျိုးလွင်ဦး(ခ)လပြည့်(၃၅)နှစ်၊ (ဘ)ဦးမြင့်လွင်၊ အမှတ်(၂၉၆။ခ)၊ အောင်သိဒ္ဓိလမ်း၊ (၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေသူအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တာမွေ) မယ(ပ)၄၄/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုင်းပုတ်ကျေးရွာအုပ်စု၊ တုံပင်ကျေးရွာမှ မပိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မိုင်းပုတ်ကျေးရွာအုပ်စု၊ တုံပင်ကျေးရွာနေ မပိုး(ခ) မပိုးပိုးလွင် (၃၄)နှစ်၊ (ဘ) ဦးညဏ်လွင်၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ ပန်းရောင်စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လုံးတုံ) မယ(ပ) ၆၇/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရွှေဝါထွန်း(၇)လမ်းနေ ကိုတူးနောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ရွှေဝါထွန်း(၇)လမ်း၊ အိမ်အမှတ် (၄၁၅/ခ)နေ ကိုတူးနောင်(ခ) နိုင်လင်းထွန်း(ခ) ပုတူးနောင် (၂၀)နှစ်၊ (ဘ) ဦးချိုဌေးဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရဲထွဋ်ဝင်း(၂၉)နှစ်၊ (ဘ) ဦးအုန်းရွှေပါ (၂)ဦးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၃)ဦးအား နမစ(သောင်ကြီး)မယ(ပ) ၆၀/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ထောင်ဝန်းအတွင်းနေ မျိုးမင်းနိုင်(ခ)ဝကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၀-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ အင်းစိန်ထောင်ဝန်းအတွင်းရှိ ဝန်ထမ်းလိုင်းနေ မျိုးမင်းနိုင်(ခ) ဝကြီး (၄၅)နှစ်၊(ဘ) ဦးမြင့်ဆွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မခင်ရတနာလင်း (ခ)ပပ (၃၈)နှစ်၊ (ဘ) ဦးခင်စိုးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ(ပ) ၁၂၉/ ၂၀၁၈၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ဖော်ထုတ်ဆက်လက်စစ်ဆေးလျက်ရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၆-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၃၁၆)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၄၁၇)ဦး၊ မ(၈၂)ဦး၊ ပေါင်း(၄၉၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၄၈၃၃.၈၆)ဂရမ်၊ ICE(၁၇.၀၁)ဂရမ်၊ ဘိန်း(၃၇၅၆၉.၀၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၅၀၀၂)ဂရမ်၊ ဘိန်းစာရွက် (၃၉၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား (၁၄၉၆၈၂)ပြား၊ ဆေးခြောက်(၃၃၇၃.၀၄) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ (၂၁၇.၄)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၁.၆၅)ဂရမ်၊ သေနတ်မျိုးစုံ(၁၀)လက်၊ ကျည်မျိုးစုံ (၁၇၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ် / ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း၌ လှိုင်းဘွဲ့- ပိုင်ကျုံကားလမ်းပေါ်တွင် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၇၅၀)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်အတွင်း၌ ကွတ်ခိုင်မြို့မှ မိုးကုတ်မြို့သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ လယ်ကြီးရဲကင်းစခန်းရှေ့၌ ပူးပေါင်းအဖွဲ့ဖြင့် ပိတ်ဆို့ရှာဖွေ စစ်ဆေးစဉ်စစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးသည့် ဆိုင်ကယ်(၅)စီးအား လိုက်လံဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၁)ဦးနှင့်အတူ စိတ်ကြွဆေးပြား(၁၂၀၀၀၀)ပြား၊ ဘိန်းဖြူ(၄၈၈၄)ဂရမ်၊ဆိုင်ကယ်(၅)စီး၊ မိုးကုတ်- မိုးမိတ်သွားကားလမ်းပေါ်၌ တားဆီးစိစစ်စဉ်ဆိုင်ကယ်ကိုလှဲကာ တရားခံ ထွက်ပြေးလွတ်မြောက်သွားပြီး ကျန်ရှိခဲ့သည့် ဆိုင်ကယ်(၁)စီးပေါ်မှ ဘိန်းဖြူ(၁၃၀)ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်- ကျောက်ချောပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀)ပြား၊ ဘိန်းဖြူ (၂၄၀)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်တောင်ရပ်ကွက်၊ မန္တလေးကန်တော်ကြီးပတ်လမ်း၌ သတင်းအရစိစစ်စဉ် တရားခံအမျိုးသား(၃)ဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား (၂၉၂၅၀၀)ပြား၊ PROBOX ယာဉ်(၁)စီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ DIAZEPAM ထိုးဆေး(၃၃၅)ပုလင်း၊ LORAZEPAM ဆေးပြား(၃၉၀)ပြား၊ TRAMADOL ဆေးတောင့်(၂၇၀၅)တောင့်၊ SEDIL ဆေးပြား(၈၀၀)ပြား၊ ရဲမွန်တောင်ရပ်ကွက်ရှိ KTV ၌ တရားခံ အမျိုးသား(၅)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၆)ဦးတို့ထံမှ KETAMINE(၁.၇)ဂရမ်၊ ဆေးခြောက် (၀.၅)ဂရမ်၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်အတွင်း၌ မြရွှေရည်ရေပူစမ်းသွား ကားလမ်းပေါ်တွင် ပိုင်ရှင်မဲ့ဆိုင်ကယ်(၁)စီးကို ဘိန်းစိမ်း (၈၄၀၀)ဂရမ်နှင့် သိမ်းဆည်းရမိခဲ့ပြီး ကွတ်ခိုင်မြို့နယ်အတွင်း၌ ကွတ်ခိုင်- ကောင်းခါးသွားကားလမ်းပေါ်တွင် တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၂၁)ဂရမ်၊ စိတ်ကြွဆေးပြား (၅၉၀၀)ပြား၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသား(၁)ဦးထံမှ KETAMINE (၆၅၀)ဂရမ်အား လည်းကောင်း၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ (၃)မိုင်- ကျီးကန်းပြင်သွားလမ်းပေါ်၌ တားဆီးစိစစ်စဉ် တရားခံ ထွက်ပြေးလွတ်မြောက်သွားပြီး ကျန်ရှိခဲ့သည့် ဆိုင်ကယ်(၁)စီးပေါ်မှ စိတ်ကြွဆေးပြား(၂၈၂၇၅၀)ပြား၊ သံတွဲမြို့နယ်၊ မြို့ပြင်ကျေးရွာ၊ သံတွဲ-တောင်ကုတ်ကားလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၆၃.၃)ဂရမ်အား လည်းကောင်း၊ လက်နက် / ခဲယမ်းနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ် (၄)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ(ဇီဇဝါမြိုင် ရပ်ကွက်)နေ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈)ပြား၊

*စာမျက်နှာ ၉ သို့*

# ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာ ၆ ရက်က သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသောဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**



**အလွန်ကောင်းမွန်**

ပြည်ထောင်စုဝန်ကြီးက ဆေးနှင့်ဆေးနှီးနွှယ် တက္ကသိုလ်များမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုခြင်း၊ အသိအမှတ်ပြုခြင်း၊ ဂါရဝပြုခြင်းအနေဖြင့် ကျင်းပသည့် ဂုဏ်ပြုပွဲဖြစ်ကြောင်း၊ ၁၉၆၆ ခုနှစ်တွင် ILO နှင့် UNESCO အဖွဲ့တို့ အကြံပြုချက်အပေါ်မူတည်၍ ၁၉၉၄ ခုနှစ်မှ စတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် ဂုဏ်ပြုပွဲအပြင် ဆွေးနွေးပွဲနှင့် စကားရည်လုပွဲတို့ကိုပါ ထည့်သွင်းထားခြင်းသည် အလွန်ကောင်းမွန်ပါကြောင်း။

ယခု ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်ဖြစ်သော "The right to education means the right to a qualified teacher" နှင့်အညီ ပညာသင်ကြားရာတွင် အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများရှိမှသာ ထူးချွန်ထက်မြက်သော ကျောင်းသူ၊ ကျောင်းသားများ မွေးထုတ်နိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအနေဖြင့် ဆေးနှင့် ဆေးနှီးနွှယ် ပညာသင်ကြားရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ အစရှိသည့် အသင်းအဖွဲ့များထံမှ အကြံဉာဏ်များရယူ၍ မြန်မာနိုင်ငံ၏ လက်တွေ့အခြေအနေနှင့်ကိုက်ညီသော မူဘောင်နှင့် လမ်းပြမြေပုံရေးဆွဲကာ လုပ်ငန်းစဉ်များကို အဆင့်ဆင့်ဆောင်ရွက်သွားစေလိုကြောင်း၊ ယခုသင်ကြားလျက်ရှိသော ဆေးပညာသင်ကြားရေး ဒီပလိုမာသင်တန်းကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အားဖြည့်ဆောင်ရွက်သွားစေလိုပြီး ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ် တက္ကသိုလ်များတွင် လက်ရှိ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့် အသစ်တာဝန် ထမ်းဆောင်မည့်သူများဆေးပညာသင်ကြားရေးဆိုင်ရာကာလတို သင်တန်းတစ်ခုတက်ရောက်နိုင်ရန် စီစဉ်ဖွင့်လှစ်သွားစေလိုကြောင်း။

**ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ဆောင်ရွက်**

ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ်တက္ကသိုလ်များရှိ ဆေးပညာသင်ကြားရေးဆိုင်ရာယူနစ်များ (Medical education units) ၏ လက်ရှိအခြေအနေနှင့် စွမ်းဆောင်ရည်ကို ဘက်စုံသုံးသပ်ဆန်းစစ်၍ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ဆေးနှင့် ဆေးနှီးနွှယ်ပညာသင်ကြားရေးကဏ္ဍနှင့် ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ ပိုမိုတိုးတက်မြင့်မားရေးအတွက် ယခုထက်ပိုမိုပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနေဝင်းနှင့် မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဆေးပညာသင်ကြားရေးအဖွဲ့ငယ်၊ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာသာလှရွှေတို့က ကြို ဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အခမ်းအနားအထိမ်းအမှတ် ပိုစတာပြိုင်ပွဲအဖြစ် ခင်းကျင်းပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**စကားရည်လုပွဲ ပြုလုပ်**

ယင်းနောက် ဆေးတက္ကသိုလ် - ၁ (ရန်ကုန်)၊ ဆေးတက္ကသိုလ် - ၂ (ရန်ကုန်)၊ ဆေးတက္ကသိုလ် (မကွေး)၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ် (ရန်ကုန်) တို့မှ ဆရာ၊ ဆရာမ ငါးဦးက Teaching Excellence and Happy Teachers ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ဆေးတက္ကသိုလ် - ၁ (ရန်ကုန်)၊ ဆေးတက္ကသိုလ် - ၂ (ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ် (ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက "ဆရာအရည်အသွေးသည် သင်ရိုးထက်အရေးကြီးသည်" (The singer, not the song) ခေါင်းစဉ်ဖြင့် စကားရည်လုပွဲ ပြုလုပ်သည်။

ဆက်လက်၍ ဂုဏ်ပြုပွဲဖြစ်မြောက်ရေး စီစဉ်ခဲ့သူများ၊ ဂုဏ်ပြုခံဆရာ၊ ဆရာမများကို ဂုဏ်ပြုအမှတ်တရ လက်မှတ်နှင့် လက်ဆောင်များပေးအပ်ခဲ့ပြီး ပိုစတာပြိုင်ပွဲနှင့် စကားရည်လုပွဲတို့တွင် ဆုရရှိသည့်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

၇.၆၂×၃၉ ကျည်(၂၀)တောင့်၊ လက်ပစ်ဗုံး(၁)လုံး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့နယ်၊ ထိန်သစ်ရပ်ကွက်နေ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀)ပြား၊ တူမီးသေနတ်(၁)လက်၊ ပွိုင့် ၂၂ ကျည်(၄၇)တောင့်၊ HIJET ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ တာချီလိတ် မြို့နယ်၊ ဒေင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၀၀)ပြား၊ ပွိုင့် ၄၅ ကျည်(၄၅)တောင့်၊ REVO TOYOTA HILUXယာဉ်(၁)စီး၊ မယ်ယန်း- ကော့မကိန်ရွာလမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၂၀)ပြား၊ ဂက်စ်ဖြင့် ပစ်ခတ်ရသော သေနတ်အတို(၁)လက်၊ ၎င်းကျည်(၆)တောင့်တို့အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း မြန်မာဘက်ခြမ်း ဦးစောလှကျွန်းမြောက်ဘက်အနီး လှေ(၁)စီးအားစိစစ်ရန် လုံခြုံရေးအဖွဲ့မှ ရေယာဉ်(၂)စီးဖြင့် ဝိုင်းပတ်ပိတ်ဆို့ဖမ်းဆီးစဉ် မောင်တောမြို့နယ်၊ သရက်အုပ်ကျေးရွာနေ အမျိုးသား(၁)ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၈၅၀၀) ပြား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၃၀-၉-၂၀၁၈ ရက်နေ့မှ ၆-၁၀-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၇၈)မှုတွင် တရားခံကျား(၃၆၁)ဦး၊ မ(၄၈)ဦး၊ ပေါင်း(၄၀၉)ဦးကို ဘိန်းဖြူ (၅၇၄၆.၆၂)ဂရမ်၊ ICE(၉.၃၉)ဂရမ်၊ ဘိန်း (၁၁၁၆၉.၇၃)ဂရမ်၊ ဘိန်းစာမှုန့် (၃၃) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၉၀)ဂရမ်၊ ဘိန်းစာရွက်(၄၂၀၀)ဂရမ်၊ စိတ်ကြွဆေးပြား(၁၉၀၁၀၃၃)ပြား၊ ဆေးခြောက် (၂၁၄.၉၆)ဂရမ်၊ ဘိန်းဆီခဲ (၈၉)ဂရမ်၊ DIAZEPAM ထိုးဆေး(၃၃၅) ပုလင်း၊ LORAZEPAM ဆေးပြား (၃၉၀)ပြား၊ TRAMADOL ဆေးတောင့် (၂၇၀၅)တောင့်၊ KETAMINE(၆၅၁.၇)ဂရမ်၊ SEDIL ဆေးပြား (၈၀၀)ပြား၊ သေနတ်မျိုးစုံ(၂)လက်၊ ကျည်မျိုးစုံ (၁၁၈) တောင့် နှင့် လက်ပစ်ဗုံး(၁) လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း / ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း / ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

## မနက်ဖြန်အတွက်ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး / ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကရင်ပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၈**





လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကရင်ပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်ထည်ဖော်ဆောင်ရွက်ခြင်း၊ ဘားအံမြို့နှင့်မြဝတီမြို့များတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများ၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လုပ်ငန်းစဉ်ညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေးကို ကရင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**မူဝါဒများချမှတ်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ် စောင့်ရှောက်ရေးအစီအစဉ်တစ်ခုအဖြစ် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော ကလေးအသက် (၂) နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဖွံ့ဖြိုးမှုများ နောက်ကျဆုံးဖြစ်သော ချင်း၊ နာဂနှင့်ရခိုင်ပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ယခုအခါ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်များတွင် တိုးချဲ့ဆောင်ရွက်ပေးမည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ဥပဒေအရသက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ဖော်ဆောင်သည့်အနေဖြင့် အကျိုးခံစားခွင့်အသက်ကို ယခင်အသက် ၉၀ နှစ်မှ ယခုနှစ်တွင် အသက် ၈၅ နှစ်ထိ လျှော့ချ၍ လူမှုရေးပင်စင်ကို လစဉ်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေများ ပေါ်ပေါက်ပြီးဖြစ်ရာ အမျိုးသားကော်မတီဖွဲ့စည်းပြီး မသန်စွမ်းအဆင့်သတ်မှတ်နိုင်ရေး မဟာဗျူဟာရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအတွက် စနစ်တကျ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ကျေးဇူးတင်ရှိ**

ပြီးခဲ့သောဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သောရေဘေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးခဲ့မှုများ၊ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ပြည်နယ်ရှိ တိုင်းရင်းသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် ပြည်ထောင်စုအစိုးရက လာရောက်ပူးပေါင်းဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဘက်စုံသုံးဘေးဒဏ်ခိုလှုံအဆောက်အအုံ (Multipurpose Cyclone Shelter) တည်ဆောက်မည့်မြေနေရာ၊ မူးယစ်ဆေးဖြတ်ပြီးများ ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်မည့်မြေနေရာများကို ကြည့်ရှုပြီး ဘားအံမြို့ စက်မှုဇုန်ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှု၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**တွေ့ဆုံညှိနှိုင်း**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြဝတီမြို့သို့ရောက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့တော်ခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ မြဝတီခရိုင်အတွင်း ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က မြဝတီခရိုင်အတွင်း သဘာဝဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် လိုအပ်ချက်များတင်ပြတောင်းခံ၍ ပရဟိတအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဘက်ဘက်က ထိခိုက်မှုတွေမဖြစ်ပေါ်စေဖို့၊ မှုခင်းလျော့နည်းစေဖို့ဟာ အားလုံးဆွေးနွေးသလိုပဲ မှုခင်းကြိုတင်ကာကွယ်ရေးဟာ အင်မတန်ကို အရေးကြီးတဲ့အချက် ဖြစ်ပါတယ်

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်

## တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများလုံခြုံရေးအတွက် စကားဝိုင်းဆွေးနွေး

**ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်းခေါင်းစဉ် ဒုတိယပိုင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွှန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆက်လက်ဆွေးနွေးခဲ့ကြသည်။**

**အစီအစဉ်မှူး။ ။ ယခုအခါမှာ မှုခင်းတွေ များပြားလာသလို မှုခင်းပုံစံတွေကလည်း အမျိုးမျိုးဖြစ်ပွားနေတာ ကြားသိနေရပါတယ်။ မှုခင်းတွေကို တစ်ဦးချင်းဖြစ်ဖြစ်၊ အဖွဲ့လိုက်ဖြစ်ဖြစ် ကျူးလွန်နေကြတယ်၊ လက်နက်ကိုင် ရမ်းကားလာတာတွေကိုလည်း တွေ့မြင်နေရပါတယ်။ ဒီလိုမှုခင်းအခြေအနေတွေအပေါ် ဆရာတို့အနေနဲ့ ဘယ်လိုသုံးသပ်ရှုမြင်ကြသလဲဆိုတာနဲ့ ဘယ်လိုစိန်ခေါ်မှုတွေရှိသလဲဆိုတာကို ဆွေးနွေးပေးစေချင်ပါတယ်။**

**ဦးမျိုးတင့်။** ။ လူမှုအဆောက်အအုံအတွင်းမှာ လက်နက်ကိုင်ရမ်းကားမှုတွေ၊ အုပ်စုဖွဲ့ရမ်းကားမှုတွေ ဖြစ်ပေါ်တာက သက်ဆိုင်ရာ လူမှုအဆောက်အအုံရဲ့ တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်ရာရောက်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ လူ့ဘောင်အသိုင်းအဝိုင်းထဲမှာ နေတဲ့ ဥပဒေနဲ့အညီနေထိုင်တဲ့ ပြည်သူလူထုတွေက မိမိတို့ရဲ့အသက်အိုးအိမ်စည်းစိမ်အပေါ်မှာ စိတ်ချယုံကြည်ရမှုနည်းပါးလာတဲ့အခါမှာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နဲ့ တရားစီရင်ရေးယန္တရားများအပေါ်မှာ အယုံအကြည်ကင်းမဲ့လာစေနိုင်ပါတယ်။ ဒါကြောင့် ဒီလိုဖြစ်ပေါ်မှုတွေကို တားဆီးနိုင်ဖို့အတွက်ကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။

### ပြစ်မှုနဲ့ညီညွတ်တဲ့ ပြစ်ဒဏ်ချမှတ်

တစ်ခုကတော့ မှုခင်းများဖြစ်ပေါ်လာမှု မရှိအောင် ကြိုတင်ကာကွယ်ခြင်းနဲ့ ဖြစ်ပွားပြီးတဲ့ မှုခင်းတွေမှာ သက်ဆိုင်ရာ ကျူးလွန်သူတရားခံများကို အမြန်ဆုံး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းတွေက ကျူးလွန်သူများကို သက်ဆိုင်ရာမှာ အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးတရားစွဲဆိုနိုင်ဖို့လိုသလို လိုအပ်တဲ့ သက်သေခံချက်များကိုလည်း ပြည့်ပြည့်စုံစုံတင်ပြပြီး တရားရုံးများမှာ တရားစွဲဆိုနိုင်ဖို့ လိုပါတယ်။ တစ်ဖက်က တရားရုံးများကလည်း မိမိတို့ လက်ခံရရှိတဲ့အမှုတွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲနဲ့ ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်ပါက ပြစ်မှုနဲ့ ညီညွတ်တဲ့ ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်တွေကို ချမှတ်ပေးမယ်ဆိုရင် နောင်အလားတူ ကျူးလွန်နိုင်တဲ့ပြစ်မှုများ မကျူးလွန်နိုင်၊ ကျူးလွန်မှုလျော့နည်းသွားစေမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးအဖွဲ့နဲ့ တရားစီရင်ရေးအဖွဲ့များ ကဏ္ဍအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနဲ့ ကျူးလွန်တဲ့ တရားခံတွေကို အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းထဲမှာ အခုလို အုပ်စုဖွဲ့ရမ်းကားခြင်း၊ လက်နက်ကိုင်ရမ်းကားခြင်းမှုခင်းများ လျော့နည်းသွားမယ်လို့ ဆွေးနွေးလိုပါတယ်။

**ဦးဝင်းမြင့်။** ။ ဒီလိုမှုခင်းတွေနဲ့ ပတ်သက်လို့ ကျွန်တော်ဆွေးနွေးရရင် သတင်းစီးဆင်းမှုပေါ့။ သတင်းစီးဆင်းမှုက ဒီနေ့ ပုံနှိပ်မီဒီယာခေတ်ထက်၊ ဒစ်ဂျစ်တယ်ခေတ်မှာ ပိုပြီးတော့ မြန်ဆန်လာတဲ့အပြင် နယ်ပယ်လည်း ကျယ်ပြန့်လာပါတယ်။ ဒီဂျစ်တယ်နည်းနဲ့ လူမှုမီဒီယာတွေကြောင့် မှုခင်းတစ်ရပ်ဖြစ်ပွားပြီဆိုရင် အများပြည်သူက အချိန်နဲ့တစ်ပြေးညီ တစ်ပြိုင်နက် သိရှိခွင့်ရကြပါတယ်။ အဲဒါမှာ ကောင်းတာရှိသလို မကောင်းတာတွေလည်း ဖြစ်လာပါတယ်။ တချို့ကိစ္စတွေမှာ သတင်းကို ချဲ့ကားပြီးတော့ ထည့်လိုက်တာကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်တာမျိုးတွေ ရှိနေပါတယ်။ တချို့ကျတော့ မိမိတို့လိုချင်ရာကို ပုံဖော်လှုံ့ဆော်တာကြောင့် လွဲမှားတဲ့သက်ရောက်မှုတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါကတော့ မမှန်သတင်းတွေ၊ သတင်းတုတွေကို ထိန်းကျောင်းဖို့ လိုတာကို တွေ့ရပါတယ်။ မှုခင်းတွေ များပြားလာတဲ့အချက်ကို ကြည့်မယ်ဆိုရင် တချို့က တကယ်တော့ မကျေနပ်ချက်တစ်ခုကနေ ပေါက်ဖွားလာတာပေါ့။ မိမိရဲ့ မကျေနပ်ချက်ကို တရားဥပဒေဘောင်အတွင်းက ဖြေရှင်းဖို့ မကြိုးစားဘဲနဲ့ စိတ်ခံစားမှုကို ရှေ့တန်းတင်ပြီး ဖြေရှင်းတာကို တွေ့ရပါတယ်။

အလားတူပဲ စားဝတ်နေရေး အခက်အခဲကြောင့် ဖြစ်ပွားတဲ့ပြစ်မှုတွေ၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ လောင်းကစားကို အခြေခံလာတဲ့ ပြစ်မှုတွေ၊ အသိပညာနဲ့ တွေးတောစဉ်းစားဆင်ခြင်မှု နည်းပါးတာတွေကြောင့် ဖြစ်ပွားတဲ့ ပြစ်မှုတွေ၊ ဒေါသကို မထိန်းနိုင်လို့ဖြစ်တဲ့ ပြစ်မှုတွေ စတဲ့အကြောင်းတရားမျိုးစုံကို အခြေခံလာတဲ့ ပြစ်မှုတွေကို တွေ့ရပါတယ်။ မှုခင်းတွေမှာ အုပ်စုဖွဲ့ပြီး ကျူးလွန်တာတွေ၊ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ပြီးတော့ ကျူးလွန်တာတွေ့ရပါတယ်။ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်တဲ့ကိစ္စမှာ တရားမဝင် လက်နက်ကိုင်ဆောင်တဲ့ အခြေအနေတွေကြောင့် လက်နက်တွေ အသုံးပြုပြီးတော့ ကျူးလွန်တာတွေကိုတော့ ကျွန်တော်တို့ ထိရောက်စွာ အရေးယူဖို့ လိုပါမယ်။ တည်ဆဲဥပဒေတွေအရ လက်နက်ကိုင်တဲ့အမှုတွေကို အရေးယူဖို့ လိုပါတယ်။ ဒါ့အပြင် လူအုပ်စုနဲ့ ရမ်းကားတဲ့ကိစ္စတွေကတော့ ထိထိရောက်ရောက်ကို အရေးယူရမှာ ဖြစ်ပါတယ်။ မှုခင်းဖြစ်ပွားမှုတွေကို ကြည့်မယ်ဆိုရင် မူးယစ်ဆေးဝါး၊ အရက်ရောင်းချတာတွေကို တားဆီးဖို့ လိုအပ်ပါတယ်။ လောင်းကစားတွေကို တားဆီးဖို့ လိုအပ်ပါတယ်။ မှုခင်းတစ်ရပ်ကိုကြည့်မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကျူးလွန်တဲ့သူရော ကျူးလွန်ခံရတဲ့သူပါ ထိခိုက်မှုဖြစ်တဲ့အပြင် နိုင်ငံတော်အတွက်ပါ ထိခိုက်ပါတယ်။ အဘက်ဘက်က ထိခိုက်မှုတွေမဖြစ်ပေါ်စေဖို့၊ မှုခင်းလျော့နည်းစေဖို့ဟာ အားလုံးဆွေးနွေးသလိုပဲ မှုခင်းကြိုတင်ကာကွယ်ရေးဟာ အင်မတန်ကို အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။




### အပြစ်မရှိတဲ့သူ အပြစ်မပေးဖို့

မှုခင်းကြိုတင်ကာကွယ်တဲ့နေရာမှာ အသိပညာပေး ဟောပြောပွဲတွေ လုပ်မယ်ဆိုတာ ထပ်ခါထပ်ခါပြောပြီး ဖြစ်ပါတယ်။ နောက်အရေးကြီးတဲ့နေရာတွေမှာ အချိန်နဲ့တစ်ပြေးညီ သိဖို့အတွက် CCTV ကင်မရာတွေ တပ်ခြင်း၊ ခေတ်မီနည်းစနစ်ကိရိယာတွေကို သုံးစွဲခြင်းတွေလည်း လိုအပ်လာပြီ ဖြစ်ပါတယ်။ မှုခင်းတွေထပ်ပြီးတော့ မဖြစ်ပွားဖို့အတွက် တရားစွဲအရေးယူတာ၊ ထိရောက်ဟန့်တားတဲ့ ပြစ်မှုတွေပေးဖို့ဆိုတာလည်း လိုအပ်ပါတယ်။ အဲဒီတော့ အပြစ်မရှိတဲ့သူတွေကို အပြစ်မပေးဖို့ အပြစ်ရှိတဲ့သူတွေကို အပြစ်ပေးဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ လုံခြုံရေးကိုပါ ထိခိုက်တဲ့အမှုတွေပါ တကယ်ထိရောက်သော ပြစ်ဒဏ်တွေပေးဖို့ လိုတယ်လို့ မြင်ပါတယ်။

ဒီနေရာမှာ ပြစ်ဒဏ်ပေးခြင်းဟာ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ရမယ်လို့ ဆိုသော်ငြားလည်းပဲ ပြစ်မှုနဲ့ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ပေးမှသာ တရားဥပဒေစိုးမိုးမှုရှိမှာ ဖြစ်ပါတယ်။ အခုဆွေးနွေးတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ကတော့ အဓိက ကတော့ အားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့ လိုတယ်လို့ တင်ပြချင်ပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းက ဥပဒေကို လေးစားလိုက်နာဖို့ လိုအပ်သလို အားလုံးဌာနဆိုင်ရာ အသီးသီးကလည်း မိမိတို့ရဲ့တာဝန်တွေကို ကျေပွန်စွာ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီအချက်တွေကို ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ တရားဥပဒေစိုးမိုးရေး ပို၍ပို၍ ပီပြင်စွာဆောင်ရွက်နိုင်မယ်လို့ ဆွေးနွေးလိုပါတယ်။

> **“မှုခင်းတွေမှာ သက်ဆိုင်ရာ ကျူးလွန်သူတရားခံများကို အမြန်ဆုံး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းတွေက ကျူးလွန်သူများကို သက်ဆိုင်ရာမှာ အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးတရားစွဲဆိုနိုင်ဖို့လိုသလို လိုအပ်တဲ့ သက်သေခံချက်များကိုလည်း ပြည့်ပြည့်စုံစုံတင်ပြပြီး တရားရုံးများမှာ တရားစွဲဆိုနိုင်ဖို့ လိုပါတယ်”**

**ဦးဟန်ညွှန့်။** ။ ရာဇဝတ်မှုတွေများပြားပြီးတော့ ပိုမိုရမ်းကားလာတဲ့ ကိစ္စဟာ အဂတိလိုက်စားမှုနဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ သုံးသပ်တင်ပြပါရစေ။

အဂတိကြောင့် တရားဥပဒေစိုးမိုးရေး ပျက်ယွင်းနိုင်တယ်။ တရားဥပဒေစိုးမိုးရေး ယိုင်လဲနိုင်တယ်။ တစ်နည်းနည်းနဲ့ အနှောင့်အယှက်ပေးနိုင်တာက အဂတိတစ်ပါးပါးကြောင့် အဂတိဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် မှုခင်းတွေ များပြားခြင်း၊ ပိုမိုရမ်းကားလာခြင်းဟာ အဂတိလိုက်စားခြင်းနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ အဂတိလိုက်စားမှုဟာ အများပြည်သူရဲ့ဘုံရန်သူ ဖြစ်နေတာကို စိစစ်တွေ့မြင်နိုင်ပါတယ်။ အများပြည်သူက အဂတိကို ဘုံရန်သူအဖြစ်သတ်မှတ်ဖို့ အချိန်တန်နေပါပြီ။ အဂတိကင်းစင်တဲ့ တရားဥပဒေစိုးမိုးရေးပန်းတိုင်ကို အများပြည်သူက ညီညာဖြဖြချီတက်သွားကြဖို့ အချိန်ကိုလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။

### တရားရေးမဏ္ဍိုင်ပြိုလဲအောင် နှောင့်ယှက်

တရားဥပဒေစိုးမိုးတာကို မစိုးမိုးအောင်၊ တရားဥပဒေစိုးမိုးမှု ပျက်ယွင်းအောင်၊ မှန်တာကို မှားအောင်၊ မှားတာကို အမှန်ထင်အောင်၊ ကပြောင်းကပြန် စိတ်ဓာတ်ရေးရာ ဥပဒေမဲ့တွေ ကျူးလွန်လာကြတာကိုလည်း တစ်ဖက်က တွေ့မြင်လာရပါတယ်။ ဥပဒေစိုးမိုးတဲ့သူတွေကို နည်းမျိုးစုံနဲ့ လာဘ်ပေးလာဘ်ယူ လုပ်လိုက်ကြတယ်။ အဂတိမှုတွေဖြစ်အောင် ဖန်တီးကြတယ်။ ဖျက်ဆီးကြတယ်။ ထို့အတူ တရားရေးမဏ္ဍိုင်ကိုလည်း ပြိုလဲအောင်၊ ယိုင်လဲအောင် ကြံဆောင်ကြတယ်။ နည်းမျိုးစုံနဲ့ အနှောင့်အယှက်ပေးကြတယ်။

အပျက်နဲ့ အဖျက်ကို ဒီနေရာမှာ ပူးတွဲပြီးတော့ တွေ့ရပါတယ်။ ဒါကြောင့် အပျက်နဲ့အဖျက်မှာ တရားဥပဒေစိုးမိုးမှုက အောင်ပွဲခံမလား၊ ဆိုးသွမ်းတဲ့အုပ်စုကပဲ အနိုင်ယူမလား စဉ်းစားဆုံးဖြတ်ရမယ့်အချိန်ကို ရောက်ရှိလာပါတယ်။ တရားဥပဒေစိုးမိုးရေးက အဓိကလား၊ မင်းမဲ့စရိုက်နဲ့ ရမ်းကားသူတွေက အဓိကလားဆိုတာ ပြည်သူအများက ခွဲခွဲခြားခြားနဲ့ ကျင့်ကြံပြီးတော့ သတိပြုကြဖို့ အချိန်ကို ရောက်လာပါပြီ။ အဲဒီလို ရောက်လာတဲ့အတိုင်း အတာနဲ့အညီ ဘယ်ဟာအမှန် ဘယ်ဟာအမှား ဆိုတာကို ကျွန်တော်တို့အားလုံးက ပေါ်ပေါက်တဲ့ မှုခင်းတွေမှာ သုံးသပ်ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။ ကုစားသွားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရာဇဝတ်မှုတွေများပြားပြီးတော့ ပိုမိုရမ်းကားလာတဲ့ကိစ္စကို သတိဝီရိယနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးရှုထောင့်က ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါလို့ မေတ္တာရပ်ခံ အကြံပြုလိုပါတယ်ခင်ဗျာ။

**ရဲဗိုလ်ချုပ် အောင်နိုင်သူ။** ။ ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ လက်ရှိရင်ဆိုင်တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုနှစ်မျိုး တွေ့ရှိနေရတာ ဖြစ်ပါတယ်။ ပထမတစ်မျိုးကတော့ ပြစ်မှုများနဲ့ ပြစ်ဒဏ်ကျပြီး အပြင်ကိုရောက်လာတဲ့သူတွေက ထပ်မံကျူးလွန်တဲ့ မှုခင်းများဖြစ်ပြီးတော့ နောက်တစ်မျိုးကတော့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စတဲ့များစွာသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေက တွန်းပို့မှုကြောင့် ဖြစ်ပေါ်လာတဲ့မှုခင်းများပဲ ဖြစ်ပါတယ်။

ပထမအမျိုးအစားဖြစ်တဲ့ ပြစ်မှုတွေကျူးလွန်ပြီး ပြစ်ဒဏ်ကျပြီး ပြန်ထွက်လာတဲ့သူတွေက ကျူးလွန်တဲ့ပြစ်မှုတွေကို ကျွန်တော်တို့ နယ်ထိန်းလုပ်ငန်းတွေနဲ့ စနစ်တကျ ကြိုတင်ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်။ ဒုတိယအမျိုးအစားဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစတဲ့

*စာမျက်နှာ ၁၁ သို့*

# “အဝေးချစ်” ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၁၂ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် အောက်တိုဘာ ၈

**“ခရေဖြူ” ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) ရိုက်ကူးထားသည့် “အဝေးချစ်” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၁၂ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)



သရုပ်ဆောင် သက်မွန်မြင့်



စာရေးဆရာမ ပုညခင်

ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) က “ဇာတ်နဲ့ အံဝင်ခွင်ကျဖြစ်မယ့် မင်းသား၊ မင်းသမီးတွေကို ထုတ်လုပ်သူနဲ့တိုင်ပင်ပြီး ရွေးချယ်ခဲ့တာပါ။ ဒီဇာတ်ကားကို ပုပ္ပားနဲ့ ရန်ကုန်မှာ အဓိကရိုက်ကူးထားတယ်။ ကျွန်တော် အရင်ရိုက်နေကျပုံစံ ဟာသကားတော့ မဟုတ်ပါဘူး။ ပုံစံတစ်မျိုးနဲ့ ပရိသတ်ကြိုက်နှစ်သက်အောင် တင်ပြထားတယ်။ အိမ်ထောင်တစ်ခုတည်ထောင်မယ်ဆိုရင် ဖြစ်တတ်တဲ့ သဘောတရားလေးတွေကို တင်ပြထားတဲ့ အချစ်ဇာတ်ကားပါ” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် အောင်ရဲလင်း၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ထွန်းကိုကို၊ သန္တာဗိုလ်၊ နေဆန်း၊ ရဲမွန်၊ သက်ဦးကို၊ ဟိန်းဇေ၊ ကံ့ကော်ခင်၊ ဆုထက်ကုဋေ၊ သာသာ၊ ချစ်လှူလှူ၊ ချမ်းသာ၊ စင်သီယာ၊ မျိုးမျိုးခိုင်၊ ဦးဘဂျမ်း၊ နွယ်နီ၊ သူဇာပွင့်နှင့် အခြားသောအနုပညာရှင်များ ပါဝင်ပြီး အသိုင်းအဝိုင်းမတူသည့်အပြင် အသက်အရွယ်ကွာဟမှုရှိသည့် ချစ်သူနှစ်ဦး၏ ချစ်ခြင်းမေတ္တာ၊ နားလည်မှုနှင့် အလွဲအချော်လေးများကိုအခြေခံပြီး ရိုက်ကူးထားသည့် အချစ်ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် သက်မွန်မြင့်က “အသက် ၃၀ ကျော် အပျိုကြီးစာရင်းဝင်သွားတဲ့သူတစ်ယောက် အနေနဲ့ ကိုယ့်ထက် အသက်ရှစ်နှစ်လောက်ငယ်တဲ့သူနဲ့ အချစ်ဇာတ်လမ်း ဖြစ်သွားတယ်။ အတွေးအခေါ်ကတော့ မရင့်ကျက်သေးဘူး၊ ကိုယ့်စိတ်ဆန္ဒတစ်ခုပဲသိတယ်ဆိုတဲ့ ဇာတ်ကောင်စရိုက်မျိုးနဲ့ ပါဝင်ထားတာပါ။ ဒီဇာတ်ကားရိုက်ထားတာ သုံးနှစ်လောက်ရှိပြီ။ ဒီဇာတ်ကားမှာပါတဲ့ ဇာတ်ကောင်စရိုက်က သက်မွန်ပုံစံနဲ့ လိုက်တယ်လို့ထင်တယ်။ အချစ်ကားသီးသန့်မဟုတ်ဘဲ အတွေးအခေါ်လေးတွေလည်း ပါတဲ့အတွက် ဒီဇာတ်ကားလေးကို သဘောကျတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘဝအတွက်လက်တွဲတဲ့ အခါမှာ အချစ်တစ်ခုတည်းနဲ့ မလုံလောက်ဘူး။ နားလည်မှုပေးရမယ်ဆိုတာမျိုးလေးတွေပါတယ်” ဟု ပြောသည်။

စာရေးဆရာမ ပုညခင်က “၂၀၁၅ ခုနှစ်နောက်ပိုင်းမှာတော့ ဒီလိုဝတ္ထုမျိုးတွေ မရေးဖြစ်တော့ဘူး။ ၂၀၁၅ ခုနှစ်မတိုင်ခင်ကရေးထားတဲ့ ဝတ္ထုလေးပါ။ ပေါ့ပေါ့ပါးပါး ရိုးရိုးရှင်းရှင်းနဲ့ ချစ်စရာကောင်းတဲ့ ဇာတ်လမ်းမျိုးပါ။ ကျွန်မနဲ့ ကျွန်မအိမ်ထောင်ဖက်ရဲ့ချစ်သူဘဝက အကြောင်းတရားလေးတွေ၊ လက်ထပ်ခဲ့တဲ့အကြောင်းတရားလေးတွေကို အခြေခံပြီး ရေးထားတာပါ။ ခရီးသွားတာလည်း ဝါသနာပါတဲ့အတွက် ကိုယ့်ရဲ့အတွေ့အကြုံလေးတွေအရ ရေးထားတာပါ။ အသက်ကွာဟမှုကြားထဲမှာ ဖြစ်တတ်တဲ့ သဘာဝလေးတွေ၊ စိတ်နေစိတ်ထားလေးတွေ အဲဒါလေးတွေကတော့ ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက်ရဲ့ အကြောင်းအရာလေးတွေကို အခြေခံပါတယ်” ဟု ပြောသည်။

အဆိုပါဇာတ်ကားသည် လူငယ်သဘာဝဖြစ်တတ်သည့် အကြောင်းအရာများ၊ ချစ်သူချင်းတွေ့ကြုံလေ့ရှိသည့် ချစ်ခြင်းတရားများနှင့် အလွဲအချော်များကို သဘာဝကျကျ ဖော်ကျူးထားသည့်အတွက် ပရိသတ်များအနေဖြင့် စိတ်ချမ်းသာမှု၊ ကြည်နူးမှုတို့နှင့်အတူ လူ့ဘဝ၏ အဖြစ်အပျက်များနှင့် ခံယူချက်များကိုသိရှိပြီး လေးနက်မှုတစ်စုံတစ်ရာကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း စာရေးဆရာမ ပုညခင်က ဆိုသည်။

**သတင်း - ဇော်ကြီး၊ ဓာတ်ပုံ - ဖေဇော်**

## ကျောက်ဆည်ဆင်အကအလှ ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၈**

ကျောက်ဆည်၌ ဆင်လှူပွဲတော် ကျင်းပရေးကော်မတီနှင့် ကျောက်ဆည် ဓာတ်ပုံအသင်းတို့ ပူးပေါင်းကြီးမှူးကျင်းပသော ဆင်အက အလှ ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည် ဆင်အက အလှ တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို ကျောက်ဆည် ဆင်အကပြိုင်ပွဲကျင်းပမည့် အောက်တိုဘာ ၂၃ ရက်တွင် ရိုက်ကူးရမည်ဖြစ်သည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲ၏ စည်းကမ်းသတ်မှတ်ချက်များမှာ ကျောက်ဆည် ဆင်အကပြိုင်ပွဲကျင်းပသည့် ဆင်ပြိုင်ကွင်းဧရိယာအတွင်းနှင့် ဆင်အကပြိုင်ပွဲ ပြိုင်ပွဲဝင်ဆင်အဖွဲ့များ ပြိုင်ပွဲဝင်အမှတ်ပေးဒိုင်ခုံများတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ရိုက်ကူးရမည်ဖြစ်ပြီး နံနက်ပိုင်း ဆင်အကပြိုင်ပွဲ ဖွင့်ပွဲစတင် ကျင်းပသည့်အချိန်မှ ဆင်အကပြိုင်ပွဲ ဆုပေးပွဲကျင်းပသည့်အချိန်ထိ ရိုက်ကူးနိုင်သည်။ ယခင်နှစ်များက ရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်း ခွင့်ပြုမည်မဟုတ်ဘဲ ဒရုန်းကင်မရာ၊ ဖုန်းကင်မရာများဖြင့် ရိုက်ကူးထားသောပုံများကိုလည်း ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတ်မှတ်ထားသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများထဲမှ အရာဝတ္ထုများ၊ သစ်ပင်၊ လူ၊ တိမ် စသည်ကို နည်းပညာဖြင့် ထုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းများ၊ ဓာတ်ပုံ၏ မူလအရောင်နှင့် ခြားနားသောအရောင်များ ပြောင်းလဲခြင်းတို့ကို လက်ခံမည်မဟုတ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ဘဲ ဆုရ ဓာတ်ပုံများမှာ ကျောက်ဆည်ဓာတ်ပုံအသင်း၏ မူပိုင်ဖြစ်သည်။ ပြိုင်ပွဲဓာတ်ပုံများနှင့်အတူ မူရင်းဓာတ်ပုံဖိုင်နှင့် ဓာတ်ပုံဆိုင်တွင် ဓာတ်ပုံကူးယူသည့် ဓာတ်ပုံဖိုင်တို့အား DVD ချပ်ဖြင့် ပူးတွဲ တင်ပြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၁၀ လက်မ၊ ၁၄ လက်မဆိုက်နှင့် ၁၀ လက်မ၊ ၁၅ လက်မဆိုက် နှစ်မျိုးကို ကြိုက်နှစ်သက်သလို ရောင်စုံကာလာဓာတ်ပုံအမျိုးအစားဖြင့် ဓာတ်ပုံ ငါးပုံအထိ ပေးပို့တင်သွင်းနိုင်သည်။

ပြိုင်ပွဲဓာတ်ပုံများကို အောက်တိုဘာ ၃၀ ရက်တွင် ကျောက်ဆည်ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးမြင့်သန်း (မြင့်သန်းဓာတ်ပုံတိုက်) ကျောက်ဆည်ဘူတာအရှေ့ဘက်သို့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်း ရတနာပုံစင်တာ စတုတ္ထထပ် မန္တလေးမြို့သို့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပေးပို့နိုင်ပြီး ဓာတ်ပုံဆုရွေးချယ်ခြင်းကို နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် ရတနာသိမ်ကျောင်း (ဖောင်ရွာရပ်) ၌ ပြုလုပ်မည်ဖြစ်သည်။ ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၅၀၀၀ ပေးသွင်းကာ ပြိုင်ပွဲဝင်ခွင့်ကတ်ပြားများကို အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီနောက်ဆုံးထား၍ ကျောက်ဆည်ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးမြင့်သန်း (မြင့်သန်း ဓာတ်ပုံတိုက်)၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်း ရုံးခန်း၊ စစ်ကိုင်းဓာတ်ပုံအသင်းအတွင်းရေးမှူးနှင့် မန္တလေးမြို့မှ ကိုဆိုးပေ တို့ထံတွင် ကြိုတင်စာရင်းပေးသွင်း ထုတ်ယူကာ ပါဝင်ရိုက်ကူးယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

## တပ်မတော်ကိုထောက်ခံ၊ ပြည်ပစွက်ဖက်မှုများကို ဆန့်ကျင် ဆန္ဒဖော်ထုတ်



**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး (ငြိမ်း) ဦးဆောင်၍ တပ်မတော် ထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်လုပ်ဆောင်နေမှုများကို ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲကို အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံရှိ မြိုင်ဟေဝန်ပန်းခြံရှေ့၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပူးပေါင်းပါဝင်သော စုစုပေါင်း ၂၅၀ ကျော်က မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၊ နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ် စစ်မှုထမ်းဟောင်းများအဖွဲ့တို့ကလည်း နတ်မောက်မြို့ ဈေးရပ်ကွက် မြို့တော်ပြည်သူ့ခန်းမရှေ့တွင် မွန်းလွဲ ၁၂ ခွဲခန့်က ဆန္ဒဖော်ထုတ်ပွဲ ကျင်းပခဲ့ကြောင်း နတ်မောက်မြို့နယ် စစ်မှုထမ်းဟောင်းရုံးမှ သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ကြီးမှူး၍ တပ်မတော်ကိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက် လုပ်ဆောင်နေမှုများအား ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပွင့်ဖြူမြို့ လေးတိုင်စင် လမ်းဆုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

*စာမျက်နှာ ၁၀ မှ*

များစွာသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေရဲ့ တွန်းပို့မှုတွေကြောင့် ကျူးလွန်ဖို့ တာစူနေတဲ့ အဖွဲ့တွေကိုတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့တစ်ဖွဲ့တည်းနဲ့မဟုတ်ဘဲ အားလုံးဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မှသာ ဒီစိန်ခေါ်မှုကို အောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယစိန်ခေါ်မှုတွေ ဖြစ်ပွားနေရတဲ့ အကြောင်းအရင်းတွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် တချို့တွေဟာ လုံလောက်တဲ့ မိသားစုဝင်ငွေရရှိဖို့အတွက်၊ အလုပ်အကိုင်ရရှိဖို့အတွက် ပတ်ဝန်းကျင်မှာ အလုပ်အကိုင် လိုက်လံရှာဖွေရာကနေပြီး ဝိသမလောဘသားများရဲ့ သားကောင်တွေဖြစ်လာတယ်။ အဲဒီကနေတစ်ဆင့် ဥပဒေနဲ့ မညီတဲ့အလုပ်တွေကို လုပ်ကိုင်လာတယ်။ ဒီကတစ်ဆင့် ဥပဒေကို ချိုးဖောက်လာတဲ့ အလုပ်အကိုင်ကို လုပ်ကိုင်လာကြတာ ဖြစ်ပါတယ်။

နောက်တချို့ကတော့ အလုပ်အကိုင်ရရှိရေးအတွက် ပြောင်းရွှေ့နေထိုင်ပြီးတော့ မြို့ကြီးတွေမှာရောက်လာတယ်။ အဲဒီအချိန်မှာ မြို့ကြီးတွေရဲ့ လူဦးရေက အဆမတန်တိုးပွားလာတယ်။ ဒီတိုးပွားလာတဲ့ လူဦးရေများနဲ့အညီ လူမှုရေးပြဿနာတွေ ကျူးကျော်တဲ့ ပြဿနာတွေ၊ အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ပြဿနာတွေ၊ ရရာအလုပ်ကို ရှာဖွေလုပ်ကိုင်ရာကနေပြီးတော့ ပြစ်မှုတွေကို ဦးတည်လာတဲ့ ဖြစ်ရပ်တွေကို တွေ့ရှိလာရတာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ နည်းပညာတွေတိုးတက်လာတာနဲ့အမျှ အင်တာနက်ဟာ တောရောမြို့တွေမှာပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြတယ်။ အဲဒီအခါမှာ အွန်လိုင်းတွေကနေ လိမ်လည်မှုဆိုင်ရာတွေ ဖြစ်လာကြတယ်။ လူကုန်ကူးမှုတွေ၊ လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု ခြိမ်းခြောက်မှုတွေ၊ အသရေဖျက်မှုတွေ စသည်ဖြင့် အွန်လိုင်းတွေမှာ ထပ်မံပြီးတော့ ကျူးလွန်လာကြတာကို တွေ့ရတဲ့ အချက်ဖြစ်ပါတယ်။ တစ်ခါ အဲဒီအွန်လိုင်းတွေ ပေါ်ကနေပဲ အတုယူမှားကြပြီးတော့ လူတွေဟာ နိုင်ငံတကာက ကိုယ့်နိုင်ငံယဉ်ကျေးမှုနဲ့ မစပ်ဟပ်တဲ့ လူနေမှုစရိုက်တွေကိုလည်း ကျူးလွန်လာကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ထို့အတူပဲ လမ်းပန်းဆက်သွယ်ရေးတွေကောင်းလာတယ်။ ဒီလိုလမ်းပန်းဆက်သွယ်ရေးကောင်းလာတာနဲ့ ကုန်စည်စီးဆင်းမှုတွေ ပိုမိုပြီးတော့ လျင်မြန်လာတယ်။ ဒီအပေါ်မှာ အသုံးချပြီးတော့ ပြစ်မှုကျူးလွန်တဲ့သူများက ကျူးလွန်လာကြတဲ့အခါမှာ စီးပွားရေးဆိုင်ရာ မှုခင်းတွေဖြစ်လာတယ်။ နယ်စပ်ဖြတ်ကျော်မှုခင်းတွေ ဖြစ်လာတယ်။ တရားမဝင် ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ ဖြစ်လာတယ်။ လူကုန်ကူးမှုတွေ၊ လူမှောင်ခိုမှုတွေ ထပ်မံပြီးတော့ ကျူးလွန်လာတာကို တွေ့ရှိရပါတယ်။ ဒီလိုပဲ အချို့လူငယ်များကတော့ မိသားစုရဲ့ဝင်ငွေနည်းမှုကြောင့် ပညာကို လုံလုံလောက်လောက်တတ်ကျွမ်းအောင် မသင်ကြားတော့ဘဲနဲ့ ရရာအလုပ်ကို လုပ်ကိုင်ရာကနေ ကြမ်းတမ်းတဲ့လူ့ဘဝကို ဖြတ်သန်းရာကနေ ငွေရဖို့သက်သက်ကိုသာ ဦးတည်လာကြပြီးတော့ အတွေးအခေါ်တွေကလည်း ဒုစရိုက်လုပ်ငန်းတွေမှာသာ မွေ့လျော်လာတဲ့အနေအထားကို တွေ့ရှိလာရပါတယ်။

ဒါကြောင့်မို့ ဒါတွေကလည်း ပြစ်မှုကျူးလွန်ဖို့ စိန်ခေါ်တာတွေဟာလည်း ဖြစ်ပေါ်လာစေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့ကြီးများ၊ ကျေးလက်များမှာရှိနေကြတဲ့ လူဦးရေတိုးပွားလာတဲ့၊ နည်းပညာအသုံးပြုလာတဲ့၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတဲ့၊ လူ့အသုံးအဆောင်တွေ ခေတ်မီလာတဲ့အချက်တွေဟာ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေတာမှန်ပေမယ့် တစ်ဖက်မှာလည်း ဒါတွေကိုအသုံးချပြီးတော့ ဝိသမလောဘ သားကောင်တွေ ဖြစ်လာကြတဲ့သူတွေဟာ နယ်စပ်ဖြတ်ကျော်မှုခင်းတွေ၊ နိုင်ငံတကာနဲ့ ဆက်စပ်ပတ်သက်တဲ့ အခုဖြစ်ပေါ်နေတဲ့ Cyber Crime လို ကိစ္စမျိုးတွေ ထပ်မံကျူးလွန်လာတာတွေဟာ တရားဥပဒေစိုးမိုးရေးအတွက် စိန်ခေါ်မှုတွေ များစွာဖြစ်ပေါ်လာတာဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာလည်းပဲ မိမိနိုင်ငံတိုးတက်ရေးကို ဦးတည်ပြီးတော့ဆောင်ရွက်နေကြသလို ကျွန်တော်တို့နိုင်ငံကလည်း မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေကို အဟန့်အတားမဖြစ်စေဖို့အတွက် ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရဲတပ်ဖွဲ့တစ်ဖွဲ့တည်း၊ တရားဥပဒေစိုးမိုးမှုအဖွဲ့တွေဖြစ်တဲ့ တရားစီရင်ရေးအဖွဲ့တွေ၊ ဥပဒေပြုရေးအဖွဲ့တွေနဲ့ သာမက ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီးကလည်း ပြည်သူများနဲ့ ပူးပေါင်းဆောင်ရွက်မှသာလျှင် ဒီစိန်ခေါ်မှုတွေ ကျော်လွှားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ဇင်ဦး၊ ခင်ရတနာ**

**ဓာတ်ပုံ-သီဟစည်သူ**

*(ဆက်လက်ဖော်ပြပါမည်)*

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ၌ နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်းဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၈

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကျင်းပသည့် နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်း (Cardiac Catheterization Laboratory) ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**




ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နှလုံးနှင့်သွေးကြောရောဂါများသည် အခြားရောဂါများနှင့်မတူဘဲ အချိန်မီစနစ်တကျ ကုသမှုမခံယူပါက အသက်ဆုံးရှုံးနိုင်သည်ဖြစ်၍ ယခုကဲ့သို့ နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်းကို ဖွင့်လှစ်၍ နှလုံးနှင့် သွေးကြောရောဂါဝေဒနာရှင်ပြည်သူများကို ကုသပေးနိုင်ခြင်းမှာ အလွန်ပင်အရေးကြီးပြီး ပြည်သူများအတွက်လည်း အကျိုးကြီးမားကြောင်း၊ ထိုသို့ ဖွင့်လှစ်ကုသနိုင်ရန် စုစည်းကြိုးပမ်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ပညာရှင်များနှင့် ဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ်(မန္တလေး)နှင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိမှတ်တမ်းတင်အပ်ပါကြောင်း။

နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသမှုများဆောင်ရွက်ရန်နှင့် စက်ပစ္စည်းကိရိယာများ ထိန်းသိမ်းနိုင်ရန်အတွက် မျိုးဆက်သစ်ဆရာဝန်များ၊ သူနာပြုများနှင့် ပညာရှင်များကို ပိုမိုလေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ စုံလင်စွာပါဝင်သော လေ့ကျင့်သင်ကြားရေးခန်းမတစ်ခု ပြုလုပ်၍ ဆေးပညာဘာသာရပ်အသီးသီး လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားစေလိုပြီး ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အလေးထားပံ့ပိုးသွားမည်ဖြစ် ကြောင်း။

နှလုံးနှင့်သွေးကြော ဆေးပညာရပ်ကဏ္ဍ ယခုထက် ပိုမိုတိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဆောင်ရွက်သွားစေလိုကြောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးဝိုင်းဝန်း၍ ရှေးရိုးမှ ဖောက်ထွက်သောအတွေး၊ အမြင်၊ အကြံဉာဏ်များဖြင့် ဘက်စုံထည့်သွင်းစဉ်းစားပြီး ရေတိုကာလအတွက်သာမကဘဲ ရေရှည်ကာလတွင်ပါ အကျိုးများစေရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဆေးရုံအုပ်ကြီး ဒေါက်တာပပက နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်း (Cardiac Catheterization Laboratory) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(ဝဲပုံ)** နှလုံး သွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်းကို လှည့်လည်ကြည့်ရှုခဲ့ကာ နှလုံးအထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိသည့် လူနာများကို ကြည့်ရှုအားပေးသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) တွင် နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသစက်ကို မြန်မာငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံခန့် အကုန်အကျခံ၍ စက်တင်ဘာ ၃၀ ရက်၌ တပ်ဆင်ပြီးစီးခဲ့ပြီး အဆိုပါစက်ဖြင့် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် နှလုံးနှင့် သွေးကြောရောဂါဝေဒနာရှင် လူနာရှစ်ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျော့ဖုံးမှ*

အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည့် MMA ပြိုင်ပွဲတွင် မြန်မာကစားသမားများ ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းသုံးပွဲ ပါဝင်မည်ဖြစ်ပြီး အောင်လ အန်ဆန်ပွဲအပြင် ဖိုးသော်၏ပွဲစဉ်၊ မြန်မာ ကစားသမားအချင်းချင်းထိုးသတ်မည့် ပွဲစဉ်တစ်ပွဲ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အောင်လအန်ဆန်နှင့် ကရာကီတို့၏ တွဲဆိုင်းအပြင် အခြားပွဲစဉ်များအဖြစ် ဖိုးသော် (မြန်မာ) နှင့် ဆူဘား (မလေးရှား)၊ ရာဖေးလ်(ဘရာဇီးလ်)နှင့် မိုလစ်ဒ် (ရုရှား)၊ အီမီလို(အမေရိကန်)နှင့် ကာဇူကီ(ဂျပန်)၊ အီဗရာဟင်မ် (မော်ရိုကို) နှင့် တာရစ်ခ်(မော်ရိုကို)၊ ဒီဂျေဒမ်မောင်း(ထိုင်း)နှင့် ဟာမန်းရှု (အိန္ဒိယ)၊ ဟန်ကျိုးဟွာ(တရုတ်)နှင့် ရိုင်ယန် (ဖိလစ်ပိုင်)၊ ရဲသွေးနီ (မြန်မာ)နှင့် မိုက်ရိုင်း(မြန်မာ)၊ လူးဝစ် (ဘရာဇီးလ်) နှင့် ဒိုင်ချီ (ဂျပန်)၊ ဂျိုဇက် (အီတလီ) နှင့် တိုနာ (ဩစတြေးလျ)၊ မာရှုဒေါင် (တရုတ်)နှင့် အာမက် (အာဖဂန်နစ္စတန်)၊ ရူဒီ (အင်ဒိုနီးရှား)နှင့် အစ္စလမ်( ဘင်္ဂလားဒေ့ရှ်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့

"REDUCING ECONOMIC LOSSES FROM DISASTERS HAS THE POWER TO TRANSFORM LIVES"

"ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ဘေးဒဏ်ကြောင့်စီးပွားဆုံးရှုံးမှုလျှော့ချစို့"

၂၀၁၈ခုနှစ်အောက်တိုဘာလ၁၃ရက်

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၈

**မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။**

မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**-ဦးဘုန်းနိုင်ဇော်၊ **နည်းပြချုပ်**-အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြ**-ဟာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ကာစတန်၊ **အတွင်းရေးမှူး** ဦးမိုးဝေအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း၊ မျိုးကိုထွန်း (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**-ရဲကိုဦး၊ လှိုင်းဘိုဘို၊ မြတ်ကောင်းခန့်၊ စည်သူအောင် (ရတနာပုံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်) လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ **ရှေ့တန်း**-ကောင်းဆက်နိုင် (ဆာမတ်ဆာခွန်)၊ သန်းထက်အောင် (ဇွဲကပင်)နှင့် ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ပဏာမကစားသမား ၂၇ ဦးအနက် ၂၀ ဦးရွေးချယ်ကာ ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကျန်ရှိသည့် ကစားသမားများမှာ မြန်မာ ယူ-၂၁ အသင်းနှင့် ပူးတွဲလေ့ကျင့်လျက်ရှိသည်။




မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။

အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းခြေစမ်းပွဲကို အောက်တိုဘာ ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဝီဘာဝါကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ -MFF**

❋ *ကျော့ဖုံးမှ*

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် (၉.၁၀.၂၀၁၈)ရက်နေ့မှ (၁၃.၁၀.၂၀၁၈) ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❒ *ကျော့ဖုံးမှ*

နိုင်ငံတကာဝူရှူးအဖွဲ့ချုပ်သည် ၂၀၁၈ ကမ္ဘာ့ဖလား ထောက်လုပြိုင်ပွဲကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်၌ တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည်။ ယခုနှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၇၊ ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၂၂ ခု ချီးမြှင့်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## ရေပူစစ်ဆေးရေးအဖွဲ့ ဆိုင်ကယ် ၁၂ စီးနှင့် အထောက်အထားမဲ့ပစ္စည်းများ ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၇ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၆၃၅ စီး၊ သွင်းကုန် ၃၉၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၆၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၅၅ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၈၆၅ သန်း စုစုပေါင်းတားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃၂ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အောက်တိုဘာ ၇ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ၁၂ ဘီး ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆောက်လုပ်ရေးသုံးပစ္စည်း များ၊ ဆိုင်ကယ် ၁၂ စီးနှင့် အားကစားဝတ်စုံများ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၅၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းတုံ၊ မြစ်သား၊ နောင်ချို၊ တန့်ယန်းနှင့် ကွတ်ခိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  အောက်တိုဘာ ၈**

ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီက ပုံပါကျင်နယ်မြေရဲစခန်း၏ မူးယစ်ဆေးဝါးအမှုမှကွင်းဆက်တရားခံ မိန်းနေး တောင်ယာလုပ် နားကောင်းမူးကျေးရွာ မိုင်းတုံမြို့နယ်နေသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆာလာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၅၈၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၈ သိန်း)၊ စက္ကူဂျပ်ဖာအတွင်း ထည့်ထားသည့် ဘိန်းဖြူ ၃၄၀ ဂရမ် (၁ ဂရမ်လျှင် ၁၆၀၀၀ နှုန်းဖြင့် တန်ဖိုး ၅၄၄၀၀၀၀ )နှင့် ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိသဖြင့် ၎င်းကို နားကောင်းမူးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီက မြစ်သားမြို့နယ် သိုတန်ကျေးရွာအုပ်စု သိုတန်ကျေးရွာရှိ မနွယ်နီထွန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ငွေကျပ် သိန်း ၁ ဒသမ ၇၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



အောင်ဆန်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးကားလမ်းတွင် ရွှေမောသျှမ်း ခရီးသည်တင် မော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၀၊ အိုက်စ် ၈၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၇နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၆)ရပ်ကွက် ဟိုနမ့်ကျေးရွာရှိ မနန်းနွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ ကို လည်းကောင်း။

ညနေ ၅ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာ ယူကလစ်တောအနီး ကွတ်ခိုင်-ကောင်းခါး-လွယ်ခန်သွားကားလမ်းတွင် အောင်ဆန်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၉-၁၀-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - "ရဟန္တာတစ်ပါး ပေါ်ထွန်းခဲ့ရာ ညောင်လွန့်တောရ သာသနာ့ မြေမဟာ"
၈း၃၅ - စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍတွင် ငွေကြေးဖြည့်ဆည်းပံ့ပိုးဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်း"(အပိုင်း-၁)
၉း၂၀ - သ.စ.အ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ဓမ္မဘာဏကကျောင်း မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၃၀ - "မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် ဥပဒေ"
၁၂း၃၀ - "တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ၏ သြဝါဒ"
၁၃း၅၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ချောင်အန်း" (အပိုင်း-၇)

**ညပိုင်း**

၁၆း၂၅ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ဘောဂဗေဒဘာသာရပ်)
၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၅၀)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်" (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)
- စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍတွင် ငွေကြေးဖြည့်ဆည်းပံ့ပိုးဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်း" (အပိုင်း-၂)

# လှိုင်သာယာ၌ အမိုးနီးယားဓာတ်ငွေ့များယိုစိမ့်မှုကြောင့် ခြောက်ဦး ဆေးရုံတက်နေရ

**နေပြည်တော်  အောက်တိုဘာ ၈**

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ Gallant Ocean ငါး၊ ပုစွန်အအေးခန်း စက်ရုံ၌ အောက်တိုဘာ ၇ ရက် နံနက် ၁ နာရီခွဲက အမိုးနီးယားသိုလှောင်အိုး၏ ဓာတ်ငွေ့ပြန်ပိုက် ၌ တပ်ဆင်သည့် ဘားချွတ်ယွင်းမှုကြောင့် ဓာတ်ငွေ့စိမ့်ထွက်မှု ဖြစ်ပေါ်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် အဆိုပါစက်ရုံ အအေးခန်း စက်မောင်းတာဝန်ထမ်းဆောင်နေသော လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက်နေ ကိုသားငယ် (ခ)တင်ထွန်းဦး(၂၆နှစ်)နှင့် အမျိုးသမီးငါးဦးတို့ အမိုးနီးယားဓာတ်ငွေ့များ ရှူရှိုက်မိသဖြင့် အသက်ရှူကျပ်(မစိုးရိမ်ရ)ကာ နံနက် ၃ နာရီ မိနစ် ၄၀ တွင် လှိုင်သာယာပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှု ခံယူလျက်ရှိကြောင်းနှင့် မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦး ဦးစီးအဖွဲ့က ဓာတ်ငွေ့ယိုစိမ့်မှုမရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မိုးကုတ်မြို့နယ်၌ ဘိန်းစိမ်းသယ်ဆောင်လာသူ ငါးဦးကို ဖမ်းမိ

**မိုးကုတ်  အောက်တိုဘာ ၈**

မိုးကုတ်မြို့နယ် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းပေါ် လယ်ကြီးရဲကင်းရှေ့၌ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီခွဲက ဘိန်းစိမ်း ကီလို ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၇၅၀)ကို သယ်ဆောင်လာသူ ငါးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းခိုင်၊ ရဲအုပ်လှနီအောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မိုးကုတ်မြို့နယ် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းပေါ် လယ်ကြီးရဲကင်းရှေ့၌ အောက်တိုဘာ ၇ ရက် နံနက် ၈နာရီခွဲက ဆိုင်ကယ်ငါးစီးကို မသင်္ကာ၍ စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးစဉ် ဖမ်းဆီးမခံဘဲ ပြန်လည်ခုခံခြင်း၊ ထိုးကြိတ်ခြင်းတို့ကြောင့် ရဲဒုတပ်ကြပ် ချစ်သန်းအောင် ကိုင်ဆောင်သော ၁၂ ဗို့ ပြောင်းချော သေနတ်ဖြင့် နှစ်ချက်ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။

ပူးပေါင်းအဖွဲ့များက ဆက်လက်၍ လိုက်လံဖမ်းဆီးခဲ့ရာ နံနက် ၉ နာရီ ၅ မိနစ်က ဖြူရောင်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြား လမ်းကွေ့အရောက်တွင် ဖမ်းဆီးရမိပြီး အဆိုပါဆိုင်ကယ်များပေါ်မှ ဘိန်းစိမ်း ၈၄ ထုပ်၊ အလေးချိန် ကီလို ၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၇၅၀)ကို သယ်ဆောင်လာသူများဖြစ်သည့် ဗန်းမော်မြို့နယ် လက်ပကုန်း ရွာနေ အောင်စိုး(၂၉နှစ်)၊ ဆန်းဒေးထူး (၂၉နှစ်)နှင့် ဖယ်ခုံမြို့နယ် လွမ်းစေတီ ကျေးရွာနေ စိုးမိုးနိုင်(၂၂နှစ်) တို့သုံးဦး အား ဖမ်းဆီးရမိခဲ့သည်။

ကျန်နှစ်ဦးမှာ တောင်အောက်လျှိုထဲသို့ထွက်ပြေးသွားခဲ့သဖြင့် မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းခိုင် ဦးဆောင်သောအဖွဲ့သည် အဖွဲ့ခွဲပြီး လိုက်လံဖမ်းဆီးရာ ညောင်ကုန်းကျေးရွာအနီး အရောက် ဖယ်ခုံမြို့နယ် လွမ်းစေတီ ကျေးရွာနေ မောင်ထွန်း(၂၅နှစ်)ကို ဖမ်းဆီးရမိပြီး ကျန်တစ်ဦးမှာ လျှိုထဲမှ တောင်ပေါ်သို့ ဆက်လက်ထွက်ပြေးသွားသဖြင့် ဒုတပ်ကြပ် ချစ်သန်းမောင် ကိုင်ဆောင်သော ၁၂ ဗို့ပြောင်းချော သေနတ်ဖြင့် ခြောက်ချက်၊ ရဲအုပ်ထွန်းထွန်းဝင်း ကိုင်ဆောင်သော အမ်အေ-၁၃ သေနတ်ဖြင့် ငါးချက် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ထပ်မံထွက်ပြေးသဖြင့် ၁၂ ဗို့ပြောင်းချောသေနတ်ဖြင့် သုံးချက်ထပ်မံပစ်ခတ် ဖမ်းဆီးခဲ့ရာ တောင်အောက်လျှိုအတွင်း ချောင်းစပ်တွင် ဖယ်ခုံမြို့နယ် လွမ်းစေတီကျေးရွာနေ မျိုးလွင်ဝင်း(၂၁နှစ်)ကို ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိပြီး ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့များက စစ်ဆေးရာ မျိုးလွင်ဝင်း စီးနင်းသော ဆိုင်ကယ်ပေါ်မှ ဘိန်းစိမ်း ၂၆ ထုပ်(အလေးချိန် ကီလို ၂၀)၊ အောင်စိုး စီးနင်းသော ကင်ဒါ ၁၂၅ ဆိုင်ကယ်ပေါ်မှ ဘိန်းစိမ်း ၂၇ ထုပ်၊ (အလေးချိန် ၁၂ ကီလို)၊ ဆန်းဒေးထူး စီးနင်းသော ဆိုင်ကယ်ပေါ်မှ ဘိန်းစိမ်း ၃၁ ထုပ် (အလေးချိန် ၁၈ ကီလို) စုစုပေါင်း ဘိန်းစိမ်း ၈၄ ထုပ်၊ အလေးချိန် ၅၀ ကီလို (စုစုပေါင်း တန်ဖိုး ငွေကျပ် သိန်း ၇၅၀)ကို သိမ်းဆည်းရမိခဲ့သဖြင့် မိုးကုတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# လှိုင်သာယာ၌ စက်ရုံပိတ်ချိန် လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ရာမှ မီးလောင်မှုဖြစ်

**လှိုင်သာယာ  အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းစက်မှုဇုန်တွင် အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က စက်ရုံပိတ်ချိန် လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ရာမှ မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်းနှင့် ကျန်စစ်သားလမ်းထောင့် အမှတ် (၄၅၆)ရှိ ဦးဇေယျာမင်း ပိုင်ဆိုင်သော 7 Star ပလတ်စတစ်စက်ရုံ၌ အောက်တိုဘာ ၆ ရက် ညနေပိုင်းက လျှပ်စစ်ရေနွေးအိုး တည်ထားခဲ့ပြီး မေ့လျော့ကာ စက်ရုံပိတ်ချိန်တွင် မိန်းချခဲ့ကြောင်း၊ အောက်တိုဘာ ၇ ရက် နံနက်တွင် မိန်းပြန်တင်သောအခါ အဆိုပါ လျှပ်စစ်ရေနွေးအိုးမှာ အပူလွန်ကဲ၍ ပလတ်စတစ်များ ပြုလုပ်ရာတွင် ရောစပ်အသုံးပြုသော တင်ဒါဆေးရည်များနှင့် ပလတ်စတစ်ပစ္စည်းများကို ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုသတင်းအရ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၄၃ စီး၊ ရေသယ်ယာဉ် ၁၈ စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ စက်တပ်ယာဉ် တစ်စီး၊ အုပ်ချုပ်မှုယာဉ် ရှစ်စီးဖြင့် မီးသတ်ဝန်ထမ်း ၄၉၁ ဦး၊ အရန်မီးသတ် ၁၆၃ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံးနှင့် ကော်စေ့အိတ် ၅၀၀၊ လူသုံးကုန်ကော်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများဆုံးရှုံးမှုတန်ဖိုး ခန့်မှန်းခြေသိန်းရှစ်ရာကျော်ရှိကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ စက်ရုံတာဝန်ကျ ဝန်ထမ်း ကိုစိုးမင်းအေး(၂၆နှစ်)အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# တပ်ကုန်း၌ သစ်ပင်အောက်မိုးခိုသည့် ဇနီးမောင်နှံနှစ်ဦး မိုးကြိုးပစ်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**တပ်ကုန်း  အောက်တိုဘာ ၈**

ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်(တောင်ပို့သာ)ရဲစခန်းနယ်ပိုင် ကျောက်စရစ်ကုန်းကျေးရွာအုပ်စု ကျွဲလည်ပင်ကျေးရွာတွင် အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က ဇနီးမောင်နှံနှစ်ဦး မန်ကျည်းပင်အောက် မိုးခိုနေစဉ် မိုးကြိုးပစ်ခံရ၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်စရစ်ကုန်းကျေးရွာအုပ်စု ကျွဲလည်ပင်ကျေးရွာ၏အနောက်ဘက် ကိုက် ၅၀၀ ခန့်အကွာ ယာတောအတွင်း တောင်သူလုပ်ငန်းလုပ်ကိုင်နေစဉ် မိုးရွာသွန်းလာ၍ မန်ကျည်းပင်အောက်၌ မိုးခိုနေစဉ် မိုးကြိုးပစ်ချခဲ့ရာ ကိုနေလင်း(၃၃ နှစ်) နှင့် မဇင်မာဝင်း(၃၂ နှစ်)တို့ ဒဏ်ရာများရရှိ၍ တပ်ကုန်း ခုတင် ၁၀၀ ဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူနေစဉ် ဇနီးဖြစ်သူမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

# အိမ်မဲ၌ မိုးကြိုးပစ်ခံရ၍ တစ်ဦးသေဆုံး

**နေပြည်တော်  အောက်တိုဘာ ၈**

အိမ်မဲမြို့နယ် ချောင်းဖျားကျေးရွာနေ မောင်ဝေမျိုးဟန်(၁၄နှစ်)သည် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက သူငယ်ချင်းငါးဦးနှင့်အတူ ကံစုကျေးရွာ ဘုန်းကြီးကျောင်းသို့ သွားရောက်စဉ် ကျေးရွာချင်းဆက် တာလမ်း၌ မိုးကြိုးပစ်ခံရ၍ မောင်ဝေမျိုးဟန်သည် ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်းနှင့် လူကောင်းကျွန်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# မင်းလှ၌ မိုးကြိုးပစ်ခံရ၍ တစ်ဦးသေဆုံး

**မင်းလှ  အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် တူးမြောင်းကျေးရွာတွင် အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ပြောင်းခင်းအတွင်း အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ စစ်ကွင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်နိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူ မစန္ဒာမြင့် (၂၂နှစ်)သည် တူးမြောင်းရွာထိပ်ကိုင်းကွက်အတွင်း ပြောင်းစိုက်နေစဉ် မိုးကြိုးပစ်ခံရပြီး ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့နယ် စစ်ကွင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# ဘိုကလေး၌ ငါးဖမ်းပိုက်ချနေစဉ် မိုးကြိုးပစ်၍ နှစ်ဦးသေဆုံး

**နေပြည်တော်  အောက်တိုဘာ ၈**

ဘိုကလေးမြို့နယ် ပျဉ်းမကုန်းကျေးရွာနေ ဝင်းကို(၂၄ နှစ်)နှင့် ဇနီးဖြစ်သူ မစိုးစန္ဒာလင်း (၂၀ နှစ်)တို့သည် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ဝါးရခိုင်မြစ်အတွင်း ငါးဖမ်းပိုက်ချနေစဉ် မိုးကြိုးထိမှန်ခဲ့သဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း နှင့် မြင်းကကုန်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဒုတိယအကြိမ်မြောက် အမေရိကန်-မြောက်ကိုရီးယား အစည်းအဝေး စောနိုင်သမျှ စောစွာကျင်းပရန် ကင် သဘောတူ

**ပြုံယမ်း အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် နျူကလီးယားကင်းစင်ရေး အပြုသဘောဆောင် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖြစ်နိုင်သမျှ ဆောလျင်စွာ ဒုတိယအကြိမ်မြောက် အစည်းအဝေး ကျင်းပရန် သဘောတူခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ မထွက်ခွာမီ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက နှစ်နာရီခန့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ၎င်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ဒုတိယအကြိမ်မြောက် အမေရိကန်-မြောက်ကိုရီးယား အစည်းအဝေးကို စောနိုင်သမျှ စောစောကျင်းပရန် သဘောတူခဲ့ကြောင်း၊ သို့သော်လည်း မည်သည့်အချိန်၊ မည်သည့်နေရာတွင် ပြုလုပ်မည်ဆိုသည့် အသေးစိတ်အချက်အလက်များကို သဘောတူညီမှု မရသေးကြောင်း တောင်ကိုရီးယားသမ္မတရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ၎င်းနှင့် ကင်တို့သည် မြောက်ကိုရီးယားနိုင်ငံက လုပ်ဆောင်နေသည့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ရှေ့ခြေလှမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးကာ အမေရိကန်ဘက်က လုပ်ကိုင်နေသည့် အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ယခုခရီးစဉ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားနိုင်ငံသို့ လေးကြိမ်မြောက်ရောက်ရှိခဲ့သည့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရမ့်နှင့် ကင်တို့သည် လွန်ခဲ့သော ဇွန်လက စင်ကာပူတွင် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြရာ အဆိုပါတွေ့ဆုံမှုအပေါ် ဝေဖန်သူများက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး၌ မြောက်ကိုရီးယားခေါင်းဆောင်က မသေချာမရေရာသည့် ကတိပေးမှုများကိုသာ ပြုလုပ်ခဲ့ကြောင်း ဝေဖန်ခဲ့ကြသည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအပေါ် အမေရိကန်သမ္မတ ထရမ့်၏ ရိုးသားစွာ ကြိုးစားဆောင်ရွက်မှုအပေါ် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ကင်က ဖော်ပြခဲ့ပြီး အဆိုပါအရေး မည်ကဲ့သို့ဖြေရှင်းသွားမည်ဆိုသည့် အသေးစိတ် အချက်အလက်များကို ကင်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း မြောက်ကိုရီးယားသတင်းအေဂျင်စီဖြစ်သော ကေစီအင်န်အေသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။



**အေအက်ဖ်ပီ**

# လက်နက်ကြီးများကို စစ်မဲ့ဇုန်မှ ရက်အနည်းငယ်အတွင်း ရုပ်သိမ်းသွားမည်ဟု ဆီးရီးယားသူပုန်များ ပြောကြား

**အီဒလစ် အောက်တိုဘာ ၈**

အစိုးရတိုက်ခိုက်မှုများ ရပ်တန့်ရေး သဘောတူညီမှုအောက်တွင် တူရကီထောက်ခံ သူပုန်များက ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ အင်အားကြီး တပ်ဖွဲ့များကြား ထိပ်တိုက်မတွေ့စေရန် ကြားမှခံပေးထားသော ကြားခံနယ်မြေ (စစ်မဲ့ဇုန်) မှ လက်နက်ကြီးများကို ပြန်လည်ရုပ်သိမ်းပေးရေးနှင့် ပတ်သက်ပြီး ရက်အနည်းငယ်အတွင်း အပြီးသတ်ရုပ်သိမ်းနိုင်တော့မည်ဟု မျှော်လင့်ကြောင်း မကြာသေးမီက ပြောခဲ့သည်။

အစိုးရမဟာမိတ် ရုရှားနိုင်ငံနှင့် သူပုန်တပ်ဖွဲ့များကို ထောက်ခံပေးနေသည့် တူရကီနိုင်ငံတို့သည် တူရကီနယ်စပ်ရှိ ဆီးရီးယားအနောက်မြောက်ပိုင်းဒေသဖြစ်သော အီဒလစ်ပြည်နယ်၌ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာမှုဟုခေါ်ဆိုရမည့် ခုနစ်နှစ်ကြာထဲဝင်ရောက်လာသည့် ဆီးရီးယားပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးအတွက် စက်တင်ဘာ ၁၇ ရက်က သဘောတူညီမှုတစ်ခု ရရှိခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က ဆီးရီးယားနိုင်ငံအတွက် အဆိုပါသဘောတူညီချက်သည် အစိုးရတပ်များ အဆိုပါဒေသကို ပြန်လည်မသိမ်းပိုက်ခင်အထိ ယာယီဆောင်ရွက်ချက်တစ်ခုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီဒလစ်နှင့် အခြားဆီးရီးယားနိုင်ငံ၏ အချုပ်အခြာဒေသများသည် သူပုန်များလက်အောက်သို့ ရောက်ရှိနေရာ အဆိုပါဒေသများကို ဆီးရီးယားအစိုးရလက်အောက်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘာ့သ်ပါတီ ဗဟိုအစည်းအဝေးအတွင်း ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က ပြောခဲ့သည်။

လွန်ခဲ့သည့်လက နှစ်ဖက်သဘောတူခဲ့သော သဘောတူညီမှုတွင် အီဒလစ်မှ စကာ ၁၅ ကီလိုမီတာမှ ကီလိုမီတာ ၂၀ (၉ မိုင်မှ ၁၂ မိုင်) အထိ စစ်မဲ့ဇုန်အဖြစ် ဖန်တီးရေး ပါရှိခဲ့သည်။



အဆိုပါ သဘောတူညီချက်အရ သူပုန်များသည် စစ်မဲ့ဇုန်မှ အကြီးစားလက်နက်များကို ဗုဒ္ဓဟူးနေ့နောက်ဆုံးထားကာ ပြန်လည်သိမ်းဆည်းရမည်ဖြစ်ပြီး တော်လှန်ရေးတပ်ဖွဲ့များကလည်း အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထားကာ ထွက်ခွာသွားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အမျိုးသားလွတ်မြောက်ရေးတပ်ဦးသည် ရုရှားနှင့် တူရကီတို့ကြား သဘောတူညီချက် အစိတ်အပိုင်းတစ်ခုအနေဖြင့် အကြီးစားလက်နက်များကို ပြန်လည်ရုပ်သိမ်းနေပြီဖြစ်ကြောင်း စနေနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်ရာ နေရာများသို့ နိုင်ငံတကာစုံစမ်းစစ်ဆေးသူများကို လာရောက်ခွင့်ပြုမည်

**ပြုံယမ်း အောက်တိုဘာ ၈**

နိုင်ငံတကာစုံစမ်းစစ်ဆေးသူများကို မြောက်ကိုရီးယားနိုင်ငံ၏ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဖျက်သိမ်းနေသော နျူကလီးယားစမ်းသပ်ရာ နေရာများကို လာရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံပြီးနောက် အောက်တိုဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ယခင်ဆွေးနွေးခဲ့သော နျူကလီးယားကင်းစင်ရေးဆွေးနွေးမှုကို တစ်ဖန်ဆန်းသစ်စေသည့်အနေဖြင့် မိုက်ပွန်ပီအိုက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် နိုင်ငံတကာစုံစမ်းစစ်ဆေးသူများကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဖျက်သိမ်းနေသော Punggyeri နျူကလီးယားစမ်းသပ်ရေးနေရာကို လာလည်ဖို့ ခွင့်ပြုရန် အဆင်သင့်ရှိနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

နိုင်ငံတကာလေ့လာသူများကို မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ Punggye-ri တည်နေရာသို့ လာရောက်ရန် ယခင်ကခွင့်မပြုရာမှ ယခုမှစပြီး ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာသည် တရုတ်နိုင်ငံနှင့် နယ်နိမိတ်အနီး တောင်ကုန်းများအောက်တွင် တည်ရှိပြီး မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှု ခြောက်ခုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်နိုင်သည့်အလားအလာများအပေါ် နှစ်ဖက်သဘောတူညီမှုရပြီးပါက အဆိုပါ နေရာသို့ စုံစမ်းစစ်ဆေးသူများကို လာရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# သီရိလင်္ကာနိုင်ငံတစ်ဝန်း မိုးသည်းထန်ရွာသွန်းမှုကြောင့် လေးဦးထက်မနည်း သေဆုံး

**ကိုလံဘို အောက်တိုဘာ ၈**

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် သီတင်းပတ်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လေးဦးထက်မနည်း သေဆုံးခဲ့ကာ ၁၀၀၀၀ ကျော် သဘာဝဘေးဒုက္ခခံစားခဲ့ရကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက အောက်တိုဘာ ၈ ရက်တွင် ပြောခဲ့သည်။

သေဆုံးသူလေးဦးမှာ သီရိလင်္ကာနိုင်ငံတောင်ပိုင်း ကာလူတာရာခရိုင်နှင့် ဂယ်လီခရိုင်တို့မှဖြစ်ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုစင်တာ ပြောခွင့်ရပုဂ္ဂိုလ် ပရာဒိကော်ဒစ်ပီလီက ပြောခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတောင်ပိုင်းရှိ ဘာဒူလာ၊ ကာလူတာရာ၊ ဂယ်လီနှင့် ဂီဂါလီ စသည့်ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သောကြောင့် အိမ်ထောင်စုပေါင်းများစွာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မိုးရွာသွန်းနိုင်ခြေရှိသည့်အတွက် အဆိုပါဒေသများတွင် သတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားကြောင်းနှင့် နောက်ဆုံးထုတ်ပြန်ခဲ့သည့် ရာသီဥတုသတိပေးချက်တွင် မိုးလေဝသဌာနက နိုင်ငံအတွင်း နေရာအတော်များများတွင် အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးများ ဆက်လက်ရွာသွန်းနိုင်ခြေရှိကြောင်း ကြေညာထားသည်။

**အေအက်ဖ်ပီ**



နိုင်ငံတကာ သတင်းတိုထွာ

## ဟေတီနိုင်ငံတွင် ငလျင်လှုပ်ရာ ၁၄ ဦးထက်မနည်း သေဆုံး

**ပေါ့ဒီပိတ် အောက်တိုဘာ ၈**

ဟေတီနိုင်ငံတွင် မကြာသေးမီက ၅ ဒသမ ၉ အဆင့်ရှိအင်အား အလွန်ပြင်းထန်သော ငလျင်တစ်ခု လှုပ်ခဲ့ရာ ၁၄ ဦးထက်မနည်း သေဆုံးပြီး ၁၈၈ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ငလျင်လှုပ်ပြီးနောက် ဟေတီအစိုးရသည် အရေးပေါ်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောခဲ့သည်။

ငလျင်သည် ဒေသစံတော်ချိန် ည ၈ နာရီ ၁၀ မိနစ်တွင် ပေါ့ဒီပိတ်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာရှိ မြေပြင်အနက် ၁၁ ဒသမ ၇ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ငလျင်လှုပ်မှုကို လူပေါင်း ၁၁ သန်းခန့် ခံစားသိရှိခဲ့ကြောင်း အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက ပြောခဲ့သည်။

ဟေတီနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က လှုပ်ခဲ့သော ငလျင်ကြီးကြောင့် လူပေါင်း ၂၀၀၀၀၀ ခန့် သေဆုံးခဲ့ပြီး ၃၀၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ ငလျင်သည် ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိကြောင်း သိရသည်။ ယင်း ငလျင်သည် နှစ်ပေါင်း ၂၀၀ အတွင်း အဆိုးရွားဆုံး လှုပ်ခဲ့သည့် ငလျင်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ သီရိလင်္ကာ၊ အိန္ဒိယတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မည်

**တိုကျို အောက်တိုဘာ ၈**

ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံမှ တပ်ဖွဲ့များနှင့် သီးသန့် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်း တရုတ်နိုင်ငံ၏ ရေကြောင်းဆိုင်ရာလုပ်ရှားမှုများ တိုးချဲ့လုပ်ဆောင်နေစဉ် အဆိုပါ စစ်ရေးလေ့ကျင့်မှုများကို အိန္ဒိယသမုဒ္ဒရာ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ အကြီးဆုံး ဖျက်သင်္ဘော ကာဂါသည် သီရိလင်္ကာ ကိုလံဘိုဆိပ်ကမ်းမှ အခြားဂျပန်ဖျက်သင်္ဘောတစ်စင်းနှင့်အတူ စက်တင်ဘာ ၃၀ ရက်က ထွက်ခွာလာပြီဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ရေတပ် သင်္ဘောစုမှ အရာရှိများသည် ဂျပန်ဖျက်သင်္ဘော ကာဂါပေါ်သို့တက်ကာ ပူးပေါင်းလေ့ကျင့်မှုများ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ကာဂါသည် အိန္ဒိယရေတပ်နှင့် ပူးပေါင်းပြီး အိန္ဒိယသမုဒ္ဒရာတွင် ၁၀ ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# မတူညီကွဲပြားမှုတွေကြားက ဖြစ်ပေါ်လာတဲ့ ဘရာဇီးသမ္မတရွေးကောက်ပွဲမှာ ဘယ်သူ သမ္မတဖြစ်မလဲ

**ထွန်းသစ်စ**

**ဘရာဇီးပြည်သူတွေဟာ အောက်တိုဘာ ၇ ရက်က နှစ်ပေါင်းများစွာအတွင်း သဘောထားကွဲလွဲမှုတွေဖြစ်နေတဲ့ ဘရာဇီးသမ္မတရွေးကောက်ပွဲမှာ ဆန္ဒမဲပေးခဲ့ပါတယ်။ ပြစ်မှုတွေကို ဖြိုခွဲနှိမ်နင်းမှုတွေ လုပ်ဆောင်သွားမှာဖြစ်ပြီး ခိုင်မာတဲ့သံမဏိကတိစကားတွေ ပြောကြားခဲ့တဲ့ လက်ယာစွန်းနိုင်ငံရေးသမားဖြစ်တဲ့ ဂျာဘော်ဆွန်နာရိုကတော့ လတ်တလောမှာ ပြည်သူ့အကြိုက် ဖြစ်နေပါတယ်။**




**ရေပန်းစားလျက်ရှိ**

စက်တင်ဘာ ၆ ရက် မဲဆွယ်စည်းရုံးရေးကာလကတည်းက သူ့ကိုထောက်ခံတဲ့ မဲဆန္ဒရှင်တွေဟာ ဒီရေအလား တရိပ်ရိပ်တက်လာခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက ရီယိုဒီဂျနေးရိုးအနောက်ပိုင်းမှာ မဲပေးခဲ့တဲ့ သူဟာ ရွေးကောက်ပွဲ ပထမအကျော့မှာ နိုင်ခြေရှိသူအဖြစ် ပြည်သူကြား ရေပန်းစားလျက်ရှိပါတယ်။

ဒါဟာ ဖြစ်နိုင်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲ လေ့လာဆန်းစစ်သူတွေကတော့ အသက် ၆၃ နှစ်ရှိ လေထီးစစ်သားဟောင်းဟာ တနင်္ဂနွေနေ့ မဲရလဒ်မှာ အပြတ်အသတ် အနိုင်ရနိုင်ခြေရှိတယ်လို့ ဆိုပါတယ်။ ဘရာဇီးသမ္မတလောင်း အားပြိုင်ပွဲဟာ လာမယ့် အောက်တိုဘာ ၂၈ ရက်မှာ အဖြူအမည်းသဲကွဲမှာပဲ ဖြစ်ပါတယ်။

**ပြိုင်ဘက်ဘယ်သူလဲ**

လက်ယာစွန်းနိုင်ငံရေးသမားဖြစ်တဲ့ ဂျာဘော်ဆွန်နာရိုရဲ့ ပြိုင်ဘက်ကတော့ အရင် ဆော်ပိုလိုမြို့တော်ဝန် ဖာနန်ဒိုဟက်ဒ်ဒက်ဖြစ်ပြီးတော့ သူဟာ အရင် ဘရာဇီးသမ္မတ လုဇ်အီနာချို လူလာဒါဆယ်လ်ဗာရဲ့ အနီးမှာ လုပ်ကိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဘရာဇီးသမ္မတဟောင်းဟာ အခုအခါမှာတော့ အကျင့်ပျက်ခြစားမှုတွေနဲ့ ၁၂ နှစ်ကြာ ထောင်ကျခံနေရပါတယ်။

ဟက်ဒ်ဒက်ဟာ ဘရာဇီးနိုင်ငံရဲ့ အကြီးဆုံးမြို့တော်ကို သွားရောက်ပြီး မဲပေးတဲ့အခါမှာ သူ့ကိုထောက်ခံသူတွေဟာ တစ်ခဲနက် ထောက်ခံအားပေးခဲ့တာကို တွေ့ရပါတယ်။ သူ့ဘက်ကိုယ့်ဘက်ပရိသတ်ကတော့ ရှိစမြဲပါ။ ဘယ်သူက ဘယ်သူ့ကို ပိုပြီးထောက်ခံမလဲ၊ ယုံကြည်မလဲ ဆိုတာကတော့ မကြာခင်မှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားတော့မှာပဲ ဖြစ်ပါတယ်။

**ကြွေးမြီတွေမြင့်တက်လာတာကို လျှော့ချချင်**

လက်ယာစွန်းနိုင်ငံရေးသမားဖြစ်တဲ့ ဂျာဘော်ဆွန်နာရိုဟာ ဘရာဇီးနိုင်ငံရဲ့ ကြွေးမြီတွေ မြင့်တက်လာနေတာကို လျှော့ချချင်နေသူဖြစ်သလို အမေရိကန်ပြည်ထောင်စုနဲ့ အစ္စရေးနိုင်ငံတို့အပေါ် လက်ခံယုံကြည်တဲ့သူလို့ ပြောရင်လည်း မမှားနိုင်ပါဘူး။ သူ့ကို သုံးယောက်မှာ တစ်ယောက်ထက်ပိုပြီး မဲပေးနိုင်တယ်လို့ ရွေးကောက်ပွဲ သုံးသပ်သူတွေက ပြောပါတယ်။

“ကျွန်တော်တို့နိုင်ငံမှာ အကျင့်ပျက်ခြစားမှုတွေဖြစ်နေတာ ရပ်သင့်ပြီလို့ ထင်ပါတယ်။ ကျွန်တော်တို့ဟာ အလွန်ချမ်းသာတဲ့နိုင်ငံကို ပိုင်ဆိုင်ထားပြီး ဘယ်လိုနည်းနဲ့မှ လွဲမှားသူတွေလက်ထဲ ထည့်လို့မရပါဘူး”လို့ အသက် ၅၃ နှစ်ရှိ ဥပဒေသမားတစ်ဦးဖြစ်တဲ့ ရို့စ်ဆဲလ်လီမယ်လ်ဟိုမင်က ဆိုပါတယ်။

**သတိထားပြီး ရွေးချယ်ရမယ်**

ဘရာဇီးပြည်သူတွေဟာ ရွေးကောက်ခံသမ္မတလောင်းတွေကို သတိထားပြီး ရွေးချယ်ရမှာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘရာဇီးနိုင်ငံရဲ့ အရင် သမ္မတဟာ အကျင့်ပျက်ခြစားမှုနဲ့ ထောင်ဒဏ်ချမှတ်ခံနေရပြီးတော့ နိုင်ငံဟာ ကြွေးမြီတွေ ထူပြောနေတဲ့အချိန် ဖြစ်လို့ပါပဲ။

ဘရာဇီးပြည်သူတွေဟာ ပုဂ္ဂိုလ်ရေးအမြင်မကြည်မှုတွေကို ဘေးဖယ်ပြီး နိုင်ငံအတွက် မှန်ကန်တဲ့ပုဂ္ဂိုလ်ကို ရွေးချယ်ရမှာဖြစ်တဲ့အတွက် အခုကျင်းပတဲ့ ဘရာဇီးသမ္မတရွေးကောက်ပွဲဟာ အလွန်အရေးကြီးတဲ့၊ အတိမ်းအစောင်းမခံတဲ့ ပွဲလို့ပဲ ဆိုရမှာဖြစ်ပါတယ်။

ယနေ့ ဘရာဇီးနိုင်ငံဟာ စီးပွားရေးကျဆင်းမှုတွေ၊ ဆာလောင်မွတ်သိပ်မှုတွေ၊ လမ်းပေါ်မှာ နေနေရတဲ့ဘဝတွေ၊ အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်လာနေတာကို တွေ့ရမှာဖြစ်တယ်လို့ အသက် ၅၃ နှစ်ရှိ ဥပဒေသမားတစ်ဦးဖြစ်တဲ့ ရို့စ်ဆဲလ်လီမယ်လ်ဟိုမင်က ထောက်ပြ ပြောဆိုခဲ့ပါတယ်။

လက်ယာစွန်းနိုင်ငံရေးသမားဖြစ်တဲ့ ဂျာဘော်ဆွန်နာရိုဟာ အမျိုးသမီးတွေ၊ လိင်တူတွေ၊ ဆင်းရဲသားတွေနဲ့ ဘရာဇီးအစိုးရအပေါ် စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ မှတ်ချက်စကားတွေ မကြာခဏ မှတ်ချက်ချ ပြောကြားတဲ့သူလည်း ဖြစ်ပါတယ်။ မဲဆန္ဒရှင် ၃၆ ရာခိုင်နှုန်းဟာ ဂျာဘော်ဆွန်နာရိုကို ထောက်ခံခဲ့ပြီးတော့ မဲဆန္ဒရှင် ၂၂ ရာခိုင်နှုန်းကတော့ ဟက်ဒ်ဒက်ကို ထောက်ခံခဲ့ပါတယ်လို့ ရွေးကောက်ပွဲစစ်တမ်းတွေမှာ ဖော်ပြခဲ့ပါတယ်။

အလုပ်သမားပါတီရဲ့ အထင်ကရ ပုဂ္ဂိုလ် လူလာကို ထောက်ခံသူတွေရဲ့ ထောက်ခံမှုကို အသက် ၅၅ နှစ်ရှိတဲ့ ဟက်ဒ်ဒက်က ရရှိခဲ့တယ်လို့ သိရပါတယ်။

**အတက်အကျမြန်တဲ့ ဘရာဇီးစီးပွားရေး**

ဘရာဇီးနိုင်ငံဟာ လူလာအုပ်ချုပ်တဲ့ ၂၀၀၃ ခုနှစ်ကနေပြီး ၂၀၁၀ ပြည့်နှစ်အထိ စီးပွားရေး အထွတ်အထိပ်ရောက်ပြီးတော့ သူ့ရဲ့နောက် ဆက်ခံသူ ဒယ်မာရဆက်ဖ်ကို ရွေးချယ်လိုက်ချိန်ကစပြီး အဆိုးရွားဆုံး စီးပွားပျက်ကပ်နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သူ့ကို စီးပွားရေးဆိုင်ရာ တလွဲစီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး ဘရာဇီးပြည်သူတွေက ပြစ်တင်ခဲ့ကြပါတယ်။

လတ်တလော ဘရာဇီးနိုင်ငံ ခံစားနေရတဲ့ စီးပွားရေးကျပ်တည်းမှုတွေနဲ့ ပတ်သက်ပြီး မြောက်မြားစွာသော ဘရာဇီးပြည်သူတွေဟာ အလုပ်သမားပါတီကို စွပ်စွဲပြစ်တင်မှုတွေ လုပ်နေကြပါတယ်။

နောက်ဆုံးရလဒ်ကတော့ အခုအခါမှာတော့ အယူဝါဒတွေ ကွဲပြားမှုတွေရှိနေတဲ့ ဘရာဇီးရွေးကောက်ပွဲကြီး ပေါ်ပေါက်လာတာပဲ ဖြစ်ပါတယ်။ သမ္မတလောင်းနှစ်ဦးကို ကြိုက်လှတယ်တော့မဟုတ်ဘဲ မတတ်သာတဲ့အဆုံး သူတို့ဟာ တစ်ခုခုကိုတော့ ပြောင်းလဲခြင်းလမ်းစ တွေ့လိုတွေ့ငြား ရွေးချယ်ရမှာပဲ ဖြစ်ပါတယ်။

**အစွန်းရောက်မှာ စိုးရိမ်ရ**

မဲဆန္ဒရှင်တွေဟာ လက်ယာစွန်းနိုင်ငံရေးယူဆချက်နဲ့ လက်ဝဲယိမ်း နိုင်ငံရေးဝါဒနဲ့ အယူအဆကြား ပိတ်မိနေပါတယ်လို့ ရီယိုဒီဂျနေးရိုးတက္ကသိုလ်မှ နိုင်ငံရေးလေ့လာသူ ဂျီရယ်ဒိုမွန်တီရီယိုက ဆိုပါတယ်။ သူနိုင်ကိုယ်နိုင် အနိုင်အရှုံးကွဲပြားမယ့် တကယ့် သမ္မတရွေးကောက်ပွဲမှာ အစွန်းရောက်မှာတောင် စိုးရိမ်ရပါတယ်။ အကြမ်းဖက်မှုတောင် ဖြစ်မှာ စိုးရိမ်ရတယ်လို့ သူက ဆက်လက်ပြောကြားခဲ့ပါတယ်။

သမ္မတရွေးကောက်ပွဲမှာ သမ္မတဖြစ်လာမယ့်သူကတော့ ကမ္ဘာ့ရှစ်ခုမြောက် အကြီးဆုံးစီးပွားရေးရှိသလို လူသန်းပေါင်း ၂၁၀ ကျော်ရှိပြီး တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ကာ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝတဲ့ ဘရာဇီးနိုင်ငံကို အုပ်ချုပ်ရမှာပဲ ဖြစ်ပါတယ်။

**ဥပဒေပြုရေးမဏ္ဍိုင်တွေ အားကောင်းလာဖွယ်ရှိ**

အကယ်၍များ ဂျာဘော်ဆွန်နာရိုသာ သမ္မတဖြစ်ခဲ့မယ်ဆိုပါက ဥပဒေမဟာမိတ်အဖွဲ့တွေကို ဖွဲ့စည်းသွားမှာပဲဖြစ်တယ်လို့ သိရပါတယ်။ တနင်္ဂနွေနေ့ အထွေထွေရွေးကောက်ပွဲပြီးတဲ့နောက်မှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး ဥပဒေပြုလွှတ်တော်အမတ်သစ်တွေကို ရွေးချယ်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ အကောင်းဆုံးရွေးချယ်နိုင်မှသာ လက်တစ်ဆုပ်စာ နေရာလောက်သာ ရရှိမှာဖြစ်ပါတယ်။

လက်ရှိသမ္မတဖြစ်နေတဲ့ ရှုဆက်ဖ်ရဲ့ ဗဟိုလက်ယာယိမ်းလက်ထောက်ဖြစ်ခဲ့ဖူးသူ မိုက်ကယ်တီမာကတော့ တနင်္ဂနွေနေ့ သမ္မတရွေးကောက်ပြိုင်ပွဲမှာ ဝင်ရောက်မယှဉ်ပြိုင်ခဲ့ဘူးလို့ သိရပါတယ်။

ပြည်သူ့ဆန္ဒမဲကတော့ လက်ယာစွန်းနိုင်ငံရေးသမားဖြစ်တဲ့ ဂျာဘော်ဆွန်နာရိုကို အားသာလျက်ရှိပြီး အကယ်၍ သူသာ သမ္မတဖြစ်လာခဲ့မယ်ဆိုပါက ဥပဒေပြုရေးမဏ္ဍိုင်တွေ ကောင်းလာဖို့ရှိတယ်လို့ သိရပါကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

**“ဘရာဇီးပြည်သူတွေဟာ ရွေးကောက်ခံ သမ္မတလောင်းတွေကို သတိထားပြီး ရွေးချယ်ရမှာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘရာဇီးနိုင်ငံရဲ့ အရင်သမ္မတဟာ အကျင့်ပျက်ခြစားမှုနဲ့ ထောင်ဒဏ်ချမှတ်ခံနေရပြီးတော့ နိုင်ငံဟာ ကြွေးမြီတွေ ထူပြောနေတဲ့အချိန် ဖြစ်လို့ပါပဲ”**

## ရွှေဘိုမြို့ မြို့ထောင့်စေတီဘုရားပွဲတော်အတွင်း ကျုံးများ၌ ဇီဝိတဒါနငါးမျိုးများ စိုက်ထည့်

**ရွှေဘို အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကျင်းပလျက် ရှိသော သမိုင်းဝင်မြို့ထောင့်စေတီ ဘုရားပွဲတော်အတွင်း ကျုံးများ၌ ဇီဝိတဒါနငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက်က မြို့ထောင့်ဘုရားအရှေ့ကျုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့်အဖွဲ့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများမှ ငါးကောင်ရေ တစ်သိန်းကို ဇီဝိတဒါန ငါးမျိုး စိုက်ထည့်ခဲ့သည်။ ထို့နောက် ပန်းခြံကျုံး၊ ရဲကျုံး၊ ဘိုလ်မောင်ကျုံးနှင့် စစ်တပ်ကျုံးများတွင်လည်း ငါးကောင်ရေ ငါးသောင်းစီကို စိုက်ထည့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ငါးသယံဇာတများ ရေရှည်တည်တံ့တိုးပွားစေရန်၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်အတွက် ယခုလို ငါးမြစ်ချင်း တစ်သိန်းငါးသောင်းနှင့် ငါးခုံးမ တစ်သိန်းငါးသောင်းတို့ကို စိုက်ထည့်ခြင်းဖြစ်ကြောင်း ပြောသည်။

**ထွန်းမြင့်အောင်(ပြန်/ဆက်)**



ပြည်သူများအား တစ်နေရာတည်းမှ ဌာန ၁၁ ခုနှင့်သက်ဆိုင်သည့် အလုပ်များကို ဝန်ဆောင်မှုပေးနိုင်မည့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်သည့် အခမ်းအနားကို စစ်တွေမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အောက်တိုဘာ ၈ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးစဉ်။ စစ်တွေကိုယ်ပွား




## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်

ပွင့်ဖြူ အောက်တိုဘာ ၈

**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုအပေါ် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေ ပေးအပ်ပွဲကို ယမန်နေ့က ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥက္ကာမခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက သီးနှံထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်း ပြောကြားသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက တောင်သူများ သဘာဝဘေး အန္တရာယ်ကြောင့် သီးနှံပျက်စီးမှု လျော့ပါးစေရေးနှင့် သီးနှံဝင်ငွေတိုးတက်ကောင်းမွန်ရေးအတွက် ဈေးကွက်ကောင်းမွန်သော သက်တမ်းတိုသည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ရေး ပညာပေးရှင်းလင်း ဆွေးနွေးပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ပွင့်ဖြူမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံအလိုက် ပျက်စီးကေများအပေါ်တွင် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၁၅ ခုနှစ် ရေဘေးသင့်ကျေးရွာများအတွက် သီးနှံများ ရာသီအလိုက်အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး ရေစုပ်စက်များ ပေးအပ်ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။



တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ပွင့်ဖြူမြို့နယ်၌ ၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ကြောင့် ရေကြီးနစ်မြုပ်၍ သီးနှံများပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာအုပ်စု ၁၂ အုပ်စုမှ မိုးစပါး သီးနှံပျက်စီးဆုံးရှုံးဧက ၁၉၈၃ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၄၉၅၇၅၀၀၀၀ နှင့် ကျေးရွာအုပ်စု ၄၃ အုပ်စုမှ နှမ်းနှမ်း၊ မိုးနှမ်း၊ နှမ်းပဲတီစိမ်းနှင့် စပါးသီးနှံပျက်စီးမှုအတွက် အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၂၄၁၇၃၅၀၀၀ ကို ကျေးရွာများရှိ တောင်သူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၁၅ ခုနှစ်အတွင်း ရေဘေးသင့်ကျေးရွာအုပ်စု ၃၈ အုပ်စုမှ တောင်သူများအတွက် သီးနှံများ ရာသီအလိုက် အချိန်မီစိုက်ပျိုးနိုင်ရေး ရေစုပ်စက် အလုံး ၅၀နှင့် ဆက်စပ်ပစ္စည်းများကိုလည်း လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်စုများကိုယ်စား ကျစ်ကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလင်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မျိုးစေ့ထုတ်မျိုးသန့်ခြံသို့ ပြည်နယ်ဝန်ကြီး ကွင်းဆင်းစစ်ဆေး

**မင်းပြား အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကင်းဆိပ်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် လယ်ယာမြေတွင် ဆောင်ရွက်လျက်ရှိသည့် စုစုပေါင်း ၉၈ ဧက မိုးစပါး မျိုးစေ့ထုတ်မျိုးသန့်ခြံသို့ ယမန်နေ့က ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဒေသခံတောင်သူများက ကွင်းဆင်းစစ်ဆေး ကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးကြည့်ရှုရာတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်ဝင်းက ယခုနှစ်မိုးရာသီတွင် မျိုးစေ့ထုတ်မျိုးသန့်ခြံ၌ ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်ဦးစီးမှူးက စိုက်ပျိုးမျိုးစေ့ခြံတည်ဆောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မျိုးစေ့ထုတ်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ မိုးစပါးမျိုးစေ့ထုတ် မျိုးသန့် ခြံမှာ ၂၀၁၉ ခု မိုးရာသီတွင် တောင်သူများကို မျိုးစပါး ဖြန့်ဝေသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာ ပင်လယ်ကမ်းခြေ သန့်ရှင်းရေးဆောင်ရွက်

**ထားဝယ် အောက်တိုဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာ ပင်လယ်ကမ်းခြေရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်တည်ဆောက်ထားသော ဧည့်ရိပ်သာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပင်လယ်ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ထားဝယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးညိုအေး ဦးဆောင်၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဟိုတယ် နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်သော အဖွဲ့ဝင် ၄၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ခရိုင်ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင် ၂၅ဦး၊ ခရိုင် ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးသူနှင့် အသင်းဝင် ၁၀ ဦး၊ ဒေသခံပြည်သူ ၅၀ တို့က ပင်လယ်ကမ်းခြေတစ်လျှောက် အမှိုက်ကောက်ခြင်း၊ မီးရှို့ခြင်း၊ မလိုအပ်သော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် လောင်းလုံးမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီတို့ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## ဖားကန့်မြို့နယ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲကျင်းပ

**ဖားကန့် အောက်တိုဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံအဆင့်) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၆ ရက်က ဖားကန့် အထကပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးသန်းဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြင့်ဝေ၊ မြို့နယ်ပညာရေးမှူး ဦးခေါ်ဒေါင်ဖုန်ဆန်းနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသန်းဇော်ကွန်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားသင်တန်းသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားမှု၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်ပညာရေးမှူးတို့၏ ဦးဆောင်မှုဖြင့် ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သော ကြက်ခြေနီရှေးဦး ပြုစုခြင်း (အခြေခံအဆင့်) အမှတ်စဉ် (၄-၅-၆-၇/၂၀၁၈) သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် စာတွေ့လက်တွေ့ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ သင်တန်းနည်းပြများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

သင်တန်းကာလမှာစက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၅ ရက်အထိဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၄၇ဦး တက်ရောက်ကြကာ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌက ရှေးဦးပြုစုခြင်းစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# သရက် - အောင်လံ ရောဝတီမြစ်ကူးတံတားတည်ဆောက်မည့်ပုံစံ ရှင်းလင်းတင်ပြ

**သရက် အောက်တိုဘာ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်မည့် ရောဝတီမြစ်ကူးတံတား (သရက်-အောင်လံ) တံတားစီမံကိန်း၏ တည်ဆောက်မည့်တံတားပုံစံ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့က သရက်ခရိုင်လမ်းဦးစီးဌာန ညှိနှိုင်းရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်၊ တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ ညွှန်မှူး ဦးထွန်းလင်း (CE) နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

တံတား တည်ဆောက်ရေးနှင့် ပတ်သက်၍ တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ ညွှန်ကြားရေးမှူးက တံတားတည်ဆောက်ရေးအတွက် သရက်-အောင်လံမှ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တွေ့ဆုံရှင်းလင်း၍ တိုင်းဒေသကြီးအစိုးရ၏ အတည်ပြုချက်များဖြင့် ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ တံတားအရှည်မှာ ၂၃၀၀ မီတာ၊ တံတားအမြင့်ပေ ၁၀၀၊ တံတားလမ်းအကျယ်မှာ ၁၄ ပေ နှစ်လမ်းသွား၊ လူသွားပလက်ဖောင်း ၃ ဒသမ ၄ ပေရှိကြောင်း၊ တံတားရေရှည်တည်တံ့စေရန်နှင့် ရေကြောင်းပြောင်းလဲမှုရှိခဲ့လျှင်လည်း ရေယာဉ်များ သွားလာနိုင်စေရန် ရေလယ်တိုင်အကျယ်များ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်ဘတ်ဂျက်မှ စ၍ ခွင့်ပြုငွေ သုံးဘီလီယံဖြင့် မြေကြီးထဲက လုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း၊ ရေလယ်တိုင် ၁၃ တိုင်နှင့် အခန်းအဖွဲ့များကို ရှင်းလင်းပြောကြားသည်။

ခရိုင်အုပ်ချုပ်ရေးမှူးက တံတားချဉ်းကပ်လမ်းနှင့် မြေယာကိစ္စများ၊ လျော်ကြေးကိစ္စများ၊ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် အထက်အဆင့်ဆင့်ကို တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တက်ရောက်လာသော ရပ်မိရပ်ဖများကလည်း တံတားနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# သဲများဖုံးလွှမ်းသွားသည့်လယ်မြေများ ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှု စက်မှုလယ်ယာမှတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ရေတာရှည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဩဂုတ် ၂၉ ရက်က ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ချောင်းဘေးဝဲယာတစ်လျှောက်ရှိ မိုးစပါးစိုက်ခင်း ဧကပေါင်းများစွာ သဲများဖုံးလွှမ်းသွားခဲ့သည်။ ထိုသို့ သဲများဖုံးလွှမ်းသွားသည့် လယ်မြေများအား တောင်သူများ ဆောင်းသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅) နေပြည်တော်မှ စက်ယန္တရားများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် သဲနုန်းများကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းနောက် သဲနုန်းဖယ်ရှားပြီးစီးသွားသည့် လယ်မြေများအား ထွန်စက်များဖြင့် ထယ်ရေးပြန်လည်ဆောင်ရွက်ပေး၍ တောင်သူများအနေဖြင့် ပဲလွမ်းဖြူ ဧက ၁၀၀ ကျော် ပြန်လည်စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။ ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးပြီးစီးသွားသည့် ကွင်းကြီးကျေးရွာအုပ်စု ကွင်းအမှတ် ၆၂၆ ရှိ ကြို့ပင်ထိုက်ကျေးရွာနေ တောင်သူ ဦးလှဝင်း၏ ၁၀ ရက်သားရှိ ပဲလွမ်းဖြူ စိုက်ခင်းအား စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးစန်းအောင်နှင့် တာဝန်ရှိသူများက ယမန်နေ့က ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ကွင်းဆင်းကြည့်ရှုခဲ့သည်။



"စက်မှုလယ်ယာက စက်တွေနဲ့လည်း ပြန်လုပ်ပေးလို့ပါပဲ။ တောင်သူတွေကတော့ ဘာမှမရှိတော့ဘူး။ တချို့လည်း အခြားအရပ်တွေကို အလုပ်ထွက်လုပ်ကုန်ပြီ။ အခုတော့ ပဲလွမ်းဖြူမျိုးစိုက်တာ အတော်ကောင်းတယ်။ နောက်ပိုင်းမှာ လိုအပ်လာမယ့် ဆေးဝါးတွေအတွက် အခက်အခဲတော့ ရှိပါတယ်"ဟု ကြို့ပင်ထိုက်ကျေးရွာနေ ဒေသခံတောင်သူ ဦးထွန်းဆောင်က ပြောသည်။

**သန်းလွင်**

# သီပေါမြို့နယ် သဘင်အစည်းအရုံး ဖွဲ့စည်းရေး ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**သီပေါ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သဘင်အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မဟာသာသနာ့ ဗိမာန်တော်ဓမ္မာရုံ၌ ကျင်းပသည်။

ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းကာလိန်ဝမ်း(သမိုင်းမွှေးရနံ့)၊ ဒုဥက္ကဋ္ဌ ဦးရဲအောင်(ရှမ်းရိုးမ)၊ ဒုဥက္ကဋ္ဌ(၂) ဦးမောင်ကြီး(ဟတ်လျှံ)၊ အတွင်းရေးမှူး ဦးစိုင်းမြတ်အောင် (မောက်ကွန်တိုင်း)၊ အတွင်းရေးမှူး (၁)ဦးစိုင်းဆိုင်လီ၊ အတွင်းရေးမှူး(၂) ဦးအုန်းမောင်လေး (မြန်မာ့ဆိုင်း)၊ ဘဏ္ဍာရေးမှူး ဦးကိုဦး(တောင်မြို့)၊ ပြန်ကြားရေးမှူး ဦးစိုင်းသီဟနှင့် အဖွဲ့ဝင်များ တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးစိုင်းကာလိန်ဝမ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦး ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၈**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ အောက်တိုဘာ ၅ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့်သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# မန္တလေးမြို့တွင် တောင်သုံးတောင် လမ်းကြမ်းဖိတ်ခေါ် စက်ဘီးပြိုင်ပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၈**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် MFR တို့ ကြီးမှူးကျင်းပမည့် ပထမဆုံးအကြိမ် တောင်သုံးတောင်လမ်းကြမ်း ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် မန္တလေးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းက ပြောကြားသည်။

"ဒီစက်ဘီးပြိုင်ပွဲက မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပတဲ့ ပြိုင်ပွဲပါ။ ပထမဦးဆုံး မန္တလေးတောင် တောလမ်းအတိုင်း တာထွက်ပြီး ရန်ကင်းတောင်ကို တက်ရမယ်။ အဲဒီကတစ်ဆင့် တောလမ်းကြမ်းအတိုင်း ပြန်စီးလာပြီး ရေတံခွန်တောင်ပေါ်တက်မယ်။ နောက်ဆုံး ထူးမတောင်ထိပ်မှာ ပန်းဝင်ရမှာ ဖြစ်ပါတယ်။ စီးနင်းရမယ့် ခရီးအရှည်က ၃၇ ကီလိုမီတာရှိပါတယ်။ ပြိုင်ပွဲမှာပန်းဝင်သူတိုင်းကို အမှတ်တရ ဆုတံဆိပ်တွေပေးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။



ယမန်နှစ်က ကျင်းပသည့် မန္တလေးတောင် လမ်းကြမ်းဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ ယှဉ်ပြိုင်မှု။

အဆိုပါပြိုင်ပွဲကို Black Shield ကုမ္ပဏီမှ အဓိကကူညီပံ့ပိုးပေးထားပြီး မြန်မာနိုင်ငံအတွင်းရှိ စက်ဘီးအားကစားသမားများ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ထားကြောင်းသိရပြီး တောင်သုံးတောင် လမ်းကြမ်းဖိတ်ခေါ် စက်ဘီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား ဝတ်စုံများ ပံ့ပိုးပေးမည့် အပြင် 100 Plus၊ သောက်ရေသန့်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လမ်းတစ်လျှောက်၌ အဖွဲ့များခွဲ၍ နေရာများ ချထားပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကျင်းပမည့် အစီအစဉ်များအား အောက်တိုဘာ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ Oriental House ခန်းမ၌ အကြိုမီဒီယာ ရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၁၀-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၈၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၀ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၅၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၀၅ ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၈ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၄ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၇ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၁၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၇ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၃၃၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ ・ ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၁ ・ ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၆၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# နောင်ရိုးတိုက်ပွဲ၊ သုရှင်တကာရွတ်ပိနှင့် အင်္ဂပူ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ခရစ်နှစ် ၁၅၃၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် နောင်ရိုးတိုက်ပွဲသည် ဘုရင့်နောင်မင်းတရားဖြစ်လာမည့် စစ်သူရဲ ကျော်ထင်နော်ရထာ၏ ဖောင်ဖျက်ဗျူဟာကြောင့် မြန်မာနိုင်ငံသမိုင်းတွင် အလွန်ထင်ရှားသည့် စစ်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ နောင်ရိုးတိုက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် မွန်ဘုရင် သုရှင်တကာရွတ်ပိသည် တိုက်ပွဲအပြီးတွင် ကွယ်လွန်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့တွင် မြှုပ်နှံခဲ့သည်ဟု ယူဆခဲ့ကြသည်။

### သမိုင်းထဲက အင်္ဂပူ

အင်္ဂပူမြို့သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ ၂၄ မိုင်ကွာဝေးပြီး ဝေန်မြစ်အတွင်းသို့စီးဝင်နေသည့်ကညင်ချောင်း၏ လက်ယာဘက်ကမ်းတွင် တည်ရှိသည်။ အင်္ဂပူသည် ရပ်ကွက်သုံးခုသာရှိသည့် မြို့ငယ်တစ်ခုဖြစ်သော်လည်း သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်တည်ရှိရာမြို့၊ မွန်ဘုရင်သုရှင်တကာရွတ်ပိ ကွယ်လွန်ခဲ့သည့် မြို့၊ ပျံလွန်ချိန်မှစ၍ မပုပ်မသိုးကြွင်းကျန်နေသည့် ရဟန်းလေးပါး၏ ရုပ်ခန္ဓာများကို ဖူးမြင်နိုင်သည့် မြို့၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် ဒွါရဂိုဏ်းကို တည်ထောင်ခဲ့သည့်မြို့အဖြစ် ထင်ရှားသည်။ ထို့အတူ အင်္ဂပူသည် ၁၉၃၈ ခုနှစ်တွင် ကျဆုံးခဲ့သော ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၏ဇာတိ ရုံးစင်ရွာ တည်ရှိသည့် မြို့နယ်လည်းဖြစ်သည်။

သမိုင်းမှတ်တမ်းများတွင် အင်္ဂပူသည် အင်္ဂပူရ၊ အုတ်ဖို၊ အင်္ဂပူဟု အမည်သုံးမျိုးတွင်ခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းတွင် အင်္ဂပူသည် မူလကကျေးရွာစုငယ်တစ်ခုသာဖြစ်ခဲ့ပြီး ခရစ်နှစ် ၁၀ ရာစုအတွင်း မြို့တစ်မြို့အဆင့်သို့ ရောက်ရှိခဲ့သည်ဟု ခန့်မှန်းကြကြောင်း ဖော်ပြထားသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ကောဇာသက္ကရာဇ် ၂၃၇ ခုနှစ်တွင် သမုဒ္ဒဃောသမင်းနှင့် ဥက္ကလာပမင်းကြီး၏ သမီးတော် ဥမ္မာဒန္တီတို့သည် ပုသိမ် ၃၂ မြို့ကို တည်ထောင်ခဲ့ရာ အင်္ဂပူရသည် တစ်မြို့အပါအဝင်ဖြစ်ခဲ့သည်။ ယင်းမြို့ကို သမုဒ္ဒရာဇ်မင်း၏သားတော် အင်္ဂပိုရ်ကို အပိုင်စားပေးခဲ့သဖြင့် အင်္ဂပူရဟုအမည်တွင်ခဲ့ပြီး အင်္ဂပိုရ်မင်း၏ နောက်တွင် သီဟဗိုလ်၊ မဟာသီဟဗိုလ်၊ စိတ္တဗိုလ်နှင့် မဟာစိတ္တဗိုလ်တို့က အစဉ်အဆက် အုပ်ချုပ်ခဲ့ကြသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျလက်ထက်တွင် အင်္ဂပူရတိုက်နယ်ကို သီဟဗိုလ်မင်းက အုပ်ချုပ်ခဲ့သည်။သီဟဗိုလ်၏မြေး စိတ္တဗိုလ်လက်ထက်တွင် အင်္ဂပူရကို လက်ရှိ အင်္ဂပူမြို့နေရာ၊ အုတ်ဖိုသို့ပြောင်းရွှေ့ခဲ့သည်။ အင်္ဂပူမြို့ တည်နေရာသည် ရွှေဆံတော်စေတီကို ဥမ္မာဒန္တီမင်းသမီးတည်ထားခဲ့စဉ်က အုတ်ဖုတ်သည့်ဖိုများရှိခဲ့သဖြင့် အုတ်ဖိုဟု ခေါ်တွင်ခဲ့သည်။

စိတ္တဗိုလ်နောက်တွင် သားတော်ဦးစံမင်းက အင်္ဂပူကိုအုပ်ချုပ်ခဲ့ပြီး အင်္ဂလိပ်အစိုးရလက်ထက် မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ဦးစံမင်း၏သား ဦးမောင်မောင်စိန်က အင်္ဂပူမြို့အုပ်ဖြစ်လာခဲ့ပြီး ညီဖြစ်သူဦးမောင်မောင်အံ့က မြို့သူကြီးအဖြစ် အုပ်ချုပ်ခဲ့သည်။ ယင်းနှစ်မှာပင် ရန်ကုန်-ပြည် မီးရထားလမ်းပေါ်ရှိ အုတ်ဖိုမြို့နှင့် ကွဲပြားစေရန် အင်္ဂပူမြို့ဟု ခေါ်တွင်စေခဲ့ပြီး မြို့ပိုင် ဦးမောင်တင်က အုပ်ချုပ်ခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် အင်္ဂပူမြို့ကို ရပ်ကွက်သုံးခုဖြင့်ဖွဲ့စည်းခဲ့ကာ ထိုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများကို သတ်မှတ်ခဲ့သည်။ ယခုအခါ အင်္ဂပူမြို့နယ်တွင် မြို့နှစ်ခု(အင်္ဂပူနှင့် ထူးကြီး)၊ ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၇၂ အုပ်စုနှင့် ကျေးရွာ ၆၅၃ ရွာတို့ တည်ရှိနေသည်။

ဧရိယာ ၆၂၈ ဒသမ ၂ မိုင်ကျယ်ဝန်းသည့် အင်္ဂပူမြို့နယ်သည် အရှေ့ဘက်တွင် မိုးညိုမြို့နယ်၊ အနောက်ဘက်တွင် ဂွမြို့နယ်၊ တောင်ဘက်တွင် ဟင်္သာတမြို့နယ်နှင့် မြောက်ဘက်တွင် မြန်အောင်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။

အင်္ဂပူမြို့သို့ ရန်ကုန်မြို့မှ မော်တော်ကားဖြင့် ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ မြို့များကို ဖြတ်သန်းရောက်ရှိနိုင်သကဲ့သို့ ပုသိမ်-မုံရွာလမ်းအတိုင်းလည်း သွားရောက်နိုင်ကြသည်။ပုသိမ်-ကြံခင်း မီးရထားလမ်းပေါ်တွင်ရှိသည့် အင်္ဂပူမြို့သို့ ပုသိမ်၊ ရေကြည်၊ အသုတ်၊ မြန်အောင်၊ ကြံခင်းစသည့် မြို့များမှ မီးရထားဖြင့်လည်း သွားရောက်နိုင်ကြပေသည်။

### နောင်ရိုးတိုက်ပွဲ

ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရား(အေဒီ ၁၅၅၁- ၁၅၈၁) သည် ဘုရင်မဖြစ်မီက စစ်သူရဲတစ်ဦးအဖြစ် နောင်ရိုးတိုက်ပွဲကို ဦးဆောင်ဆင်နွှဲခဲ့ရာ မြန်မာ့သမိုင်းတွင်အလွန်ထင်ရှားကျော်ကြားခဲ့သည်။

ဘုရင့်နောင်လောင်းလျာ ရှင်ရဲထွတ်သည် တောင်ငူမင်းဆက်ကို စတင်တည်ထောင်ခဲ့သည့် တပင်ရွှေထီးနှင့် ငယ်စဉ်က နို့စို့ဖက်ဖြစ်ခဲ့ကာ အရွယ်ရောက်ချိန်တွင် တပင်ရွှေထီး၏ သူငယ်ချင်း၊ ယောက်ဖ၊ အမှုတော်ထမ်းဖြစ်လာခဲ့သည်။ သစ္စာရှိ၍ စစ်မှုထမ်းကောင်းသော ရှင်ရဲထွတ်သည် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝစွာ တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည်။

တောင်ငူနှင့်ဟံသာဝတီတို့အားပြိုင်ခဲ့သည့် ခရစ်နှစ် ၁၅၃၂ ခုနှစ်တွင် တောင်ငူ၌ တပင်ရွှေထီးက နန်းစံနေပြီး ဟံသာဝတီ၌ သုရှင်တကာရွတ်ပိက နန်းစံခဲ့သည်။ ခရစ်နှစ် ၁၅၃၇ ခုနှစ်တွင် တပင်ရွှေထီးသည် ဟံသာဝတီကို ချီတက်တိုက်ခိုက်ပြီး အနိုင်ရရှိခဲ့သဖြင့် သုရှင်တကာရွတ်ပိသည် ပြည်မြို့သို့တိမ်းရှောင်၍ ပြည်ဘုရင် နရပတိနှင့် ပူးပေါင်းခုခံရန် ကြံရွယ်ခဲ့သည်။ ထို့ကြောင့် မင်းတရားရွှေထီးသည် ပြည်သို့ချီတက်ရန် စီစဉ်ခဲ့ပြီး တောင်ငူတပ်ကို ကျော်ထင်နော်ရထာအား ဦးဆောင်စေခဲ့သည်။

ကျော်ထင်နော်ရထာသည် ဟံသာဝတီမှ တိုက်လှေများကိုရယူပြီး လှေတပ်ခုနစ်တပ်ဖွဲ့ခဲ့ပြီး တပင်ရွှေထီးက ရေကြောင်း မှ ချီ၍ မိမိကိုယ်တိုင်က တိုက်ဆင် ၅၀၊ မြင်း ၅၀၀၊ စစ်သည်သူရဲ ၁၀၀၀၀၊ဆင်စီးအမတ် ၅၀ နှင့် ကုန်းကြောင်းမှ ချီတက်ခဲ့သည်။ နောင်ရိုးသို့ရောက်ရှိလာခဲ့ချိန်တွင် ချောင်းကို မကူးဖြတ်သေးဘဲ တစ်ဖက်ကမ်း၌ ရပ်နားခဲ့ကြသည်။

ကျော်ထင်နော်ရထာသည် အမှုထမ်းတစ်ဦးအား အမြင့်ဆုံးသစ်ပင်ထိပ်သို့ တက်စေ၍ ချောင်းတစ်ဖက်ကမ်းသို့ကြည့်ရှုစေရာ ရန်သူတပ်သည် မိမိတပ်ထက် များစွာအင်အားကြီးမားကြောင်း တွေ့ရှိခဲ့သည်။ သုရှင်တကာရွတ်ပိ၏ အမတ်များဖြစ်ကြသည့် ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့သည် တိုက်ဆင် ၂၀၀၊ မြင်း ၈၀၀ နှင့် စစ်သည်သူရဲ ၈၀၀၀၀ တို့ကို တပ်ကြီးငါးတပ်ဖွဲ့၍ နောင်ရိုးတစ်ဖက်ကမ်းတွင် တပ်ချရပ်နားနေသည်ကို မြင်ရသည်။

ရန်သူ၏အင်အားသည် မိမိတို့အင်အားထက်များစွာသာလွန်နေသည်ကို သိရှိခဲ့သော်လည်း ကျော်ထင်နော်ရထာသည် တုန်လှုပ်ခြင်းမရှိဘဲ တိုက်ပွဲဝင်ရန်သာ ပြင်ဆင်ခဲ့သည်။ထိုအချိန်တွင် ကျော်ထင်နော်ရထာပြောကြားခဲ့သည့် “စစ်တို့၏ သဘောသည် အင်အားနည်းသည်၊များသည်ဟူ၍မရှိ၊လုပ်ရည်ကြံရည် အရဲစွမ်းသာ အရင်းဖြစ်သည်”ဟူသည့် စကားသည် အလွန်ထင်ရှားသည့် တိုက်ပွဲဝင်စကား တစ်ခွန်း ဖြစ်လာခဲ့ပေသည်။

ကျော်ထင်နော်ရထာသည် မိမိတပ်များကို ဖောင်များဖွဲ့ကာ ဆင်မြင်းများနှင့်တကွ တစ်ဖက်ကမ်းသို့ ဖြတ်ကူးခဲ့သည်။ တပ်များ နောင်ရိုးချောင်းတစ်ဖက်ကမ်းသို့ ရောက်ချိန်တွင် တပင်ရွှေထီးထံမှ “သူရောက်မလာသေးသမျှ စစ်မတိုက်သေးဘဲ စောင့်ဆိုင်းရန်နှင့် သူရောက်မှ ရန်သူကိုတိုက်ခိုက်မည်ဖြစ်ကြောင်း”အမိန့်တော်ကို ယူဆောင်လာသည့် တုရင်ရာဇာ ရောက်ရှိလာခဲ့သည်။

ကျော်ထင်နော်ရထာက တုရင်ရာဇာအား အရှင့်ဘုန်းတော်ကြောင့် စစ်ကို အောင်မြင်ပြီးဆုံးပြီးကြောင်း ပြန်လည်လျှောက်တင်ရန် ပြောကြားခဲ့သည်။ ထို့နောက် စစ်သည်များ စိတ်နှစ်ခွမဖြစ်စေရန် မိမိတို့ စီးလာခဲ့သည့်ဖောင်များကိုဖျက်စေခဲ့သည်။ တပ်မှူးအချို့က စစ်မတိုက်ရသေးမီ စစ်အောင်မြင်ပြီးကြောင်း ဘုရင်မင်းမြတ်ထံ လျှောက်တင်ခဲ့ပြီး ဖောင်များကိုဖျက်လိုက်သည့်အတွက် စစ်ရှုံးခဲ့ပါက အခက်အခဲကြုံရမည်ဖြစ်ကြောင်း လျှောက်တင်ခဲ့ကြသည်။



အင်္ဂပူမြို့ ရွှေဆံတော်စေတီ

ကျော်ထင်နော်ရထာက “ဖောင်များရှိနေ၍ ဖောင်များကို အားကိုးလျှင် စစ်ရေးစစ်ရာတွင် အနည်းငယ် အရေးမလှယ်ိုယွင်းသည်နှင့် ဖောင်များဆီသို့ အရောက်ပြေးကာ ထွက်ပြေးလိုကြလိမ့်မည်၊ဖောင်များမရှိပါမှ ရှေ့သို့မတွန့်ဘဲ သက်စွန့်ရဲရဲ ကြိုးပမ်း တိုက်ခိုက်လျက် အမှုတော်ကိုထမ်းကြလိမ့်မည်ဖြစ်သည်”ဟု သူရဲကောင်းတို့ ထားရှိရမည့်သဘောကို ပြတ်သားစွာ မိန့်ကြားခဲ့သည်။

“စစ်ပွဲကို မတိုက်ရမီကပင် အောင်မြင်လေပြီဟု မင်းတရားကို ငါလျှောက်ထားခိုင်းခဲ့သည်၊ အကယ်၍ ငါတို့ ရှုံးနိမ့်ပါကလည်း မင်းတရားအနေဖြင့် ငါတို့အား အပြစ်တော်တင်လိမ့်မည်ဟု စိုးရွံ့ခြင်းလည်း မဖြစ်ကြပါနှင့်၊ စစ်ပွဲတွင် ရှုံးပါလျှင် ငါတို့လည်း အသက်နှင့်ကိုယ် မြဲနေတော့မည်မဟုတ်၍ သေဆုံးပြီးသောသူအား မင်းတရား မည်သို့ အပြစ်တော်တင်နိုင်ပါမည်နည်း”ဟု မိန့်ဆိုခဲ့သည်။

ဤစစ်ကို ငါတို့အောင်မြင်လျှင် အသက်ရှင်မည်၊ မအောင်မြင်ခဲ့လျှင် ငါတို့သေရမည်။ သေလေပြီးသည်ကို ဘယ်သူ့ကို အပြစ်တော်တင်ရမည်နည်းဟု တပ်မှူးစစ်ကဲများအား ရဲစိတ်တင်ပေးခဲ့သည်။ ကျော်ထင်နော်ရထာ၏ စစ်ဗျူဟာကျွမ်းကျင်မှုနှင့် စိတ်ဓာတ်စစ်ဆင်ရေးထက်မြက်မှုကြောင့် နောင်ရိုးတိုက်ပွဲတွင် အောင်ပွဲရရှိခဲ့ကာ ရန်သူဘက်မှ ဆင်၊ မြင်း၊ လက်နက်၊ သံ့ပန်းတို့ကို သိမ်းယူနိုင်ခဲ့သည်။

နောင်ရိုးတိုက်ပွဲကို ကျော်ထင်နော်ရထာ အောင်မြင်ပြီး နောက်တစ်ရက်တွင် တပင်ရွှေထီးသည် နောင်ရိုးသို့ရောက်ရှိလာခဲ့ရာ နောင်ရိုးတိုက်ပွဲပြီးဆုံးသွားကြောင်း သိရှိရသဖြင့် “ကျော်ထင်နော်ရထာ၊ သင်သည် ငါ့ကိုမစောင့်ဘဲ ရန်သူကိုတိုက်နှင့်သည်၊ ငါ၏ပွဲကို ဖျက်သည်မဟုတ်လော”ဟု မေးမြန်းခဲ့သည်။ ကျော်ထင်နော်ရထာက “နောင်ရိုးတိုက်ပွဲသည် ဘုန်းတော်ကြီးသည့်အရှင်နှင့် ထိုက်တန်သော စစ်ပွဲမဟုတ်၊ ကျွန်ုပ်တို့ကျွန်များနှင့်သာ ထိုက်တန်သည့် ပွဲဖြစ်ကြောင်း၊ ကျွန်ကျွန်ချင်း တိုက်ရသောပွဲဖြစ်၍ မိမိတိုက်ရခြင်းဖြစ်ပါကြောင်း၊ နောင်တွင် ဘုရင်မင်းမြတ်လုပ်ကြံရမည့်ပွဲများရှိပါသေးကြောင်း၊ဟံသာဝတီမင်း၏ တပ်နှင့်တွေ့မှသာ အရှင်တိုက်တော်မူပါ”ဟု လျှောက်တင်ပြီး သိမ်းဆည်းရရှိသော ဆင်၊ မြင်း၊ လက်နက်၊ သံ့ပန်းတို့ကို တပင်ရွှေထီးထံ ဆက်သခဲ့သည်။

တပင်ရွှေထီးသည် နောင်ရိုးတိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကာ အောင်မြင်မှုရရှိခဲ့သော ကျော်ထင်နော်ရထာအား များစွာကျေနပ်အားရကာ မိမိဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်နှင့် လက်ကောက်တို့ကို ရဲဆုအဖြစ်ပေး၍ လှိုင်မြို့ကိုစားစေခဲ့သည်။ နောင်ရိုးတိုက်ပွဲအောင်နိုင်မှုကြောင့် ကျော်ထင်နော်ရထာသည် ဘုရင့်နောင်ဘွဲ့ကိုရရှိခဲ့ပြီး မြန်မာ့သမိုင်းတစ်လျှောက် ဘုရင့်နောင်အမည်ဖြင့် ထင်ရှားခဲ့သည်။

ဘုရင့်နောင်သည် ၁၅၄၁ ခုနှစ်တွင် တပင်ရွှေထီး၏ အိမ်ရှေ့မင်းဖြစ်လာခဲ့ကာ တပင်ရွှေထီး လုပ်ကြံခံရပြီးနောက် မြန်မာ သက္ကရာဇ် ၉၁၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် (ခရစ်နှစ် ၁၅၅၁ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တွင် နန်းတက်ခဲ့ပြီး စည်းလုံးညီညွတ်၍ အင်အားကြီးမားသော ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့သည်။ ၁၅၅၃ ခုနှစ်တွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီ နန်းတော်ကြီးတွင် ထီးနန်းစိုက်ခဲ့သည်။ ၁၅၆၃ ခုနှစ်တွင် ယိုးဒယားသို့စစ်ချီခဲ့ပြီး သောက္ကတဲ့၊ ပိသလောက်၊ အယုဒ္ဓယမြို့တို့ကို သိမ်းပိုက်ခဲ့ကာ အယုဒ္ဓယဘုရင်က ဆင်ဖြူလေးစီး ဆက်သခဲ့သဖြင့် ဟံသာဝတီ ဆင်ဖြူများရှင်ဟု ဘွဲ့မည်တွင်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယမြန်မာနိုင်ငံတော်သည် အရှေ့ဘက်တွင် ကျိုင်းတုံ၊ ကျိုင်းရုံးကြီး၊ လင်းဇင်း၊ ဇင်းမယ်နှင့် အယုဒ္ဓယအထိလည်းကောင်း၊ အနောက်ဘက်တွင် မဏိပူရအထိလည်းကောင်း ကြီးမားကျယ်ပြန့်ခဲ့သည်။ စည်းလုံးတောင့်တင်းသော မြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သူ ဘုရင့်နောင်သည်အသက် ၆၆ နှစ်အရွယ် ၁၅၈၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် နတ်ရွာစံခဲ့သည်။

မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သည့် နောင်ရိုးစစ်ပွဲဖြစ်ပွားခဲ့သည့်နေရာကို ပညာရှင်များက ပြည်မြို့အနီးတွင်ရှိမည်ဟု မှန်းဆခဲ့ကြသည်။ စစ်သူရဲ ကျော်ထင်နော်ရထာတပ်များ ဖောင်ဖွဲ့ကူးဖြတ်သောမြစ်သည် ယခု အိမ်မဲဝန်းကျင်၌ ရှိနိုင်ကြောင်း သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက မြေပုံရေးဆွဲပြသခဲ့သည်။ နောင်ရိုးသည် ဒါးကမြစ်နှင့် မင်းမနိုင်ချောင်းအကြားတွင် တည်ရှိနိုင်သည်ဟု ယူဆချက်များလည်း ရှိခဲ့သည်။ အချို့ကလည်း နောင်ရိုးသည် အိမ်မဲမြို့၏အနောက်ဘက် ဒါးကမြစ်တောင်ဘက်ကမ်းရှိ ဒေါင့်ကြီးရွာအနီး၌ ရှိမည်ဟု မှန်းဆကြသည်။

### တပင်ရွှေထီး၏ ရာဇပရိယာယ်နှင့် သုရှင်တကာရွတ်ပိ

မှန်နန်းရာဇဝင် အဆိုအရ ရာမညတိုင်း ဟံသာဝတီ ၃၂ မြို့ကို သမလကုမ္မာရမင်းက တည်ထောင်ခဲ့ပြီး ၁၇ ဆက်မြောက် တိဿမင်းလက်ထက်တွင် မင်းဆက်ပြတ်ခဲ့သည်။ သက္ကရာဇ် ၇၁၃ ခု(ခရစ်နှစ် ၁၃၅၁) တွင် မုတ္တမ ဆင်ဖြူရှင် ဗညားဦးသည် ဟံသာဝတီကိုပြန်လည်တည်ထောင်ခဲ့ပြီး ရာဇာဓိရာဇ်၊ ဗညားဓမ္မရာဇာ၊ ဗညားရံ၊ ဗညားပရူ၊ ဗညားကျန်း၊ လိပ်မွတ်ထော၊ ရှင်စောပု၊ ဓမ္မစေတီ၊ ဗညားရံတို့သည် ဟံသာဝတီတွင် အဆက်ဆက် နန်းစံခဲ့ကြပြီးနောက် သက္ကရာဇ် ၈၈၈ခုနှစ် (ခရစ်နှစ် ၁၅၂၆) တွင် သုရှင်တကာရွတ်ပိသည် ဟံသာဝတီဘုရင် ဖြစ်လာခဲ့သည်။

မြန်မာသက္ကရာဇ် ၈၉၆ ခုတွင် တောင်ငူဘုရင် တပင်ရွှေထီးသည် ဟံသာဝတီကို တိုက်ခိုက်ခဲ့သော်လည်း သုရှင်တကာရွတ်ပိ၏ အထိန်းတော် ဗညားလောနှင့် အချီတော် ဗညားကျန်းတို့၏ အစီအမံခိုင်ခံ့မှုကြောင့် မအောင်နိုင်ခဲ့ချေ။တပင်ရွှေထီးသည် သက္ကရာဇ် ၈၉၇ ခုတွင် တစ်ကြိမ်၊ သက္ကရာဇ် ၈၉၈ ခုတွင် တစ်ကြိမ် ဟံသာဝတီကို ထပ်မံတိုက်ခိုက်ရာတွင်လည်း မအောင်မြင်ခဲ့ချေ။

သက္ကရာဇ် ၈၉၉ တွင် သုရှင်တကာရွတ်ပိသည် မင်းတရားရွှေထီးထံသို့ သံတမန်များစေလွှတ်ကာ နှစ်ပြည်ထောင်ချစ်ကြည်ရေး ရွှေပေသဝဏ်ကို လက်ဆောင်ပဏ္ဏာများနှင့်အတူ ပေးပို့ခဲ့သည်။ ဗညားလောနှင့် ဗညားကျန်းတို့ကလည်း သံများစေလွှတ်ခဲ့သည်။ တပင်ရွှေထီးက သုရှင်တကာရွတ်ပိ၏ သံများကို မည်သို့မျှမမိန့်သော်လည်း ဗညားလောနှင့် ဗညားကျန်းတို့၏ သံများကို ဦးရီးတော် ဗညားလောနှင့် ဗညားကျန်းတို့ကိုပေးရန်ဟုဆိုကာ ရွှေသစ္စာပွင့်နှစ်ပွင့်ပေးခဲ့ပြီး မပြတ်ကျွေးမွေးခဲ့သည်။ သံများ ဟံသာဝတီသို့ပြန်ရောက်သောအခါ သုရှင်တကာရွတ်ပိ၏သံများက အကြောင်းစုံကို လျှောက်တင်ခဲ့ကြချိန်တွင် သုရှင်တကာရွတ်ပိသည် အထိန်းတော် ဗညားလောနှင့် အချီတော်ဗညားကျန်းတို့အပေါ် မယုံသင်္ကာဖြစ်ခဲ့သည်။

တပင်ရွှေထီးသည် အရေးတော်ပြီးလျှင် ဦးရီးတော် ဗညားလောနှင့် ဗညားကျန်းတို့ မှာကြားထားခဲ့သည့် ဗညားလောက ဟံသာဝတီကို စားမည်၊ ဗညားကျန်းက မုတ္တမကိုစားမည်ဆိုသည့်အတိုင်း သူကောင်းပြုပါမည်၊ အမှုတော်ကိုသာ ကြိုးစားအားထုတ်ပါဟု ရွှေပေတွင်ရေးသားကာ ယင်းရွှေပေကို သက္ကလတ်အိပ်တွင် တံဆိပ်လက်ရာနှင့်အတူထည့်သွင်း၍ သံကြီးနှစ်ယောက်တို့အား ယူဆောင်စေပြီး နောက်လိုက် ၃၀ ကျော်နှင့်အတူ ဟံသာဝတီနယ်သို့စေလွှတ်ခဲ့သည်။ နယ်စပ်သို့ရောက်သောအခါ သံတို့သည် တပင်ရွှေထီး မှာကြားလိုက်သည့်အတိုင်း ထမင်း၊ ဟင်း၊ အရက်သေစာနည်းသည်ဟု အကြောင်းပြကာ ရွာသူကြီးများအား တုပ်နှောင်၊ ထုထောင်းခဲ့ကြသည်။ ရွာသားများက မခံရပ်နိုင်သဖြင့် မင်းချင်းများနှင့် လုံးထွေးသတ်ပုတ်ချိန်တွင် သံများက အားမမှု၍ ထွက်ပြေးလာခဲ့ဟန်ပြုကာ ရွှေပေစာကို ချထားခဲ့ကြသည်။

ရွာသားများက စာသဝဏ်ကို သုတကာရှင်ရွှတ်ပိထံ ဆက်ခဲ့ပြီးနောက် စာပါအကြောင်းအရာများကိုဖတ်မိသော သုရှင်တကာရွတ်ပိသည် တပင်ရွှေထီး၏ ရာဇပရိယာယ်ကို မဆင်ခြင်နိုင်ခဲ့ဘဲ မိမိ၏ လက်ရုံးအမတ်ကြီးနှစ်ဦးအား အဆုံးစီရင်ခဲ့သည်။ ဗညားလောနှင့် ဗညားကျန်းမရှိတော့သည့် ဟံသာဝတီသည် အားလျော့နေပြီဖြစ်သဖြင့် ကျော်ထင်နော်ရထာက တပင်ရွှေထီးအား ဟံသာဝတီကိုတိုက်ရန် အကြံပြုခဲ့သည်။

ကျော်ထင်နော်ရထာ ဦးစီးသည့်တပ်များ ချီလာချိန်တွင် သုရှင်တကာရွတ်ပိသည် ယောက်ဖဖြစ်သူ ပြည်ဘုရင်နရသူနှင့်ပူးပေါင်းရန် ပြည်သို့ဆန်ခဲ့သည်။ သုရှင်တကာရွတ်ပိ မရှိတော့သည့် ဟံသာဝတီကို တပင်ရွှေထီးက သိမ်းပိုက်နိုင်ခဲ့ပြီးနောက် သုရှင်တကာရွတ်ပိရှိရာ ပြည်သို့ ကြည်းကြောင်း၊ရေကြောင်းဖြင့်လိုက်ခဲ့သည်။ ကျော်ထင်နော်ရထာတပ်များသည် သုရှင်တကာရွတ်ပိ၏အမတ် ဗညားဒလတပ်များရှိသည့် နောင်ရိုးသို့ကူး၍ ဖောင်ဖျက်ကာ တိုက်ခိုက်အောင်မြင်ခဲ့သည်။

### သုရှင်တကာရွတ်ပိ သင်္ချိုင်းဂူ

ဟံသာဝတီသို့ တပင်ရွှေထီးပြန်သွားခဲ့ချိန်တွင် သုရှင်တကာရွတ်ပိသည် စစ်သည်ရဲမက်များစုရုံးရန် ပြည်မှ အင်္ဂပူသို့ပြန်လာခဲ့သည်။ အင်္ဂပူရောက်လျှင် ဆင်ကောင်းတစ်ကောင်ပေါ်သည်ဟုကြားသဖြင့် ဆင်ကျော့ရန် လိုက်ခဲ့သော်လည်း မရရှိခဲ့ဘဲ သုရှင်တကာရွတ်ပိသည် ထိုညဉ့်၌ ဖျားနာ၍ အင်္ဂပူမြို့တွင် အနိစ္စရောက်ခဲ့သည်။ သုရှင်တကာရွတ်ပိ၏အလောင်းကို အင်္ဂပူမြို့တွင် သဂြိုဟ်ခဲ့ရာ ရွှေဆံတော်စေတီဝင်းအတွင်း တနင်္လာထောင့်နှင့် အင်္ဂါထောင့်အကြားတွင် မြှုပ်နှံခဲ့သည်ဟု ယူဆကြသည်။ သုရှင်တကာရွတ်ပိသင်္ချိုင်းဂူဟု ယူဆကြသည့် ယင်းနေရာတွင် အရှေ့အရပ်သို့ မျက်နှာပြုကာ ဝပ်နေသော ဆင်ရုပ်တုကို မြင်တွေ့ကြရပေသည်။ ဆင်ရုပ်သည် စေတီတော်ရှိရာသို့ခေါင်းမတည်ဘဲ အရှေ့ဘက်အရပ်သို့ ခေါင်းတည်ထားခြင်းသည် ထူးခြားနေပေသည်။

သုရှင်တကာရွတ်ပိ၏ မှူးမတ်များက ဆင်ကျော့ခြင်းကို ဝါသနာထုံသည့် ဘုရင်အတွက် အထိမ်းအမှတ် ဆင်တစ်ကောင်ကိုပြုလုပ်ကာ ဟံသာဝတီဌာနေသို့ ဘုရင်လွမ်းဆွတ်သည့် အထိမ်းအမှတ်ဖြင့် ဟံသာဝတီရှိသည့် အရှေ့ဘက်သို့ ခေါင်းတည်ထားခဲ့ကြောင်း ယူဆခဲ့ကြသည်။ ယခုအခါတွင် ယင်းနေရာနှင့် ဆင်ရုပ်ကို ရွှေဆံတော်ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားသည်။

နောင်ရိုးတိုက်ပွဲနှင့် ဆက်နွှယ်လျက် မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သည့် မွန်ဘုရင် သုရှင်တကာရွတ်ပိ၏ သင်္ချိုင်းဂူအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကြောင့် နှောင်းလူတို့သည် သမိုင်းပုံရိပ်များကို သတိတရရှိနေကြမည်သာဖြစ်ပေသည်။ ။

## သတင်းတိုများ

## ဒေးဒရဲမြို့၌ စာပေဆိုင်ရာပညာပေးဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၌ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် စာဖတ်စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲနှင့် စာအုပ်ပြပွဲကို အောက်တိုဘာ ၈ ရက်က ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ခိုင်က စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်များခင်းကျင်းပြသသည်။ ထို့နောက် စာအုပ်များငှားနိုင်မည့် အသင်းဝင်ကတ်များကိုလည်း ကျောင်းသား ကျောင်းသူများအား ပြုလုပ်ပေးပြီး စာအုပ်များ ငှားရမ်းပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်ဒိုးမြို့၌ ယာဉ်အန္တရာယ်အသိပညာပေး

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒိုးမြို့၌ ယာဉ်အန္တရာယ်ကင်းရေးအတွက် ယာဉ်မောင်းသူများအား အသိပညာပေးခြင်းကို ကျိုက်ဒိုးမြို့အဝင်ဂိတ်၌ အောက်တိုဘာ ၈ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့်အဖွဲ့များ၊ နယ်မြေစခန်းမှူး ရဲအုပ်ဝင်းမင်းထွဋ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဦးစီးမှူး ဦးသန့်ဇော်နှင့် စည်ပင်ဝန်ထမ်းများက ပြည်သူများ ယာဉ်အန္တရာယ်ကင်းစေရေးအတွက် ကားများနှင့် ဆိုင်ကယ်များ၊ ဆိုင်ကယ်စီးဦးထုပ်များတွင် ရောင်ပြန်စတစ်ကာများ ကပ်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းဖြတ်မြို့နယ် စာဖတ်ဝိုင်းကျင်းပ

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း အသင်းဝင်များ၏ စာဖတ်ဝိုင်းကို အောက်တိုဘာ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရှောလမွန်က စာဖတ်ဝိုင်း ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ဒုဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က စာပေချစ်မြတ်နိုးသူများအသင်း၏ စာဖတ်ဝိုင်းဆွေးနွေးပွဲကို တစ်လလျှင်နှစ်ကြိမ် ပုံမှန်ကျင်းပပြုလုပ်ရန် အကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် စာပေချစ်မြတ်နိုးသူများ အသင်းဝင်များက ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်ပါ စာရေးဆရာမ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ ကရုဏာသက်၍ မုဒိတာပွားရသော ယနေ့လူငယ်များ ဆောင်းပါးကို ဖတ်ရှုပြီး ဆောင်းပါးပါအချက်များအတွက် ထင်မြင်ယူဆချက်များ၊ ခံစားရသည့် ရသများ စသည်တို့ကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။ မိုင်းဖြတ်မြို့နယ်တွင် ပြည်သူများအနေဖြင့် စာပေများကို လေ့လာဖတ်ရှုပြီး ဝိုင်းဖွဲ့ဆွေးနွေးသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာပေချစ်မြတ်နိုးသူများ အချင်းချင်း ရင်းနှီးချစ်ခင်မှုရှိစေရန် ရည်ရွယ်ကာ စာပေချစ်မြတ်နိုးသူများအသင်းကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

## ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းသင်တန်း ရိခေါဒါရ်မြို့နယ်၌ ဖွင့်လှစ်

**ရိခေါဒါရ် အောက်တိုဘာ ၈**

ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း လယ်ယာသားငါးကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးမွေးမြူနည်းစနစ်မှန်ကန်စွာ အောင်မြင်ဖြစ်ထွန်းလာရေး ရည်ရွယ်ချက်ဖြင့် ဖလမ်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို အောက်တိုဘာ ၈ ရက်က ရိခေါဒါရ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် ဖလမ်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးခင်ထွန်းက ငါးမွေးမြူရေးတွင် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ သိသင့်သိထိုက်သည့်အချက်များ၊ ငါးသားပေါက်များ ပြုစုပျိုးထောင်ခြင်း၊ စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းနည်းစနစ်နှင့် အကျိုးကျေးဇူးများကို သင်ကြားပို့ချပြီး ခိုင်ကမ်းမြို့ ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးစခန်းမှ စခန်းတာဝန်ခံ ဦးအောင်မျိုးဦးက ငါးသားဖောက်နည်းစနစ်များဖြစ်သည့် သဘာဝရိုးရိုးငါးသားဖောက်နည်းနှင့် ဆေးထိုးသားဖောက်နည်းစနစ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းသို့ ရိခေါဒါရ်မြို့ပေါ် ရပ်ကွက်နှစ်ခုရှိ ငါးမွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားသူများနှင့် လယ်မြေပိုင်ရှင်များ တက်ရောက်ခဲ့ကြသည်။

မြို့(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းပြုလုပ်

**ပြင်ဦးလွင် အောက်တိုဘာ ၈**

ပြင်ဦးလွင်မြို့နယ် သင်္ဂတုံကျေးရွာဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာလ ပထမပတ်အတွင်းက ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာရေးဆရာများ၊ သင်္ဂတုံ၊ မျှင်တောင်၊ ရေမောင်းကုန်းနှင့် သရက်ကုန်း ကျေးရွာများမှ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက အမှာစကားပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးခဲ့ကြသည် ။

ထို့နောက် ဒေသခံပြည်သူများက ကျေးရွာအလိုက် လိုအပ်ချက်များဖြစ်သည့် ကျေးရွာချင်းဆက်လမ်းများကောင်းမွန်ရေး၊ ကိုယ့်အားကိုယ်ကိုး လမ်းဖောက်နေမှုတွင် ကူညီအဆင့်မြှင့်တင်ပေးရေး၊ စိုက်ပျိုးချေးငွေများ အရင်ထက် ပိုမိုရရှိရေးနှင့် မြစ်မ်းရောင်စီမံကိန်းချေးငွေရရှိရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဆေးခန်းများ အဆင့်မြှင့်တင်ရေး၊ ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် ပံ့ပိုးကူညီပေးရေး၊ ကျေးလက်မီးလင်းရေး စသည်တို့ကို တင်ပြမေးမြန်းကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။



ဇော်မျိုးထိုက်(ပြင်ဦးလွင်)

## စစ်ကိုင်းတိုင်းဒေသကြီးမှ အပူပိုင်းဒေသများရေရရှိရေး ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်သွားမည်

**မုံရွာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်လေးခုရှိ မြို့နယ် ၁၇ ခုမှ အပူပိုင်း ကျေးလက်ဒေသများတွင် သောက်သုံးရေရရှိရေးကို နည်းလမ်းငါးသွယ်ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှစ၍ ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"အပူပိုင်းဇုန်အတွင်းမှာကျရောက်နေတဲ့ ဒေသတွေမှာ အထူးသဖြင့် နွေရာသီမှာ ရေရှားပါးမှုပြဿနာဖြစ်ပါတယ်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်တွေ၊ သဘာဝတောကျန်တွေကို ထိန်းသိမ်းသလို ကျေးလက်ဒေသနေပြည်သူတွေနဲ့ တိရစ္ဆာန်တွေရဲ့သောက်သုံးရေလုံလောက်မှုရှိစေရေးနဲ့ သဘာဝတောကျန်တွေမှာရှိတဲ့သစ်ပင်တွေ မြေဆီမြေနှစ်တွေ မဆုံးရှုံးစေရန်အတွက် နန်းတားဆည်ငယ်တွေ၊ ရေကန်ငယ်တွေ၊ မိုးရေစုကန်တွေနဲ့ တိမ်ကောရေကန်တွေ ပြန်လည်တူးဖော်ခြင်းနဲ့ မြေအောက်ရေးရရှိရေးလုပ်ငန်းတွေကို အပူပိုင်းဇုန်အတွင်းမှာ ကျရောက်နေတဲ့ ကျေးလက်ဒေသတွေမှာ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် လုပ်ဆောင်ပေးတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးမည့် ရေရရှိရေးလုပ်ငန်းများမှာ ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့အတွင်း ရေကန်ငယ် ခြောက်ခု၊ မိုးရေစုကန် သုံးခု၊ တိမ်ကောရေကန် ပြန်လည်တူးဖော်ခြင်း တစ်ခုနှင့် တစ်ဖက်ရပ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုတို့ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

## မောင်တောမြို့၌ လိုင်စင်မဲ့သုံးဘီးဆိုင်ကယ်များ ဖမ်းဆီးအရေးယူ



**မောင်တော အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးပညာပေးခြင်းနှင့် လိုင်စင်မဲ့သုံးဘီးဆိုင်ကယ်များ ဖမ်းဆီးခြင်းကို ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(၂၂)မှတပ်ဖွဲ့စုမှူး ဒုရဲမှူးဇော်မျိုးထိုက်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်မျိုးထက်တို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

မောင်တောမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် မြို့မတောင်ရပ်ကွက်အတွင်း မဟာဗန္ဓုလမ်းအတိုင်း မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်များကို ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ စစ်ဆေးစဉ်အတွင်း လိုင်စင်မဲ့သုံးဘီးဆိုင်ကယ် ရှစ်စီးကို ဖမ်းဆီးရမိသဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တာချီလိတ်မြို့တွင် မီးသဂြိုဟ်စက်တည်ဆောက်ရန် မြေ ၁၆ ဧကနှင့် ထိုင်းဘတ်ငွေနှစ်သန်း မတည်လှူဒါန်း

**တာချီလိတ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် ကုန်ကျမည့် မီးသဂြိုဟ်စက် တည်ဆောက်နိုင်ရေးအတွက် မြေ ၁၆ ဧကကို တာချီလိတ်မြို့ ပုံလို့ဆရာတော်က အောက်တိုဘာ ၇ ရက်က ပေးအပ်လှူဒါန်းခဲ့ပြီး ဒေသခံ လုပ်ငန်းရှင်တစ်ဦးကလည်း မီးသဂြိုဟ်စက်တည်ဆောက်ရန်အတွက် မတည်လှူဒါန်းငွေ ထိုင်းဘတ်ငွေ နှစ်သန်းကို ထိုနေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေ ၁၆ ဧကကို ဆရာတော်က လက်မှတ်ရေးထိုး၍ ဌာနဆိုင်ရာ တာဝန်ရှိသူများထံ လှူဒါန်းလိုက်ခြင်းဖြစ်ပြီး သက်ဆိုင်ရာမှခွင့်ပြုချက်များ ရရှိသည်နှင့် လမ်းများ၊ ပန်းခြံများ၊ တရားနာဓမ္မာရုံ၊ မီးသဂြိုဟ်စက်၊ သန့်စင်ခန်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မီးသဂြိုဟ်စက် တည်ဆောက်နိုင်ရေးအတွက် တာချီလိတ်မြို့မှ လုပ်ငန်းရှင်များကလည်း ငွေအားနှင့် စက်ယန္တရားအကူအညီများဖြင့် လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းသည့် မြေနေရာတွင် မီးသဂြိုဟ်စက်နှင့် အရိုးအိုးမြှုပ်ရန်နေရာများကို စနစ်တကျ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး တောင်ပေါ်အသွားလမ်းကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းသွားရန် စီစဉ်ထားကြောင်းနှင့် အဆိုပါ မီးသဂြိုဟ်စက်နှင့် အရိုးအိုးမြှုပ်နှံမည့်နေရာများ တည်ဆောက်ရေးအတွက် မြို့ကိုယ်စားပြုဆောင်ရွက်ပေးမည့်သူများပါဝင်သည့် အဖွဲ့များက စုပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

လင်းလတ်

## ပုလဲမြို့နယ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး

**ပုလဲ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရန်ပုံငွေများနှင့် ပြည်သူထည့်ဝင်ငွေများ ပူးပေါင်း၍ ယခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့သည့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းဦးက "၂၀၁၈ ခုနှစ် ပထမခြောက်လမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှုန်းစီနဲ့ အင်ကြင်းစုကျေးရွာအဝင်လမ်း ဂျင်းခင်းခြင်းလုပ်ငန်း၊ ကျွန်းဘိုကုန်းကျေးရွာအဝင်လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းနဲ့ ရေကျောကျေးရွာအတွင်း ဂျင်းခင်းခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာနဲ့ ရာခိုင်နှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်လို့ ပြည်သူများ ချောမွေ့စွာ သွားလာနေကြပြီဖြစ်ပါတယ်"ဟု ပြောသည်။

လုပ်ငန်းများပြီးစီးခဲ့သော အင်ကြင်းစုကျေးရွာအဝင် ဂျင်းလမ်းသည် အရှည်ပေ ၇၀၀၀၊ အကျယ် ၁၂ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၄၃၈၀၀၀၀ ဖြင့်လည်းကောင်း၊ ကျွန်းဘိုကုန်းကျေးရွာအဝင် ဂျင်းကျောက်လမ်းသည် အရှည် ပေ ၅၉၀၀၊ အကျယ် ၁၂ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့်လည်းကောင်း၊ ရေကျောကျေးရွာအတွင်း ဂျင်းလမ်းသည် အရှည်ပေ ၄၇၅၀၊ အကျယ် ၁၂ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၂၆ သိန်းဖြင့်လည်းကောင်း လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စက်သုံးဆီဈေးတက်သော်လည်း မန္တလေး-မူဆယ် ကုန်တင်တွဲကားများ ကုန်ပို့ခလျှော့ကျနေ




**မန္တလေး အောက်တိုဘာ ၈**
လက်ရှိအချိန်တွင် စက်သုံးဆီဈေးမြင့်တက်နေသော်လည်း မန္တလေး-မူဆယ် ကုန်တင်တွဲကားများမှာ မိုးတွင်းကာလ ကုန်ရှားပါးခြင်းကြောင့် ကုန်ပို့ခများကို တိုးယူနိုင်ခြင်းမရှိသည့်အပြင် ယခင်လထက် ၁၀ ကျပ်ဝန်းကျင် ဈေးလျှော့ချ၍ ပို့ဆောင်ပေးနေကြောင်း မန္တလေးပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကြီးမင်္ဂလာအဝေးပြေး ကုန်စည်ပို့ဆောင်ရေး(မန္တလေး)အသင်းဥက္ကဋ္ဌ ဦးကျော်သူရထံမှ သိရသည်။

လက်ရှိ ကုန်ပို့ဆောင်ခနှုန်းထားမှာ ကုန်တင်ယာဉ်ပိုင်ရှင်များအတွက် တွက်ခြေမကိုက်သော်လည်း လုပ်ငန်းရှိပြီး ငွေပေါ်ရန်နှင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ထိန်းထားနိုင်ရန်အတွက် ကုန်သည်များပေးသည့်ဈေးနှင့်သာ ပြေးဆွဲနေရခြင်းဖြစ်ကြောင်း၊ အချို့ကုန်တင်တွဲကားများသာ ပြေးဆွဲနေကြပြီး ထက်ဝက်ခန့်မှာ ကုန်စည်ပို့ဆောင်မှုရပ်နားထားကြောင်း သိရသည်။

"ကုန်မရှိလို့ နားနေကြရတယ်။ ပွင့်လင်းရာသီမှာ တစ်ရက်ကို မန္တလေး-မူဆယ် အတက်အဆင်း အစီးရေ ၂၀၀၀ လောက်ရှိရင် ခုက တစ်ထောင်တောင်မရှိတော့ဘူး။ စက်သုံးဆီဈေးကတက်တဲ့အပြင် ငွေဈေးတွေ တက်တော့ အရောင်းအဝယ်မကောင်းဘူး။ မိုးရာသီဆိုရင် ပုံမှန်လည်း ပို့ဆောင်ရေးထိုင်းတယ်။ ကားအများကြီးရှိတဲ့သူတွေကတော့ ယာဉ်မောင်းနဲ့ စပယ်ယာကို ထိန်းထားရုံ အလုပ်ရှိပြီးရောဆိုပြီး ရတဲ့ဈေးနဲ့သွားနေကြရပြီး ကားနည်းသူတွေကတော့ ရပ်ထားကြတယ်" ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

ကုန်ပို့ဆောင်ခများမှာ ပြီးခဲ့သည့် တစ်လခွဲခန့်က တစ်ပိဿာလျှင် ကျပ် ၇၀ မှ ၈၀ ခန့် ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ၆၅ ကျပ် ဝန်းကျင်ဖြင့်သာ သယ်ပို့နေရကြောင်း၊ ကားတစ်ခေါက်လျှင် အင်ဂျင်ဝိုင်၊ တာယာဖိုး၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အတွက် ကုန်ကျငွေများဖြင့်တွက်ချက်လျှင် ယာဉ်ပိုင်ရှင်များမှာ အရှုံးခံ၍ ပြေးဆွဲနေရကြောင်း သိရသည်။

"ကားခဈေးကောင်းချိန်မှာ ဆီဈေးကဘယ်လောက်ပဲရှိတာ၊ ကားခက ဒီလောက်ယူရသလားဆိုပြီး ပြောကြတယ်၊ ကားတွေ မန္တလေးကထွက်ခွာသွားပြီး နည်းသွားချိန်မှာ ကုန်သည်က သူရောင်းချင်တဲ့နေရာ ကုန်ပစ္စည်းရောက်ဖို့ ကားခဈေးတွေတိုးပေးချိန်ဆိုရင်တော့ ကားခယူကြရတယ်။ မကောင်းခြောက်လ၊ ကောင်းခြောက်လကနေ ခုတော့ လေးလလောက်ပဲ ကောင်းတယ်ပြောရမယ်" ဟု ဆက်လက်ပြောကြားသည်။

ကုန်တင်တွဲကားများ ထွက်ခွာမှုများပြားပြီး မန္တလေးသို့မဟုတ် မူဆယ်၌ ကားအစီးရေနည်း၍ ရှားပါးသွားချိန်တွင် ကုန်သည်များက ၎င်းတို့ကုန်ပစ္စည်းများကို အရေးတကြီးတင်ပို့လိုသည့်အခါ ကုန်တင်ခတိုးပေးတတ်ကြောင်း၊ ပွင့်လင်းရာသီဖြစ်သည့် သင်္ကြန်မတိုင်မီ ကုန်စည်စီးဆင်းမှုကောင်းချိန်တွင် ကုန်တင်ကားများ၊ ကုန်တင်တွဲကားများအနေဖြင့် အလုပ်ဖြစ်ကာ ထိုအချိန်တွင် ကုန်တင်ခများပိုမိုရရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်ခံစားခွင့်ရရန် မိုးနဲမြို့၌ အိမ်တိုင်ရာရောက် စာရင်းကောက်ယူ



**မိုးနဲ အောက်တိုဘာ ၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များတွင်နေထိုင်သော အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအနေဖြင့် သက်ကြီးလူမှုရေးပင်စင်ခံစားခွင့်ရရှိနိုင်စေရန် အိမ်တိုင်ရာရောက် စာရင်းကောက်ယူခြင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးနဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အောက်တိုဘာ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

အိမ်တိုင်ရာရောက် ကွင်းဆင်းစာရင်းကောက်ပေးရာတွင် သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်လျှောက်ထားရန်အတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးနေပြီး ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ဘိုးဘွားရှစ်ဦးအား မှတ်ပုံတင်မိတ္တူများ အိမ်တိုင်ရာရောက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစာရင်းကောက်ယူခြင်းကို မြို့နယ်အတွင်းမှ ကျန်ရှိသော ကျေးရွာ/ကျေးရွာအုပ်စုများသို့လည်း သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြစိုးလှိုင်၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# မိတ္ထီလာမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၅၇၀၀ ကျော် စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၈**
မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သည့် မိတ္ထီလာမြို့နယ်၌ ယခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၅၇၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များရရှိအောင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးများကို ဖြန့်ဝေပေးထားပြီး စနစ်တကျစိုက်ပျိုးနိုင်စေရန်နှင့် အပင်ကြီးထွားရေး၊ ဝါသီးနှံအထွက်နှုန်းကောင်းမွန်ရေးတို့အတွက် မြေသြဇာကို အချိန်ကိုက်နည်းစနစ်ကျစွာ ဖြည့်ဆည်းပေးရန် စံပြကွက်များပြသ၍ နည်းပညာများ ဖြန့်ဝေပေးနေကြောင်း၊ ဝါသီးနှံတွင် ပိုးမွှားကျရောက်မှုကို ကင်းထောက်မှတ်တမ်းများ ကောက်ယူ၍ တွေ့ရှိချက်အပေါ် ပိုးသတ်ဆေးသုံးစွဲရမည့် နှုန်းထားများနှင့် အမျိုးအစားများ စနစ်တကျရှိစေရန် ပညာပေးမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းထံမှ သိရသည်။

အပူပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မိတ္ထီလာမြို့နယ်မှ မိုးကောင်းသောက်လယ်ယာများတွင် ဒေသခံတောင်သူများအနေဖြင့် ယခင်က နှမ်းနှင့် ပဲစင်းငုံကို စိုက်ပျိုးကြသော်လည်း ယခုနောက်ပိုင်းတွင် မိုးရွာသွန်းမှုမမှန်ခြင်း၊ သီးနှံဈေးနှုန်းမကောင်းခြင်းကြောင့် ဈေးကွက်ခိုင်မာသည့် ချည်မျှင်ရှည်ဝါကို အဓိက ပြောင်းလဲစိုက်ပျိုးလာကြရာ ယခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ၅၇၇၈ ဧကအထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် လိန်တောကျေးရွာအုပ်စု၌ မိုးနှောင်းချည်မျှင်ရှည်ဝါ စံပြကွက် ငါးဧက စိုက်ပျိုးထားမှုကိုလည်း နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန (ဝါနှင့် လျှော်မျှင်ဌာန)မှ ညွှန်ကြားရေးမှူး ဦးအောင်မော်က အောက်တိုဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများအား ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအတိုင်း စနစ်တကျစိုက်ပျိုးစေလိုကြောင်းနှင့် ဝါသီးနှံတွင် ပိုးမွှား(စုပ်ပိုး)ကျရောက်မှုကို ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိတ္ထီလာတွင် ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်း ဖွင့်လှစ်ပို့ချ

**မိတ္ထီလာ အောက်တိုဘာ ၈**
လာမည့်နိုဝင်ဘာလ၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၏ မိတ္ထီလာမြို့နယ်အတွင်း ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးများအတွက် ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းကို အောက်တိုဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းထိုက်က သင်တန်းဖွင့်လှစ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြို့နယ်အတွင်းမှ မဲဆန္ဒနယ် ၁၇ ခုဖြစ်သည့် မြို့မ၊ ရတနာမာရ်အောင်၊ အောင်ဇေယျာ၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊အောင်ဆန်း၊နန်းတော်ကုန်း၊ပေါက်ချောင်း၊ပြည်သာယာ(တ)၊ ပြည်သာယာ (မ) စသည့် ရပ်ကွက် ၁၀ ခုနှင့် မကျီးစု၊ ပျဉ်သာ၊ ကျောက်ဖြူကုန်း၊ ညောင်ကိုင်း ၊ ကျောင်းရွာ ၊ ဆည်ကုန်း၊ ရှမ်းတဲကျေးရွာများမှ မဲရုံမှူး၊ ဒုမဲရုံမှူးအဖြစ် တာဝန်ယူမည့်သူများနှင့် ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက် နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ချောင်းဆုံမြို့၌ပြုလုပ်

**ချောင်းဆုံ အောက်တိုဘာ ၈**
နိုင်ငံတကာရှေးဟောင်းသုတေသနနေ့ကို ကြိုဆိုသောအားဖြင့် ရှေးဟောင်းသုတေသနနှင့်ယဉ်ကျေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစံဝင်းနှင့် အဖွဲ့ကကြီးမှူးပြီး မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘိုးနက်ကျေးရွာ ဇေယျဝံသဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်က ပြုလုပ်ခဲ့သည်။

ရှေးဟောင်းသမိုင်းသုတေသနယဉ်ကျေးမှုနှင့် ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်၊ သမိုင်းဝင်မြို့ဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်စေရန်၊ ပျောက်ကွယ်နေသည့် သမိုင်းကြောင်းအထောက်ထားများကို ဖော်ထုတ်၍ ပြည်တွင်း/ပြည်ပ ခရီးသွားများ ပိုမိုစိတ်ဝင်စားမှုရရှိစေရန်နှင့် မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးသူများဖြစ်လာစေရန် ရည်ရွယ်လျက် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ဦးစံဝင်းက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းမှ စိတ်ဝင်စားသူ ၈၀ ခန့် တက်ရောက်ခဲ့ကြပြီး ပထမနေ့တွင် ချောင်းဆုံမြို့နယ်အတွင်းရှိ သမိုင်းဝင်စေတီပုထိုးများနှင့် ရှေးဟောင်းမြို့ရိုးများ၏ သမိုင်းကြောင်းများ၊ ရှေးဟောင်းသုတေသနဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကာ ဒုတိယနေ့တွင် အသင်းများဖွဲ့စည်း၍ မိမိတို့၏ လေ့လာတွေ့ရှိချက်များကို ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

**ကေအေ(ချောင်းဆုံ)**

# လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပုသိမ်မြို့၌ပြုလုပ်

**ပုသိမ် အောက်တိုဘာ ၈**
တရားရေးအရာရှိများအတွက် မျှတသော တရားဝင်ဆိုင်ရာအခွင့်အရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်ခံကျင့်သုံးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNDP တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ အစီအစဉ်ဖြင့် ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး UNDP မှ နည်းပြတစ်ဦးက ဆွေးနွေးပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး လေ့ကျင့်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးမှ တရားရေးအရာရှိများ၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ သင်တန်းသား သင်တန်းသူများ ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ရည်မှန်းချက်ဖြစ်သည့် လူတိုင်းသို့ အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု စိတ်ချယုံကြည်မှုရှိရန်နှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်ဟူသောအချက်နှင့် ဆက်စပ်လျက် တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် ရည်ရွယ်လျက် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# သထုံ၌ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကွန်ကရစ်လမ်းသစ်ဖွင့်

**သထုံ အောက်တိုဘာ ၈**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အရ သထုံမြို့နယ် ဂေါ့တောရကျေးရွာ၌ နိုင်ငံတော်မှထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နှင့် ဒေသခံပြည်သူများထည့်ဝင် ငွေကျပ် ၃၄ သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းသစ်ကို အောက်တိုဘာ ပထမပတ်အတွင်းက ဖွင့်လှစ်ခဲ့သည်။ လမ်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်နိုင်ဦးတို့က ဖွင့်လှစ်ခဲ့ပြီး အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ပေ ၆၄၀ နှင့် အကျယ် ၁၀ ပေရှိကြောင်း သိရသည်။

**ဗထူး**

# တရုတ်-မြန်မာလမ်းမကြီး နှစ် ၈၀ ပြည့် ဆွေးနွေးပွဲပြုလုပ်

**မူဆယ် အောက်တိုဘာ ၈**
တရုတ်-မြန်မာလမ်းမကြီး ဖွင့်လှစ်ခဲ့သည့် နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဆွေးနွေးပွဲတစ်ရပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်-မြန်မာနယ်စပ် ရွှေလီမြို့ရှိ ကျင်းချိန့်မြေအောက်ရေပူစမ်းဟိုတယ်ခန်းမ၌ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ တရုတ်နိုင်ငံဘက်မှ ရွှေလီမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘက်မှ မူဆယ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တရုတ်-မြန်မာလမ်းမကြီးနှင့် ပတ်သက်သည့် သမိုင်းကြောင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပရာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကျေးလက်ဖွံ့ဖြိုးမှုတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် မစ္စတာလိစန်က တရုတ်-မြန်မာလမ်းမကြီးအကြောင်းနှင့် နှစ်နိုင်ငံနှင့် ပတ်သက်သော အထိမ်းအမှတ် တရုတ်စာလက်ရေးသရုပ်ပြမှုကိုရှင်းလင်းပြီး ပညာရှင်များက လမ်းမကြီးအကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမှ မူဆယ်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ရွှေညာသားမြတ်မင်း၊ နမ့်ခမ်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဉာဏ်မင်း(နမ့်ခမ်း)၊ စာရေးဆရာသန်းတင်(၁၀၅မြေ)တို့က တရုတ်-မြန်မာလမ်းမကြီး၏ သမိုင်းကြောင်းကို မှတ်တမ်းပုံများ၊ မြေပုံအထောက်အထားများနှင့်တကွ ပြုစုထားသောစာတမ်းကို ဖတ်ကြားခဲ့ကြသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# လှမ်းလာဖို့ဖိတ်ခေါ် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီပွဲတော်

နေမျိုးသူရိန်



မြန်မာနိုင်ငံရှိ ထင်ရှားသည့် ပွဲတော်များအနက် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီပူဇော်ခံပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်အထိ နမ့်ဟူးရွာ ရတနာစံကျောင်းတော်မှ ကရဝိက်ဖောင်ဖြင့်ပင့်ဆောင်ကာ အင်းဝဲယာတစ်လျှောက် နေရာဌာန ၂၁ ဌာနသို့ ၁၈ ရက်တိုင်တိုင် ဒေသစာရီလှည့်လည် ပူဇော်ခံပါသည်။ ကရဝိက်ဖောင်တော်တွင် ဘုရားရုပ်ပွားတော်များကို ပင့်ဆောင်လျက် အင်းလေးဒေသရှိ ဘုရားကြွချီ ရာ နေရာဒေသအသီးသီးမှ ရိုးရာဆွဲလှေကြီးများဖြင့် တက်ညီလက်ညီ စုပေါင်းလှော်ခတ်ကာ ပင့်ဆောင်ပူဇော်ကြပါသည်။

**ရုပ်ပွားတော်မြတ်ငါးဆူ ဖူးမြော်**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွား ဆင်းတုတော်ကို သရက္ခန်သားဖြင့် ထုထားသည့် ဆင်းတုတော်ဖြစ်ကြောင်း သိရပါသည်။ အင်းလေးဖောင်တော်ဦးဘုရားသမိုင်းနှင့် ပတ်သက်၍ သက္ကရာဇ် ၇၂၁ ခုနှစ်တွင် ညောင်ရွှေမြို့ကို တည်ထောင်ခဲ့သော စော်ဘွားကြီး ဆီဆိုင်ဖ လက်ထက် ယခု သန်းတောင်ဘုရားနယ်မြေအတွင်း တစ်ခုသောနေရာတွင် တောချုံပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းကွယ်ပျောက်လျက်ရှိသော လိုဏ်ဂူအတွင်းမှ ဘုရားဓာတ်တော် မွေတော်များ ရောင်ခြည်တော် ကွန့်မြူးသည်ကို သန်းတောင်နယ်သားတို့ ဖူးမြင်တွေ့ရှိသဖြင့် စော်ဘွားကြီးထံ သံတော်ဦးတင်ခဲ့ကြောင်း၊ စော်ဘွားကြီးမှ အဆိုပါ မြက်ချုံပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင်စေပြီး ထိုလိုဏ်ဂူကို တူးဖော်ခဲ့ရာ ဘုရားရှင်၏ ရုပ်ပွားတော်မြတ် ငါးဆူကို ဖူးမြင်တွေ့ရှိရကြောင်း။

စော်ဘွားကြီး ဆီဆိုင်ဖသည် ရုပ်ပွားတော်မြတ် ငါးဆူကို ညောင်ရွှေမြို့သို့ ပင့်ဆောင်ပြီးလျှင် ဟော်နန်းတော်ဦး ပြာသာဒ်ပေါ်တွင် ကိုးကွယ်ထားတော်မူပြီး နှစ်စဉ် သီတင်းကျွတ်လဆန်း ၇ ရက်နေ့ရောက်သောအခါ ဟော်နန်းတော်ဦးမှ အောက်သို့ ပင့်ဆောင်ပြီး၍ ပြည်သူ ပြည်သားတို့ ဖူးမြော်ရန် ပူဇော်ခံပွဲသဘင် ဆင်ယင်ကျင်းပကြောင်း၊ သက္ကရာဇ် ၉၇၇ ခုနှစ်တွင် အမျိုးသမီး စော်ဘွား စဝ်နန်းဖဲလက်ထက်တွင် အခြားသော ထိပါးတိုက်ခိုက် နှောင့်ယှက်မှုများကြောင့် ဖောင်တော်ဦးရုပ်ပွားတော်မြတ် ငါးဆူကို စစ်ဘေးစစ်ဒဏ်ရန် အန္တရာယ်ကင်းသည့် အင်းလေးကန်၏ အနောက်တောင်ဘက် တောင်ခြေရင်းရှိ အင်းတိမ်ဒေသ သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ သီတင်းကျွတ်လဆန်း ၇ ရက် ရောက်တိုင်း ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များကို ညောင်ရွှေမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၁၃၃ ခုနှစ်တွင် အင်းတိမ်ဒေသရှိ ဖောင်တော်ဦးကျောင်းတော် မီးသင့်လောင်သဖြင့် ရွာကြီးဘန်းပုံအရပ်သို့ ကျောင်းတော်ပြောင်းရွှေ့ခဲ့ကြောင်း၊ ၎င်းနောက် သက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် နမ့်ဟူးရွာကျောင်းတော်သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ် ငါးဆူအနက် မြတ်စွာဘုရားရှင်၏ ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ငါးအင်မာရ်ယုတ် ရန်ခလုတ်ကို ခေးတုတ်မဆောင် အောင်မြင်တော်မူဟန် ပုံသဏ္ဍာန်ထုလုပ်သည့် ဗောဓိရိုးရုပ်ပွားတော် သုံးဆူနှင့် ခီဏာဝသ ရဟန္တာ ပုံသဏ္ဍာန်ထုလုပ်သည့် ရဟန္တာရုပ်ပွားတော် နှစ်ဆူဖြစ်၍ ဓာတ်တော်များ သွင်းနှံ့ဌာပနာထားသည်ဟု အဆိုရှိကြောင်း အင်းလေးဖောင်တော်ဦးဘုရားသမိုင်းမှတ်တမ်းအရ သိရသည်။

**ရတနာစံကျောင်းသို့ ပြန်လည်ကြွချီတော်မူမည်**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် သီတင်းကျွတ်လဆန်း ၁ ရက်တွင် အင်းတိမ်ကြေးပေါ်ခုံကျောင်း၊ လဆန်း ၂ ရက်တွင် အင်းတိမ်ကျောင်းနှင့် ဟဲယာရွာမကျောင်း၊ လဆန်း ၃ ရက်တွင် ဟဲယာရွာမကျောင်း၊ လဆန်း ၄ ရက်တွင် ငါးဖယ်ချောင်းကျောင်း၊ လဆန်း ၅ ရက်တွင် ကြေးစားကျောင်း၊ လဆန်း ၆ ရက်တွင် ပွဲစားကုန်းကျောင်းနှင့် လင်းကင်းကျောင်း၊ လဆန်း ၇ ရက်မှ ၉ ရက်အထိ ညောင်ရွှေမြို့ရှိ အဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်၊ လဆန်း ၁၀ ရက်တွင် နန်းသဲကျောင်းနှင့် မိုင်းသောက်ကျောင်း၊ လဆန်း ၁၁ ရက်တွင် သလဲဦးကျောင်း၊ လဆန်း ၁၂ ရက်တွင် ကေလာကျောင်းနှင့် ဇရပ်ကြီးကျောင်း၊ လဆန်း ၁၃ ရက်တွင် အလိုတော်ပေါက် တောင်ကျောင်းနှင့် နမ့်ပန်ကျောင်း၊ လဆန်း ၁၄ ရက်တွင် မန်ကျည်းဆိပ်ကျောင်းနှင့် ကျိုင်းခမ်းကျောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် မိုင်းပျိုးကျောင်း၊ လပြည့်ကျော် ၁ ရက်တွင် နောင်တောကျောင်း၊ လပြည့်ကျော် ၂ ရက်တွင် အင်းပေါ်ခုံကျောင်းနှင့် ရေသာကျောင်းတို့တွင် ကိန်းဝပ်စံပယ် ပူဇော်ခံပြီး လပြည့်ကျော် ၃ ရက်တွင် မူလသီတင်းသုံးရာ ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွချီတော်မူမည် ဖြစ်သည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ရောက်ရှိမည့် သီတင်းကျွတ်လဆန်း ၇ ရက် (အောက်တိုဘာ ၁၆ ရက်)နှင့် ရတနာစံကျောင်းတော်သို့ ပြန်လည်ဝင်ရောက်မည့် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၂၇ ရက်)တို့တွင် အင်းသားတိုင်းရင်းသားတို့၏ ခြေထောက်ဖြင့်လှော်ခတ်ပြီး ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးပြသသည့် အင်းသားရိုးရာ အမျိုးသားရာကျော်လှေပြိုင်ပွဲ၊ အမျိုးသားလေးကျိပ် ခြောက်တက် (၄၆ ယောက်)လှေပြိုင်ပွဲ၊ အမျိုးသမီး နှစ်ကျိပ်ခြောက်တက် (၂၆ ယောက်)လှေပြိုင်ပွဲနှင့် အမျိုးသားတစ်ဦးချင်းလှေပြိုင်ပွဲများကို ကျင်းပသွားမည် ဖြစ်ပါသည်။

**လှေလှော်ခတ်သရုပ်ပြ**

ထို့အပြင် ဟဲယာရွာမကျေးရွာနှင့် အင်းပေါ်ခုံကျေးရွာတို့မှ ဘုရားကြို ယဉ်ကျေးမှုလှေယာဉ်မှလည်း ရိုးရာခလေ့ဖြင့် စည်းချက်ကျစွာ လှော်ခတ်ပြီး လှေတော်သံ တေးကဗျာများကို သီဆိုတီးမှုတ်ကာ ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကို ကြည်ညိုပူဇော်ခြင်း၊ အင်းသူအင်းသားတို့၏ ဘုရားသို့ လှေဖြင့် ဆွမ်းကပ်လှူရန် သွားရောက်ကြပုံကို ခြေတစ်ဖက်ဖြင့် သရုပ်ဖော်လှော်ခတ်သည့် ရိုးရာဆွမ်းပို့ လှေလှော်ခတ်မှုကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ဂုဏ်ယူမြတ်နိုးဖွယ် ကြည်ညိုစရာကောင်းသည့် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီ ပူဇော်ခံပွဲတော်ကြီးတွင် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကို လာရောက်ဖူးမြော် ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖိတ်ခေါ်ရေးသားလိုက်ရသည်။ ။

---

## ရွှေတိဂုံပုံတူ အဘယလာဘသုခစေတီ ရွှေထီးတော်တင်မည်

**နွားထိုးကြီး အောက်တိုဘာ ၈**

နွားထိုးကြီးမြို့၏ ကျက်သရေဆောင် တစ်ခုဖြစ်လာမည့် ရှင်ပင်သာဒွန်းဦးဘုရား အရှေ့ဘက် အောင်ဗောဓိ သာသနာ့မြေတွင် ရွှေတိဂုံပုံတူ အဘယလာဘသုခ စေတီတော်မြတ်ကြီးအား ဌာပနာသွင်း၊ ရွှေထီးတော်တင်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် အထွတ်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပရေးအတွက် ရှင်ပင်သာဒွန်းဦးဘုရား နောင်တော်ကြီး အာရုံခံတန်ဆောင်း၌ ဂေါပကအဖွဲ့နှင့် မြို့မိ မြို့ဖများ အောက်တိုဘာ ၆ ရက်က ပထမအကြိမ် ကြိုတင်ညှိနှိုင်းပွဲ ကျင်းပသည်။



ရှေးဦးစွာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထိုက်က ဌာပနာသွင်း ရွှေထီးတော်တင်ပွဲ စည်ကားသိုက်မြိုက်ရေး၊ တာဝန်ခွဲဝေယူကြရန် မှာကြားသည်။ ဆက်လက်၍ ဘုရားဒါယကာ ဦးကျော်စိန်၊ အလှူရှင် ဦးနိုင်ဦးတို့က စေတီတော် ၈၀ ရာခိုင်နှုန်းပြီးစီးမှုနှင့် စည်ကားစွာ ကျင်းပရေး မြို့ခံတို့က ဝိုင်းဝန်းကူညီကြရန် တင်ပြကြသည်။

စေတီတော်ထီးတော်တင်ပွဲ စည်ကားရေးအတွက် ဘာသာရေးကျွမ်းကျင်သူများ၊ မြို့မိ မြို့ဖများ၊ ပရဟိတအသင်းအဖွဲ့များက အတွေ့အကြုံများကို တင်ပြကြသည်။ ရွှေတိဂုံပုံတူ ၁၈ တောင်ပြည့် စေတီတော်မှာ နွားထိုးကြီးမြို့ပေါ်တွင် ပထမဦးဆုံး တည်ထားသော စေတီဖြစ်ပြီး အလှူရှင် ဦးကျော်စိန်- ဒေါ်မန်းနှင့် မြို့ခံတို့ အများစုပေါင်း ပါဝင်သော စေတီဖြစ်သည်။

**ဒွေးမြင့်မောင်**

---

## မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး မြန်မာက ထိုင်းကို နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အောင်မြင်မှုရရှိ

**မန္တလေး အောက်တိုဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Lethwei Nation Modern Myanmar Synergy H&S Group နှင့် ဆရာဒဿတို့က ပူးပေါင်းစီစဉ်သည့် Lethwei Nation Championship (မြန်မာနှင့် ထိုင်း အထူးစိန်ခေါ်ထိုးသတ်ပွဲ)ကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဒိုင်းမွန်း ပလာဇာ - ငါးလွှာ၌ ကျင်းပခဲ့သည်။

